ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့်အတူနေရခြင်းသည် ရန်သူနှင့်အတူနေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့်အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 24 May 2017 (၈၉၃၄)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ(ဒုတိယအစည်းအဝေး)အား ဂုဏ်ပြုပါ၏

## နိုင်ငံသားအကျဉ်းသား ၁၈၆ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၈ / ၂၀၁၇
၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၂၃ ရက်)
ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကြိုဆိုသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကိုနားလည်ပြီး မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးအတွက် အများပြည်သူနှင့်အတူ တာဝန်ထမ်းဆောင်နိုင်စေရေးအတွက်လည်းကောင်း၊ လူမှုရေးအရငဲ့ညှာသောအားဖြင့်လည်းကောင်း နိုင်ငံတော် သမ္မတသည် အကျဉ်းထောင်အသီးသီးတွင် အကျဉ်းကျခံနေသော နိုင်ငံသားအကျဉ်းသား ၁၈၆ ဦးအား ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က)အရ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံခြားသားအကျဉ်းသား ၇၃ ဦးအား ပြည်နှင်ဒဏ်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၉/ ၂၀၁၇
၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၂၃ ရက်)
ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကြိုဆိုသောအားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်အသီးသီး တွင် အကျဉ်းကျခံနေသော နိုင်ငံခြားသားအကျဉ်းသား ၇၃ ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က)အရ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ရေပေးဝေရေး စီမံကိန်းများချမှတ်ကာ မြေအောက်ရေသုံးစွဲမှုကို လျော့ကျလာစေရန် လုပ်ဆောင်သွားမည် စာမျက်နှာ » ၂

မြကျွန်းသာအပန်းဖြေဥယျာဉ်နှင့် ပတ်သက်၍ Master Plan ရေးဆွဲ၊ စာချုပ်ပါအချက်အလက်နှင့်ကွဲလွဲသည့်အဆောက်အအုံများ ပြန်ဖျက်ရမည် စာမျက်နှာ » ၅

၂၁-ရာစု ပင်လုံညီလာခံကြီးထဲမှ ပင်လုံစိတ်ဓာတ်ရှိကြသူတိုင်းကို "ယုံတယ်၊ လေးစားတယ်၊ မြတ်နိုးတယ်" ကဗျာ စာမျက်နှာ » ၆

# ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Stein Hansen က ၎င်း၏ကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်စဉ်။

**နေပြည်တော် မေ ၂၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(ယူနီဒို)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Stein Hansen သည် ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံပြီး ၎င်း၏ဌာနေကိုယ်စားလှယ်ခန့်အပ်လွှာကို ပေးအပ်သည်။

ခန့်အပ်လွှာပေးအပ်စဉ်အတွင်း ယူနီဒိုအဖွဲ့က မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် အစိမ်းရောင်အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရေး စသည့် ကဏ္ဍများအပါအဝင် မြန်မာနိုင်ငံနှင့် ယူနီဒိုတို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



ကြေးမုံ

# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု

(၂၀)ရာစုပင်လုံညီလာခံသည် လွတ်လပ်ရေးရရှိရန်အတွက် တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုကို ပြသခဲ့သည့် အစည်းအဝေးဖြစ်သည်။ တစ်နည်းဆိုသော် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန်အတွက် (၂၀)ရာစုပင်လုံညီလာခံမှ အစပြုခဲ့ခြင်းဖြစ်သည်။

မျက်မှောက်ကာလတွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်တည်လာရန် တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်နေကြသည်။ မျှော်လင့်ထားသည့်အတိုင်း ဖြစ်တည်လာရန်အတွက် (၂၀)ရာစုပင်လုံညီလာခံနှင့် အလားတူသည့် (၂၁)ရာစုပင်လုံညီလာခံကြီးကို ကျင်းပခဲ့ရာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ပထမအကြိမ်အစည်းအဝေးကို ကျင်းပခဲ့ပြီးနောက် ယခုဒုတိယအကြိမ်အစည်းအဝေးကို စတင်ကျင်းပနေပြီဖြစ်သည်။

(၂၀)ရာစုပင်လုံ အစည်းအဝေးကျင်းပခဲ့စဉ်က ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် ပင်လုံမြို့လေးတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တိုင်းရင်းသားခေါင်းဆောင်များအားလုံး စည်းလုံးညီညွတ်ကြောင်း တညီတညွတ်တည်း သဘောတူဆုံးဖြတ်ကာ လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့သောကြောင့် ပင်လုံစာချုပ်ဟူသည့် သမိုင်းမှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့သည်သာမက လုံးဝလွတ်လပ်သော နိုင်ငံအဖြစ်သို့လည်း အရောက်ပို့ဆောင်ပေးနိုင်ခဲ့သည်။

(၂၁)ရာစုပင်လုံအစည်းအဝေးကို မျက်မှောက်ကာလတွင် ကျင်းပရသည်မှာ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဒဏ်ကြောင့် တိုင်းပြည်ခေတ်နောက်ကျကျန်ခဲ့ရမှု၊ တောင်တန်းပြည်မ ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးမှု အတူတကွရနိုင်မှုတို့၏ အဓိကအကြောင်းတရားဖြစ်သည့် ငြိမ်းချမ်းရေးကို မဖြစ်မနေရရှိရန်အတွက် တိုင်းရင်းသားများအားလုံး ပွင့်ပွင့်လင်းလင်း၊ ရင်းရင်းနှီးနှီး၊ တန်းတူရည်တူ စုပေါင်းဆွေးနွေးအဖြေရှာနေကြခြင်းဖြစ်သည်။

(၂၀)ရာစုပင်လုံညီလာခံကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ကာ နိုင်ငံရေးနှင့် တိုင်းရင်းသားရေးခေါင်းဆောင်များအားလုံးက တောင်တန်းမြေပြန့်မကွဲပြားဘဲ တစုတစည်းတည်း စည်းလုံးညီညွတ်ကြပါကြောင်း လက်တွေ့ပြသကြသဖြင့် နယ်ချဲ့အင်္ဂလိပ်တို့က လုံးဝလွတ်လပ်သော နိုင်ငံအဖြစ်သို့ ပြန်လည်ပေးအပ်ခဲ့သည့် အကျိုးရလဒ်များရရှိခဲ့သည်။ ဤသည်မှာ ဗိုလ်ချုပ်အောင်ဆန်းအပေါ် တိုင်းရင်းသားပြည်သူများအားလုံး၏ ချစ်ကြည်မှု၊ ယုံကြည်မှု၊ အားကိုးမှု၊ အလေးထားမှု အကျိုးဆက်များပင်ဖြစ်သည်။

မျက်မှောက်ကာလတွင် (၂၁)ရာစုပင်လုံညီလာခံကို ပြည်သူလူထုခေါင်းဆောင်ဖြစ်သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်ကာ တိုင်းရင်းသားခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှခေါင်းဆောင်များ၊ ကိုယ်စားလှယ်များသာမက လူထုလူတန်းစားကိုယ်စားလှယ်များပါမကျန် တစုတဝေးတည်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာနေကြသည်။

ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြည်လုံးဝလွတ်လပ်သောနိုင်ငံအဖြစ်သို့ တိုင်းရင်းသားပြည်နယ်များနှင့် အတူရရှိအောင်(၂၀)ရာစုပင်လုံညီလာခံကျင်းပကာ ကြိုးပမ်းဆောင်ရွက်ခဲ့သလို မျက်မှောက်ကာလတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ကာ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ခေါင်းဆောင်များနှင့်အတူ ပြည်သူအားလုံး မျှော်လင့်စောင့်စားနေသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာအောင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်အောင်၊ စစ်မှန်သောထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်နေပါသည်။

ထို(၂၀)ရာစုနှင့် (၂၁)ရာစု ငြိမ်းချမ်းရေးညီလာခံ၊ ပင်လုံညီလာခံကျင်းပခဲ့ရခြင်း၏ရည်ရွယ်ချက်မှာ တစ်တိုင်းပြည်လုံးအရေးဖြစ်၍ အလေးအနက်ထားရမည့် တူညီသည့်ရည်ရွယ်ချက်ဖြစ်ပေသည်။ (၂၀)ရာစုသည် တောင်တန်းမြေပြန့်မခွဲခြားဘဲ လုံးဝလွတ်လပ်သော နိုင်ငံဖြစ်တည်လာရေးကိုရည်မှန်းပြီး (၂၁)ရာစု ပင်လုံညီလာခံသည် တစ်တိုင်းပြည်လုံး လုံးဝငြိမ်းချမ်းပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးကို ရည်မှန်းထားပေသည်။

ထို့ကြောင့် (၂၀)ရာစုပင်လုံညီလာခံကို အကြောင်းပြုသော၊ အခြေခံသော၊ တူညီသည့်ရည်မှန်းချက်၊ မျှော်မှန်းချက်ဖြစ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ အောင်မြင်စေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံး တစ်စိတ်တစ်ဝမ်းတည်း ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ
(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)

Union Peace Conference - 21st Century Panglong
(Second Session)

၂၄ - ၅ - ၂၀၁၇ နေပြည်တော်

Union Peace Conference - 21st Century Panglong - second session

## ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ရေပေးဝေရေးစီမံကိန်းများချမှတ်ကာ မြေအောက်ရေသုံးစွဲမှုကို လျှော့ကျလာစေရန် လုပ်ဆောင်သွားမည်

**ရန်ကုန် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ရေပေးဝေရေးစီမံကိန်းများ ချမှတ်ကာ မြေအောက်ရေသုံးစွဲမှုကို လျှော့ကျလာစေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောသည်။

ယနေ့ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှငွေး၏ ရန်ကုန်တိုင်းဒေသကြီးအတွင်း တိုးပွားလာမည့် လူနေအဆောက်အအုံများအတွက် လျှပ်စစ်မီးရရှိရန်နှင့် ရေသုံးစွဲမှုနှင့်ပတ်သက်သည့် မေးခွန်းကို ပြန်လည်ဖြေကြားရာတွင် ၎င်းက ယင်းကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ၆၀ ရာခိုင်နှုန်းကို လှော်ကား၊ ဖူးကြီး၊ ဂျိုးဖြူ၊ ငမိုးရိပ် စသည့်ရေလှောင်ကန်များမှတစ်ဆင့် တစ်ရက်လျှင် ရေဂါလန် ၂၀၅ သန်းခန့် ရေပေးဝေလျက်ရှိကြောင်း သိရသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ၂၀၄၀ ခုနှစ်တွင် ရန်ကုန်မြို့၌ တိုးတက်လာမည့်လူဦးရေနှင့်အညီ ရေပေးဝေနိုင်ရန်အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့်အတူ သက်ဆိုင်ရာဌာနများအပြင် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

"ရေပေးဝေရေးအပြင် ရေဖြန့်ဖြူးရေးပိုက်လိုင်းများ ခေတ်နဲ့အညီဖြစ်အောင် လုပ်ဆောင်နေပါတယ်။ ရေစုကန်များကို ဇွန် ၁၀ နေရာသတ်မှတ်ပြီး စီမံကိန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းများ အကောင်အထည်ဖော်ဖို့ လိုအပ်တဲ့ ချေးငွေများရဖို့ကိုလည်း ဆောင်ရွက်နေပါတယ်"ဟု မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောသည်။

တစ်ရက်လျှင် ရေဂါလန် သန်း ၄၀ ပေးဝေနိုင်မည့် လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ JICA နှင့် သက်ဆိုင်ရာတာဝန်ရှိသူတို့ ပူးပေါင်းကာ ၂၀၁၃ ခုနှစ်တွင် စတင်ဆောက်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်းမှာ လက်ရှိအချိန်တွင် ၉၈ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ လဂွန်းပြင်ရေပေးဝေရေး စီမံကိန်းမှာ ၂၀၂၀ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ပြီး သီလဝါအထူးစီးပွားရေးဇုန်သို့ နေ့စဉ်ရေဂါလန် ၁၀ သန်း၊ သာကေတ၊ ဒေါပုံနှင့် ဒဂုံမြို့သစ်မြို့နယ်များသို့ နေ့စဉ်ရေဂါလန် သန်း ၃၀ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တစ်ရက်လျှင် ရေဂါလန်သန်း ၂၄၀ ထုတ်ယူသုံးစွဲနိုင်မည့် ကုက္ကိုလ်ဝမြစ်၏ ရေအရည်အသွေး၊ ပင်လယ်ရေငန်ဝင်ရောက်မှု စသည့်အချက်များကို စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း၊ ပထမအဆင့်အဖြစ် စီမံကိန်းဧရိယာများကို သဲဖို့ခြင်း၊ မြေဖို့ခြင်း၊ ဓာတ်အားလိုင်းသွယ်တန်းခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကုက္ကိုလ်ဝမြစ်စီမံကိန်း ပထမအဆင့်ပြီးစီးပါက တစ်ရက်လျှင် ရေဂါလန် သန်း ၆၀ ပေးဝေနိုင်မည်ဖြစ်သည့်အပြင် ဒုတိယအဆင့်ပြီးစီးပါက တစ်ရက်လျှင် ရေဂါလန် သန်း ၆၀ နှင့် တတိယအဆင့်ပြီးစီးပါက တစ်ရက်လျှင် ရေဂါလန် သန်း ၁၂၀ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ စီမံကိန်းများမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းအတွင်းရှိ မြို့နယ်များကို ၂၀၂၅ ခုနှစ်တွင် ရေပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။ ယင်းစီမံကိန်းများအပြင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းရှိ တိုးမြစ်မှ နေ့စဉ် ရေဂါလန် သန်း ၇၀ ထုတ်ယူသုံးစွဲနိုင်ရန် စီမံကိန်းရေးဆွဲထားကြောင်း သိရသည်။ **ဇော်ကြီး(ပဏီတ)**

## ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့မှ ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်

**ကျိုက်ထို မေ ၂၃**

ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့မှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၂၁ ရက်က ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ရဲတပ်ဖွဲ့ဝင်များ၏ သား၊ သမီး ၅၄ ဦးအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်သိန်းဦးနှင့် ဇနီး ဒေါ်စန်းစန်းဝင်းတို့က ပညာသင်ထောက်ပံ့ငွေ၊ ဗလာစာအုပ်များနှင့် ဘောပင်၊ ခဲတံများကို ပေးအပ်ခဲ့သည်။

တက္ကသိုလ်အဆင့်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၊ အထက်တန်းအဆင့်တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၊ အလယ်တန်းအဆင့်တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၊ မူလတန်းအဆင့်တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ နှင့်အတူ ကျောင်းသုံးပစ္စည်းများ စုစုပေါင်းငွေကျပ် ၄၈၉၅၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၃**

ရန်ကုန်(ရွှေဈေး) ၉၀၈၀၀၀ - ၉၀၈၀၀၀၊ မန္တလေး(ရွှေဈေး) ၉၀၈၀၀၀ - ၉၀၈၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၁၀/၇၂၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၃၅/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၀/၇၁၀ ကျပ်၊ | ၇၄၀/၇၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၈/၆၇၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၅၅/၆၆၀ ကျပ်

**၁၆-၅-၂၀၁၇ ရက်နေ့မှ ၂၂-၅-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၄၄ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၆၇၄ ကျပ်၊ ဒီဇယ် တစ်လီတာ ၆၄၁ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၅၀ ကျပ် ဖြစ်ပါသည်။** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၃၄. ၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၈. ၂၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၉. ၇၆၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၇. ၇၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၆၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၈. ၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂. ၁၃ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၉. ၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၄. ၆၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ



## အီတလီ-မြန်မာ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၂၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး H.E. Mr. Pier Gior gio ALIBERTI အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အီတလီ-မြန်မာ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆွီဒင်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆွီဒင်သံအမတ်ကြီး H.E. Ms. Annika Mariana Elisabet Rachel Ben David နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူ့အခွင့်အရေးအထောက်အကူပြု ဥပဒေများရေးဆွဲနေမှုအခြေအနေများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



## မြန်မာ၊ ဘရာဇီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုမြှင့်တင်ရေးဆွေးနွေး



**နေပြည်တော် မေ ၂၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဘရာဇီးနိုင်ငံ သံအမတ်ကြီး H.E. Mr. Antonio J.M. de Souza e Silva အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ၊ ဘရာဇီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့များ လာရောက်ရေးနှင့် ဆက်ဆံမှုမြှင့်တင်ရေး၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များစွာတွင် နည်းလမ်းရှာဖွေ၍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မွန်းလွဲ ၂ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းကော်ရှန်းနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာစေရေး၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးအား ယင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် မင်္ဂလာဒုံမြို့နယ် တရားရုံးအား စစ်ဆေး

**ရန်ကုန် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေသည် တရားသူကြီးချုပ်ရုံး၊ ရုံးအဖွဲ့မှူးနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် တရားသူကြီးတို့ လိုက်ပါလျက် မေ ၂၁ ရက် မွန်းလွဲပိုင်းက မင်္ဂလာဒုံမြို့နယ် တရားရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကြန့်ကြာမှုခင်းများ အမြန်ပြီးပြတ်ရေး၊ မှုခင်းလက်ကျန်များ လျော့နည်းကျဆင်းရေး၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းရေးတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိများအား မှာကြားသည်။

ထို့နောက် မင်္ဂလာဒုံမြို့မရဲစခန်းအချုပ်ခန်းကို သွားရောက်ကြည့်ရှုပြီး အချုပ်ခန်းသန့်ရှင်းမှု၊ လုံခြုံမှု၊ အချုပ်သားများ ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိခံစားနိုင်ရေးအခြေအနေတို့နှင့်စပ်လျဉ်း၍ အချုပ်သားများ၊ ရဲစခန်းတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

# မန်ချက်စတာမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် လူ ၂၂ ဦးသေဆုံး

**မန်ချက်စတာ မေ ၂၃**
ဗြိတိန်နိုင်ငံ မန်ချက်စတာမြို့ ဂီတဖျော်ဖြေပွဲတစ်ခုတွင် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုဟု ယူဆရသည့် ပေါက်ကွဲမှုတစ်ခုကြောင့် လူ ၂၂ ဦးသေဆုံးပြီး ၅၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲမှုမှာ မန်ချက်စတာအားကစားကွင်းတွင် တနင်္လာနေ့ညက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ အားကစားကွင်းတွင် အမေရိကန်ပေါ့ပ်အဆိုတော် အရီရာနာဂရန်း ဖျော်ဖြေတင်ဆက်နေခြင်းဖြစ်ပြီး သူကတော့ ထိခိုက်ဒဏ်ရာမရရှိခဲ့ပေ။

အမျိုးသားတစ်ဦးက ဖောက်ခွဲရေးကိရိယာတစ်ခုဖြင့် ဖောက်ခွဲပြီး သေဆုံးသွားခြင်းဖြစ်ဖွယ်ရှိသည်ဟု ရဲတပ်ဖွဲ့က ယူဆသည်။

ဝန်ကြီးချုပ် ထရီစာမေက အဆိုပါ တိုက်ခိုက်မှုသည် အံ့ဩထိတ်လန့်စရာကောင်းသည့် အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုဖြစ်ပြီး တာဝန်ရှိသူများက အသေးစိတ်စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားသည်။

ပေါက်ကွဲမှုသည် အားကစားကွင်းဝင်ပေါက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသော်လည်း မျက်မြင်တွေ့ရှိသူများက ဂီတဖျော်ဖြေပွဲပြီးနောက် လူများထွက်လာချိန်အပြင်ဘက်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ပြောကြားသည်။ ပေါက်ကွဲမှုဖြစ်ပွားသည့် နေရာကို ရိုက်ကူးထားသည့် ဗီဒီယိုပြကွက်များတွင် လူများက အော်ဟစ်ပြီး လွတ်ရာလွတ်ကြောင်း ထွက်ပြေးရန် ကြိုးစားနေကြသည်။

**အင်န်အိတ်ချ်ကေ။**

■



# နေတိုး၌ မွန်တီနီဂရိုးအဖွဲ့ဝင်ဖြစ်လာပါက ရုရှားနှင့်ခွာပြဲမှု ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်

**ဘူဒါဗာ (မွန်တီနီဂရိုး) မေ ၂၃**
ယူဂိုဆလပ် သမ္မတနိုင်ငံဟောင်းဖြစ်သော မွန်တီနီဂရိုးနိုင်ငံငယ်လေးသည် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)၏ ၂၉ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခွင့်ရရှိတော့မည်ဖြစ်ရာ အနောက်အုပ်စုနှင့် ပေါင်းစည်းရန် ဦးတည်လျက်ရှိကြောင်း၊ သို့ရာတွင် မွန်တီနီဂရိုးနိုင်ငံအနေဖြင့် ရုရှားနိုင်ငံနှင့် ခွာပြဲမှုကြောင့် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

မွန်တီနီဂရိုးနိုင်ငံသည် ၂၀၀၆ ခုနှစ်တွင် ဆာဘီးယားမှ ခွဲထွက်ခဲ့ပြီးနောက် ဆယ်စုနှစ်တစ်စုနီးပါး ကြာမြင့်ချိန်တွင် ရုရှားနိုင်ငံနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်လာခဲ့သည်။ ရုရှားကမ္ဘာလှည့်ခရီးသည်များက မွန်တီနီဂရိုးနိုင်ငံငယ်လေး၏ စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူပြုခဲ့သည်။

ဆလပ်မျိုးနွယ်တို့နေထိုင်ရာ မွန်တီနီဂရိုးနှင့် ရုရှားတို့အကြား ကူးသန်းရောင်းဝယ်ရေးနှင့် သံတမန်ရေးအရ သာမက သမိုင်းကြောင်း၊ ဘာသာရေးနှင့် ဘာသာစကားတို့အရပါ ဆက်နွယ်မှုများရှိခဲ့ကာ ဆက်ဆံရေးတိုးတက်ခဲ့ကြသည်။

မွန်တီနီဂရိုးသည် ၂၀၀၆ ခုနှစ်တွင် ဆာဘီးယားမှ ခွဲထွက်ခဲ့ပြီးနောက် ရုရှားစီးပွားရေးလုပ်ငန်းများက ယင်းနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်ခဲ့ကြသည်။ အော်သိုဒေါ့ ခရစ်ယာန်ဘာသာဝင်များနေထိုင်ပြီး သာယာလှပသော ယင်းနိုင်ငံသို့ ရုရှားလူမျိုး ကမ္ဘာလှည့်ခရီးသည်များ ဝင်လာမစဲတသဲသဲရှိခဲ့သည်။



သို့ရာတွင် မွန်တီနီဂရိုးနှင့် ရုရှားတို့၏ ဆက်ဆံရေးမှာ လွန်ခဲ့သည့် အောက်တိုဘာလမှစ၍ တင်းမာမှုများ ဖြစ်ပေါ်ခဲ့သည်။ မွန်တီနီဂရိုးဝန်ကြီးချုပ်အား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှုတစ်ရပ်နှင့်ပတ်သက်၍ ယင်းနိုင်ငံက ရုရှားနိုင်ငံကို အပြစ်ဖို့ခဲ့သည်။ သို့ရာတွင် ရုရှားက မွန်တီနီဂရိုး၏စွပ်စွဲချက်ကို အခြေအမြစ်မရှိဟု ဆိုခဲ့သည်။

နေတိုးအဖွဲ့တွင် မွန်တီနီဂရိုးအဖွဲ့ဝင်အဖြစ် ဝင်ရောက်မှုကို ရုရှားက ပိတ်ပင်တားဆီးနေသည်ဟု စွပ်စွဲချက်ပေါ်ထွက်ခဲ့ပြီး ယင်းနိုင်ငံအတွင်း ရုရှားဆန့်ကျင်ရေးစိတ်ဓာတ် တိုးပွားလာနေသည်ဟု ရုရှားက အပြင်းအထန် ဝေဖန်ခဲ့သည်။

**ရိုက်တာ။**

# မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်စမ်းသပ်မှု လုံခြုံရေးကောင်စီ ရှုတ်ချ

**နယူးယောက် မေ ၂၃**
မြောက်ကိုရီးယားနိုင်ငံက တနင်္ဂနွေနေ့တွင် နောက်ဆုံးပြုလုပ်ခဲ့သည့် ဒုံးကျည်စမ်းသပ်မှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြစ်တင်ရှုတ်ချသည်။

ပူဂက်ဆန်-၂ ဒုံးကျည်စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းမီဒီယာများက ထုတ်ပြန်ပြီးနောက် တနင်္လာနေ့တွင် လုံခြုံရေးကောင်စီက နယူးယောက်မြို့တွင် သတင်းထုတ်ပြန်ချက်တစ်ခု ထုတ်ပြန်သည်။ ကင်ဂျုံအန်က အလယ်အလတ်အဆင့် ဒုံးကျည်များ အများအပြားထုတ်လုပ်ရန်နှင့် ဖြန့်ကြက်ရန် အမိန့်ပေးခဲ့ကြောင်း မြောက်ကိုရီးယား မီဒီယာများက ပြောကြားသည်။

ကမ္ဘာလုံးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ အရှိန်မြင့်တိုးတက်လာစေရန်အတွက် မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားသည့် အရေးယူမှုများကို ကော်မတီအနေဖြင့် လေ့လာစောင့်ကြည့်ရန် တောင်းဆိုကြောင်း လုံခြုံရေးကောင်စီ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လုံခြုံရေးကောင်စီအနေဖြင့် အရေးယူပိတ်ဆို့မှုများ ထပ်မံချမှတ်နိုင်ရန် ဆွေးနွေးမှုများပြုလုပ်သင့်သည်ဟု ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်နှင့် ပြင်သစ်သံအမတ်ကြီးများက သတင်းထောက်များကို ပြောကြားသည်။

လုံခြုံရေးကောင်စီသည် မြောက်ကိုရီးယားပြဿနာ ဆွေးနွေးရန် အင်္ဂါနေ့က အရေးပေါ်အစည်းအဝေးတစ်ရပ်ကျင်းပခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# ကိုယ်ထည်ကျယ်ဝန်းသည့် ခရီးသည်တင်ဂျက်လေယာဉ်များ ရုရှားနှင့်တရုတ်ပူးတွဲတည်ဆောက်မည်

**ရှန်ဟိုင်း မေ ၂၃**
ဘိုးရင်းနှင့် အဲဘတ်စ်လေယာဉ်ကုမ္ပဏီများက စီးပွားရေးအရ အကျိုးအမြတ်များသော ခရီးသည်တင်လေယာဉ်ထုတ်လုပ်ရေး ဈေးကွက်အတွင်း စိုးမိုးထားမှုကို ချိုးဖောက်နိုင်ရန် ကြိုးပမ်းသည့်အနေဖြင့် ရုရှားနှင့် တရုတ်နိုင်ငံတို့က လေယာဉ်ကိုယ်ထည်ကျယ်ဝန်းသည့် ခရီးသည်တင်ဂျက်လေယာဉ်များ ပူးတွဲထုတ်လုပ်သွားရန် ဖက်စပ်လုပ်ငန်းတစ်ရပ်ကို မေ ၂၂ ရက်တွင် စတင်တည်ထောင်လိုက်ကြကြောင်း ယနေ့ဆင်ဟွာ သတင်းတွင်ဖော်ပြသည်။

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့အခြေစိုက် တရုတ်-ရုရှား ကုန်သွယ်လေယာဉ် ထုတ်လုပ်ရေး နိုင်ငံတကာကုမ္ပဏီသည် ကုမ္ပဏီမှတ်ပုံတင်ပြုလုပ်ခဲ့ပြီး လေယာဉ်ထုတ်လုပ်ခွင့် လုပ်ငန်းခွင့်ပြုချက်ရယူထားပြီးဖြစ်ကြောင်း ဖက်စပ်လုပ်ကိုင်မည့် တရုတ်အစိုးရပိုင် ကုန်သွယ်လေယာဉ် ထုတ်လုပ်ရေးကုမ္ပဏီ(စီအိုအမ်အေစီ)က ပြောကြားသည်။




တရုတ်နှင့်ရုရှားနိုင်ငံတို့လေယာဉ်ပူးပေါင်းထုတ်လုပ်ရေး အစီအစဉ်အရ ကိုယ်ထည်ကျယ်ဝန်းသောလေယာဉ်များထုတ်လုပ်ရေးကို အဓိကထုတ်လုပ်သွားမည်ဖြစ်ပြီး ကမ္ဘာမြို့ပြလေကြောင်းဈေးကွက်၌ ယှဉ်ပြိုင်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း စီအိုအမ်အေစီ ဥက္ကဋ္ဌကျင်ရှောင်လုံးက ပြောကြားသည်။

ထိုင်ခုံ ၂၈၀ ပါရှိပြီး ခရီးတာကီလိုမီတာ ၁၂၀၀၀ အထိ ပျံသန်းနိုင်မည့် လေယာဉ်ထုတ်လုပ်ရေးကို ဦးစားပေး လုပ်ဆောင်သွားမည်ဖြစ်သည်။

ကိုယ်ထည်ကျယ်ဝန်းသော လေယာဉ်များကို ထုတ်လုပ်နိုင်ရန် ပုံစံရေးဆွဲထုတ်လုပ်မှုကို မကြာမီစတင်မည်ဆို၏။

**ဆင်ဟွာ။**

# ဒေသတွင်း၌ ဩဇာချဲ့ထွင်နိုင်ရန် အီရန်ကြိုးပမ်းနေဟု အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့် ဝေဖန်

**ဂျေရုဆလင် မေ ၂၃**
အီရန်နှင့်ပတ်သက်၍ တူညီသော စိုးရိမ်ပူပန်မှုများရှိနေကြခြင်းကြောင့် အစ္စရေးနှင့်အာရပ်နိုင်ငံများအကြား ဆက်ဆံရေးအရ ပိုမိုနီးစပ်မှုကို ဖြစ်ပေါ်စေကြောင်း၊ အီရန်အစိုးရအဖွဲ့အနေဖြင့် အကြမ်းဖက်သမားများနှင့် ပြည်သူ့စစ်များအား စစ်ရေးနှင့် ဘဏ္ဍာရေးအရ အထောက်အပံ့ပေးနေမှုများကို ရပ်ဆိုင်းပေးရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်က ပြောကြားလိုက်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်က ဆော်ဒီအာရေဗျနိုင်ငံ၌ ပြုလုပ်ခဲ့သော အမေရိကန်သမ္မတနှင့် ကမ္ဘာတစ်ဝန်းမှ မွတ်စလင်ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲတွင် သမ္မတထရန့်က အီရန်နိုင်ငံအား ဒေသတွင်းခြိမ်းခြောက်မှုပြုလုပ်နေသောနိုင်ငံအဖြစ် ဝေဖန်ပြောကြားခဲ့ပြီး အစ္စရေးခရီးစဉ်အတွင်းမှာလည်း အလားတူ ထပ်မံပြောဆိုခဲ့သည်။

အီရန်နိုင်ငံသည် ဒေသတွင်း၌ ဩဇာအာဏာကို ပိုမိုချဲ့ထွင်လျက်ရှိပြီး ဘဏ္ဍာရေးအရ အင်အားကြီးထွားလာနေခြင်းမှာ အာရပ်နိုင်ငံများအတွက် စိုးရိမ်ပူပန်မှုဖြစ်ရသည်ဟု ဆိုသည်။

ထိုစဉ်အတွင်း သမ္မတထရန့်သည် ပါလက်စတိုင်းခေါင်းဆောင် အဘတ်စ်နှင့် တွေ့ဆုံဆွေးနွေးနိုင်ရန် ဘက်သလီဟမ်မြို့သို့ မေ ၂၃ ရက်တွင် ရောက်ရှိလာခဲ့သည်။ အစ္စရေးနှင့်ပါလက်စတိုင်းတို့အကြား ငြိမ်းချမ်းရေးရရှိနိုင်ရေးအတွက် လုပ်ဆောင်နိုင်ဖွယ်ရှိသမျှ အရာအားလုံးကို မိမိလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သမ္မတထရန့်က ပြောကြားသည်။

အသိမ်းပိုက်ခံ အနောက်ဘက်ကမ်းဒေသရှိ ဘက်သလီဟမ်မြို့၌ ပါလက်စတိုင်းခေါင်းဆောင်နှင့်တွေ့ဆုံခဲ့ရာတွင် အရှေ့အလယ်ပိုင်း ဒေသငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်ကျင်းပနိုင်ရေးအတွက် တိုက်တွန်းခဲ့သည်။

**ရိုက်တာ။**

# ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်ကအတည်ပြု

**နေပြည်တော် မေ ၂၃**

နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်အပေါ် အခြေခံ၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခြင်းကို ယနေ့ ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ဒုတိယနေ့တွင် ဆောင်ရွက်သည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းသဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရေသုံးစွဲသူများ ဆည်တမံများ၏ အကျိုးကျေးဇူးနှင့် ရေကိုတန်ဖိုးထား သုံးစွဲစေရန်နှင့် ပြည်ထောင်စုတစ်ဝန်းလုံးတွင် သုံးစွဲမှုအခွန်နှုန်းထားအား သတ်မှတ်ကောက်ခံနိုင်ရန်အတွက် **ရေခွန်နှင့်တာတမံခွန် ဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နျူကလီးယားသိပ္ပံနှင့် နည်းပညာသုတေသန၊ ဖွံ့ဖြိုးရေးနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်(၁၉၇၈ RCA) အစားထိုး (၂၀၁၇ RCA)တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ဆက်လက်ပါဝင်ရန်ကိစ္စနှင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆ လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုအစီရင်ခံစာ (၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဧပြီလအထိ)နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ရေခွန်နှင့် တာတမံခွန်ဥပဒေကြမ်း၊ (၁၉၇၈ RCA) အစားထိုး (၂၀၁၇ RCA) တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ဆက်လက်ပါဝင်မည့်ကိစ္စနှင့် အမျိုးသားမူဝါဒကော်မရှင်၏ ၆ လတာကာလအတွင်းဆောင်ရွက်ချက်အစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အိန္ဒိယသမုဒ္ဒရာဒေသတွင်း ဆိပ်ကမ်းနိုင်ငံများ၏ စစ်ဆေးပိုင်ခွင့်ဆိုင်ရာ နားလည်မှုစာချွန်လွှာတွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် အတည်ပြုပါဝင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်း၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်းနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်နှင်းတို့က ဆွေးနွေးကြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူရာ သဘောတူကြောင်း ဆုံးဖြတ်သည်။



ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ကြသည့် လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာစီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် ကမ္ဘာ့ဘဏ်ထံမှ ချေးငွေ အမေရိကန်ဒေါ်လာ ၁၂၅ သန်း ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသက်မင်းဦးက ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းဖြစ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေထူထောင်ခြင်းအတွက် အမေရိကန်ဒေါ်လာ ၂၁ သန်း အသုံးပြုရန်လျာထားကြောင်း၊ မြို့ပြရေကြီးရေလျှံမှု အန္တရာယ်များ စီမံခန့်ခွဲခြင်းအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အမေရိကန်ဒေါ်လာ ၇၇ သန်း အသုံးပြုရန် လျာထားပါကြောင်း၊ ယခင်အချိန်ကာလများမှာ ရန်ကုန်မြို့တော် မြို့ပြ ဖွံ့ဖြိုးတိုးတက်မှု နည်းပါးခဲ့ခြင်းကြောင့် ရေကြီးရေလျှံမှု နည်းပါးခဲ့ပါကြောင်း၊ ယခုအခါ မူလရေမြောင်းဟောင်းများမှာလည်း တိုးတက်လာသည့် မြို့ပြဖွံ့ဖြိုးမှုနှင့် အချိုးမညီသောကြောင့် မိုးရွာသွန်းချိန်နှင့် ဒီရေတက်ချိန်တိုက်ဆိုင်ပါက ရေကြီးရေလျှံမှု ပိုမိုဖြစ်ပွားလာသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၆ ခုနှစ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း Roanu တိုက်ခတ်စဉ်အချိန်က ရန်ကုန်မြို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်ကိုလည်း တွေ့ရှိခဲ့ရပါကြောင်း။

ထို့ပြင် ရန်ကုန်မြို့တော်၏ အဓိကရေထွက်ပေါက်ဖြစ်သော ရန်ကုန်မြစ်၏ ရေမျက်နှာပြင် မြင့်တက်လာမှုသည်လည်း ရေကြီးရေလျှံမှု ပိုမိုဖြစ်ပွားလာရသည့် အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း၊ ယခုလိုဖြစ်ပွားနေသော ရေကြီးရေလျှံမှုများအား ကာကွယ်ရန်အတွက် ရေနုတ်မြောင်းစနစ် (Drainage System) များ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ ရေသိုလှောင်နိုင်သောနေရာ (Retention Storage)များ၊ ခေတ်မီမြစ်ထွက်ပေါက်နှင့် ရေတံခါး (Outfalls and Outlet Structure)များ၊ အလိုအလျောက် ရေထိန်းတံခါး (Automatic Tidal Gate)များ တည်ဆောက်အသုံးပြုသွားရန် လိုအပ်ပါကြောင်း။

ပြည်သူများ ပိုမိုလုံခြုံမှုရှိစေရန် လိုအပ်သည့် အထောက်အပံ့များပေးခြင်းအတွက် အမေရိကန်ဒေါ်လာ ၂၂ သန်းသုံးစွဲရန်နှင့် အသိပညာပေးခြင်းနှင့် စီမံခန့်ခွဲခြင်းအတွက် အမေရိကန်ဒေါ်လာ ၅ သန်းသုံးစွဲရန် လျာထားခဲ့ရာ အသိပညာပေးခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများမှာ မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်၍ ထောက်ခံဆွေးနွေးပါကြောင်း၊ ကမ္ဘာ့ဘဏ်မှ ချေးယူငွေကို မိမိနိုင်ငံအနေဖြင့် စီမံကိန်းစနစ်တကျရေးဆွဲပြီး အလေအလွင့်နည်းပါးစွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပြီး ပြန်လည်ပေးဆပ်ရမည့် ဝန်ဆောင်မှုတန်ဖိုးမှာ တစ်နှစ်အတွက် မြန်မာငွေကျပ် ၁ ဒသမ ၂ ဘီလီယံနှင့် တစ်နှစ်အတွက် ပြန်ဆပ်ရမည့်ငွေမှာ မြန်မာငွေကျပ် ၅ ဘီလီယံ စုစုပေါင်း ၆ ဒသမ ၂ ဘီလီယံခန့်ဖြစ်သဖြင့် ပြန်လည်ပေးဆပ်ရန်ကိစ္စကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ထို့အတူ စမ်းချောင်းမဲဆန္ဒနယ် ဦးဘိုဘိုဦး၊ ရွှေပြည်သာမဲဆန္ဒနယ် ဦးညဏ်လင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) နော်လှလှစိုး၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ဦးခင်ချို၊ ကျောက်တန်းမဲဆန္ဒနယ် ဒေါ်အေးမြမြမျိုး၊ စေတုတ္တရာမဲဆန္ဒနယ် ဦးအောင်ကျော်လွင်၊ ဆိပ်ဖြူမဲဆန္ဒနယ် ဦးအောင်သိုက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ဒေါက်တာတင်တင်ဝင်း၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈) ဦးမျိုးဝင်း၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ် ဦးဦးထွန်းမောင်၊ အင်းစိန်မဲဆန္ဒနယ် ဦးမောင်မောင်ဦး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ် ဦးအေးနိုင်၊ လှိုင်မဲဆန္ဒနယ် ဦးအောင်ကျော်ကျော်ဦးတို့က ဆွေးနွေးကြသည်။

ယင်းချေးငွေ ချေးယူခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများက ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းကို ပြည်ထောင်စုလွှတ်တော် တတိယနေ့တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာရှဒေသသစ်တော ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း တည်ထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

သထုံမဲဆန္ဒနယ် ဒေါ်မာမာခိုင်က ယခု စာချုပ်၏ ရည်ရွယ်ချက်မှာ ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို ဖြေရှင်းရန်အတွက် ရေရှည်တည်တံ့သည့် သစ်တောစီမံအုပ်ချုပ်မှု၏ မူဘောင်အတွင်းက ကောင်းမွန်သည့် နည်းပညာဖြင့် မူဝါဒများကို ခိုင်မာသည့် လုပ်ငန်းစဉ်အဖြစ် ပြောင်းလဲအကောင်အထည်ဖော်ပြီး ဒေသအတွင်း သစ်တောကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် မိမိတို့နိုင်ငံအတွက် အကျိုးရှိနိုင်မည်ဟုယူဆပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုလုပ်ငန်းစဉ် ၅ ရပ်သည်လည်း အထူးကောင်းမွန်ပါကြောင်း၊ လက်မှတ်ရေးထိုးသည့်အတွက် ရရှိမည့် အကျိုးကျေးဇူးများလည်း ကောင်းမွန်ပါကြောင်း၊ ယင်းစာချုပ်ပါ အချက်အလက်များစွာသည် မိမိနိုင်ငံ ဆောင်ရွက်နေသည့် လုပ်ငန်းများအတွက် အကျိုးရှိပါကြောင်း၊ သစ်တောကဏ္ဍကို ခေတ်မီနည်းပညာဖြင့် တိုးတက်အောင် မလွဲမသွေဆောင်ရွက်ရန် လိုအပ်နေသည့်အတွက် ယခုကဲ့သို့ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်းကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ လှိုင်းဘွဲ့မဲဆန္ဒနယ် ဦးခင်ချို၊ ညောင်ရွှေမဲဆန္ဒနယ် ဦးဝင်းမြင့်ဦး (ခေါ်)ဦးနေမျိုး၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) ဦးဂျေယောဝူ၊ ရွှေကျင်မဲဆန္ဒနယ် ဦးစောသလေးစော၊ တွံတေးမဲဆန္ဒနယ် ဦးမြင့်လွင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် ဦးအေးနိုင်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈) ဒေါ်မမလေး၊ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၅) ဒေါ်ရှားမူ၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁) ဦးဇေ့တင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)ဒေါက်တာခွန်ဝင်းသောင်း၊ လှိုင်ကော်မဲဆန္ဒနယ် ဒေါက်တာခင်စည်သူ၊ ဖာပွန်မဲဆန္ဒနယ် ဦးစောထွန်းမြအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) ဦးမောင်မောင်လတ်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)ဦးဝင်းမောင်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ် ဦးဦးထွန်းမောင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်ဇင်လတ်၊ ထီးလင်းမဲဆန္ဒနယ် ဦးမြတ်လေးဦး၊ ပြင်ဦးလွင်မဲဆန္ဒနယ် ဒေါက်တာအောင်ခင်တို့က ဆွေးနွေးခဲ့ကြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများက ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ အေးအေးသန့် (သတင်းစဉ်)**

# မြကျွန်းသာအပန်းဖြေဉယျာဉ်နှင့်ပတ်သက်၍ Master Plan ရေးဆွဲ စာချုပ်ပါအချက်အလက်နှင့် ကွဲလွဲသည့်အဆောက်အအုံများ ပြန်ဖျက်ရမည်

**ရန်ကုန် မေ ၂၃**

ရန်ကုန်မြို့ မြကျွန်းသာအပန်းဖြေဉယျာဉ်နှင့်ပတ်သက်၍ Master Plan ရေးဆွဲနေပြီဖြစ်သည်။ အဆိုပါ Master Plan အတိုင်းသာ ဆောင်ရွက်ရမည်ဖြစ်ပြီး စာချုပ်ပါအချက်အလက်နှင့် ကွဲလွဲနေသည့် အဆောက်အအုံများ ပြန်ဖျက်ရမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ မြကျွန်းသာပန်းခြံအတွင်း ဆောက်လုပ်ထားသော အဆောက်အအုံများနှင့်ပတ်သက်၍ မေ ၂၂ ရက်က ပြုလုပ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ဆိပ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ်ဒေါ်စန္ဒာမင်းက မေးခွန်းမေးမြန်းခဲ့ခြင်းအပေါ် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက မြကျွန်းသာ အပန်းဖြေဉယျာဉ်အတွင်း ဆောက်လုပ်နေသော အဆောက်အအုံများနှင့် ပတ်သက်၍ ဒေသ၊ သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီမည့် Master Plan ကို ရေးဆွဲနေပြီး ရေးဆွဲပြီးစီးပါက ယင်းပန်းခြံအတွင်းတွင် အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ Master Plan အတိုင်းသာ ဆောင်ရွက်ရမည်ဟု ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ ဉယျာဉ်အတွင်း ဆောက်လုပ်နေသော အဆောက်အအုံများ၏ အမြင့်ပေကိုလည်း ပြန်လည်စိစစ်သွားမည်ဖြစ်ပြီး မြို့တော်စည်ပင်၊ လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာတို့ ပူးပေါင်းကာ ကြီးကြပ်စစ်ဆေးသွားမည်ဟု ၎င်းက ပြောသည်။

မြကျွန်းသာ အပန်းဖြေဉယျာဉ်အား Inya Palace ကုမ္ပဏီ၊ Magic Land ကုမ္ပဏီ၊ Edin ကုမ္ပဏီ၊ Max Myanmar ကုမ္ပဏီတို့ အပါအဝင် ကုမ္ပဏီ ရှစ်ခုကို ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလမှ စတင်ငှားရမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆိပ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက မြကျွန်းသာအပန်းဖြေဉယျာဉ်နှင့် ပတ်သက်၍ အဆောက်အအုံများ ဆောက်လုပ်နေသော ကုမ္ပဏီအချို့သည် စာချုပ်ပါအချက်အလက်၊ ခွင့်ပြုချက်များနှင့် ကွဲလွဲနေပြီး ကျူးကျော်ဆောက်လုပ်ထားမှုများရှိနေခြင်း၊ အမြင့်ဆုံးအဆောက်အအုံ အမြင့်ပေ သတ်မှတ်ချက်အတွင်း ဆောက်လုပ်ရန် ကန့်သတ်ခြင်းရှိ၊ မရှိနှင့် အဆောက်အအုံ မဆောက်လုပ်ရသေးသော ကုမ္ပဏီများထံမှ မြေငှားရမ်းမှုပြန်လည်ရုပ်သိမ်းပေးခြင်းရှိ၊ မရှိတို့ကို လွှတ်တော်အစည်းအဝေးတွင် မေးမြန်းခဲ့ခြင်းဖြစ်သည်။

**(၀၀၁)**

❒

# မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများ သုံးသပ်ဆွေးနွေးပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရေတာရှည် မေ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများသုံးသပ်ဆွေးနွေးပွဲနှင့် ထူးချွန်ကျေးရွာများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၂၃ ရက် နံနက် ၁၀ နာရီတွင် တော်ဝင်နေလခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်၊ မြို့နယ်ဒုအုပ်ချုပ်ရေးမှူး ဦးမင်းသူတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် တောင်ငူခရိုင် ကျေးလက်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သန်းလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ နိုင်ငံတော်မှ အရင်းမပျောက်မတည်ရန်ပုံငွေ သိန်းသုံးရာစီဖြင့် ကျေးရွာအုပ်စု ၂၇ စု၊ ကျေးရွာပေါင်း ၂၇ ရွာ၌ မြစိမ်းရောင်ကျေးရွာလုပ်ငန်းစဉ်များဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားသော အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်စွာ လည်ပတ်နေမှုလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စံပြကျေးရွာနှင့် ထူးချွန်ဆုရရှိသည့် ကျေးရွာများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ(ဒုတိယအစည်းအဝေး)တက်ရောက်ရန် မြောက်ပိုင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ နေပြည်တော်သို့ ရောက်ရှိလာစဉ်။ ဓာတ်ပုံ-ဦးဇော်ငွေးဖေ့စ်ဘွတ်

## ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) တက်ရောက်ရန် မြောက်ပိုင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)တက်ရောက်ရန် မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

အဆိုပါ မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ UWSA၊ KIO၊ AA၊ TNLA၊ MNDAA၊ SSPP တို့သည် တရုတ်နိုင်ငံ ကူမင်းမြို့မှလည်းကောင်း၊ NDAA အဖွဲ့သည် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့်လည်းကောင်း နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ အကြိုပေးအဖွဲ့ခေါင်းဆောင် ဦးအောင်ကြည်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) သို့ 'ဝ'ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်(UWSA)မှ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်ယူရိနှင့် အဖွဲ့ဝင် ခုနစ်ဦး၊ ကချင်လွတ်မြောက်ရေးအဖွဲ့(KIO)မှ ဒုတိယဥက္ကဋ္ဌ ဦးအင်ဘန်လနှင့် အဖွဲ့ဝင် ခြောက်ဦး၊ AA အဖွဲ့မှ ဒေါက်တာညိုထွန်းအောင်နှင့် အဖွဲ့ဝင် နှစ်ဦး၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)မှ တာဂျုတ်ဂျားနှင့် အဖွဲ့ဝင် သုံးဦး၊ မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော်(MNDAA)မှ ရန်ဝမ်ဂျောင်နှင့် အဖွဲ့ဝင် သုံးဦး ၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)မှ စိုင်းဘထွန်းနှင့် အဖွဲ့ဝင် လေးဦး၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်(NDAA) မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ ဦးဆန်လူနှင့် အဖွဲ့ဝင် ၁၄ ဦးတို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## ဂျပန်နိုင်ငံ၏ အရည်အသွေးမြင့် စက်မှုလုပ်ငန်းသုံးထုတ်ကုန်များ မိတ်ဆက်

**ရန်ကုန် မေ ၂၃**

ဂျပန် - မြန်မာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအသင်း၏ စီစဉ်မှုဖြင့် ဂျပန်နိုင်ငံ၏ စက်မှုလုပ်ငန်းသုံးပစ္စည်းများ မိတ်ဆက်ပွဲကို မေ ၂၂ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(MES)ရုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဂျပန်နိုင်ငံအခြေစိုက် UEX, LTD မှ အထွေထွေမန်နေဂျာ Mr.Takashi Domoto က All Stainless Steel & Titanium Products စက်မှုလုပ်ငန်းသုံးပစ္စည်းများ ပြည်တွင်းသို့ လာရောက်မိတ်ဆက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် Mr.Toru Eguchi က ယနေ့တွင် စတင်မိတ်ဆက်သော All Stainless Steel & Titanium Products ထုတ်ကုန်ပစ္စည်းများသည် မြန်မာနိုင်ငံရှိ စက်မှုလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ၊ နေအိမ်အဆောက်အအုံများ၊ တံတားများနှင့် သဘာဝဓာတ်ငွေ့ဂက်စ်ပိုက်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဆီသိုလှောင်ကန်များနှင့် အခြားစက်မှုလက်မှုလုပ်ငန်းများတွင် အရန်ပစ္စည်းများအနေဖြင့်လည်းကောင်း၊ အစားထိုးအပိုပစ္စည်းများအဖြစ်လည်းကောင်း အသုံးပြုနိုင်ပုံများကို ရှင်းလင်းပြောကြားသည်။

ယခု စတင်မိတ်ဆက်သော ဂျပန်နိုင်ငံ အရည်အသွေးမြင့်စက်မှုထုတ်ကုန်များကို မြန်မာနိုင်ငံ မြို့ကြီးများတွင် ကျယ်ပြန့်စွာ ဖြန့်ချိနိုင်စေရန် မြန်မာပြည်ကိုယ်စားလှယ်အဖြစ် လုပ်ငန်းရှင်တစ်ဦးအား ရွေးချယ်ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် အခြေစိုက်သော UEX, LTD အနေဖြင့် ၁၈၉၆ ခုနှစ်တွင်စတင်ကာ စက်မှုထုတ်ကုန်များကို တည်ထောင်ထုတ်လုပ်ခဲ့ပြီး တောင်ကိုရီးယား၊ တရုတ်၊ ထိုင်ဝမ်နှင့် အရှေ့တောင်အာရှ မြို့ကြီးများတွင် ကျယ်ပြန့်စွာဖြန့်ချိနေရာယူကာ ယခု မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

## ၂၁ – ရာစု ပင်လုံညီလာခံကြီးထဲမှ ပင်လုံစိတ်ဓာတ်ရှိကြသူတိုင်းကို 'ယုံတယ်၊ လေးစားတယ်၊ မြတ်နိုးတယ်'

❖ ကျုပ်- လူလားမမြောက်တမြောက်
လွန်ခဲ့တဲ့ ၆၈ နှစ်လောက်က
စပြီးဖြစ်ခဲ့တဲ့ ပြည်တွင်းစစ်မီးကြီး
အပြီးသတ် ငြိမ်းအေးချုပ်ဆုံးတော့မယ်
ဆိုနေပါကလား◦◦◦။

❖ ဟုတ်တယ်
သုသာန်တစ်စ သင်္ချိုင်းဝကို
ကျုပ်ခြေတစ်ဖက်က လှမ်းနေပြီပဲ
နမြောမိပါရဲ့
အလဟဿ ကုန်ဆုံးခဲ့ရတဲ့
အချိန်တွေရယ်လေ◦◦◦။

❖ ကျုပ်မသေခင်
မြင်တွေ့သွားချင်တဲ့
ပြည်တွင်းစစ်ချုပ်ငြိမ်းရေး
ထာဝရငြိမ်းချမ်းရေး
တိုင်းရင်းသားပေါင်းစုံ
သွေးစည်းညီညွတ်စွာ
တည်ဆောက်အောင်မြင်နေတဲ့
ဖက်ဒရယ်ပြည်ထောင်စု
ခေတ်သစ်ကြီး◦◦◦။

❖ ဒီကနေ့ ဒါတွေ
တောင်ပံချင်းခတ် လက်ချင်းယှက်လို့
ခွင်းချက်မရှိ ပေါင်းစည်းထုဆစ်
တည်ဆောက်နေကြတဲ့
ကချင်၊ ကယား၊ ကရင်၊ ချင်း၊
မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းအစရှိကြတဲ့
လူငယ်မျိုးဆက်သစ်တွေရဲ့
စေတနာ၊ မေတ္တာ၊ ပညာ၊ သမ္မာ
အစွမ်းအစတွေဟာ ကျုပ်တို့ခေတ်ထက်
သာရင်သာ သာမယ်
ညံ့ဖို့ရာတော့ ရှိနိုင်မယ်မထင်ဘူး◦◦◦။

❖ ဒီကနေ့
၂၁-ရာစုပင်လုံစိတ်ဓာတ်တွေနဲ့
ပေါင်းစည်းတည်ဆောက်နေကြတဲ့
သူတို့ သူတို့ တစ်တွေဟာ
တိုက်တစ်လုံး ကားတစ်စီး
ဇိမ်ခံတစ်စီးပြီး
အမြိုင့်သားနေနိုင်ကြဖို့ရာ
ထိုင်ခုံတစ်နေရာစာအတွက်
မယုတ်မာကြဘူး◦◦◦
မကောက်ကျစ်ကြဘူး◦◦◦
မဖောက်ပြန်ကြဘူး◦◦◦
လူတစ်စု လူတစ်မျိုး ကောင်းကျိုးအတွက်
လုပ်နေကြတာ မဟုတ်ဘူး
ပင်လုံစိတ်ဓာတ်ရှိသူတိုင်းကို
ကျုပ် ယုံတယ်၊ လေးစားတယ်
မြတ်နိုးတယ်◦◦◦။ ။

ဟံသာဝတီ – ဦးအုန်းကြိုင်
(သက်ကြီးဝါရင့်သတင်းစာဆရာကြီး)



# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဉ္စမအထူးအစည်းအဝေးက အမျိုးဘာသာသာသနာစောင့်ရှောက်ရေး(မဘသ)အဖွဲ့ကိစ္စနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်လေးရပ်ချမှတ်

နေပြည်တော် မေ ၂၃

ယနေ့ ကျင်းပသည့် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ပဉ္စမအထူးအစည်းအဝေးက ဆုံးဖြတ်ခဲ့သော ဆုံးဖြတ်ချက်များနှင့် ဝန်ခံကတိလက်မှတ်ရေးထိုးခြင်းတို့ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
မဟာနာယကကျောင်းတော်ကြီး၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့

စာအမှတ်၊ ၀၆၂/၄၇-၁၂/၅/သာ-မ ဟ န

ရက်စွဲ၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၂၃ ရက်)

ဆက်ကပ်ပါရန်

**ဥက္ကဋ္ဌဆရာတော်**
**တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့များအားလုံး(ဂိုဏ်းစုံ)**

**ဘဒ္ဒန္တတိလောကာဘိဝံသ**
**(အဂ္ဂမဟာပဏ္ဍိတ)**
**ပဓာနနာယကဆရာတော်**
**ရွှာမပရိယတ္တိစာသင်တိုက်**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

အကြောင်းအရာ။ **အမျိုးဘာသာသာသနာစောင့်ရှောက်ရေး(မဘသ)အဖွဲ့ကိစ္စ**

၁။ အမျိုးဘာသာသာသနာစောင့်ရှောက်ရေး(မဘသ) အဖွဲ့ကိစ္စနှင့်စပ်လျဉ်း၍ ၂၃-၅-၂၀၁၇ နေ့တွင် ကျင်းပသော သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ပဉ္စမအထူးအစည်းအဝေးတွင် ဆွေးနွေးတော်မူကြပြီး ၁၅-၇-၂၀၁၃ နေ့ ကျင်းပသော သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး၊ ၁၁-၇-၂၀၁၆ နေ့ ကျင်းပသော သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဧကာဒသမညှိနှိုင်း အထူးအစည်းအဝေးများက သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၂)၊ အပိုဒ်(၄)နှင့် လည်းကောင်း၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း အခန်း(၂)၊ အပိုဒ်-၃(က)(ခ)တို့နှင့်လည်းကောင်း ညီညွတ်ခြင်းမရှိ၍ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့သည် တရားမဝင် ဖွဲ့စည်းထားသော အဖွဲ့အစည်းသာဖြစ်ကြောင်း ဆုံးဖြတ်ထားပြီး ဖြစ်သောကြောင့် ဖော်ပြပါအတိုင်း ဆောင်ရွက်ရန် ဆုံးဖြတ်တော်မူကြပါသည်-

**ဆုံးဖြတ်ချက်**

(က) အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့အမည်ခံ ပုဂ္ဂိုလ်များသည် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ (မဘသ) အမည်ကို သုံးစွဲလျက် မည်သည့်အမှုကိစ္စမျိုးကိုမျှ ဆောင်ရွက်ခြင်းမပြုရန်၊

(ခ) မြန်မာနိုင်ငံအနှံ့အပြားစိုက်ထူထားသော အမျိုးဘာသာ သာသနာစောင့်ရှောက်ရေး(မဘသ)အဖွဲ့ ဆိုင်းဘုတ်များကို ၁၅-၇-၂၀၁၇ ရက်နေ့ နောက်ဆုံးထား၍ အပြီးအပိုင်ဖြုတ်သိမ်းရန်၊

(ဂ) အထက်ပါ (က) (ခ) ဆုံးဖြတ်ချက်များကို လိုက်နာခြင်းမရှိပါက ရဟန်းပုဂ္ဂိုလ်ဖြစ်လျှင် သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေ ၂၀/၉၀ ဖြင့် အရေးယူရန်၊ လူပုဂ္ဂိုလ်ဖြစ်လျှင် သက်ဆိုင်ရာတည်ဆဲဥပဒေများဖြင့် အရေးယူရန်၊

(ဃ) အထက်ပါဆုံးဖြတ်ချက်(ဂ)အတိုင်း ပြည်ထဲရေးဝန်ကြီးဌာနက အမြန်ဆုံးအရေးယူဆောင်ရွက်ရန်၊

၂။ သို့ဖြစ်ပါ၍ အထက်ပါဆုံးဖြတ်ချက်ကိုသိရှိနိုင်ရန်နှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များထံသို့ ဆက်လက်ညွှန်ကြားဆောင်ရွက်သွားရန် အကြောင်းကြားလျှောက်ထားပါသည်ဘုရား။

ဘဒ္ဒန္တဉာဏဘာသာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု)
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တအဂ္ဂဓမ္မ
(အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ)
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
မဟာနာယကကျောင်းတော်ကြီး၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့

စာအမှတ်၊ ၀၆၃/၄၇-၁၂/၅/သာ-မ ဟ န

ရက်စွဲ၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၂၃ ရက်)

**ဝန်ခံကတိလက်မှတ်ရေးထိုးခြင်း**

၂၃-၅-၂၀၁၇ ရက်နေ့ ကျင်းပသော သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ပဉ္စမအထူးအစည်းအဝေးက ဆုံးဖြတ်ခဲ့သော ဆုံးဖြတ်ချက်(၄)ရပ်ကို လက်မှတ်ထိုးသည့် ဆရာတော်(၂)ပါးအနေဖြင့် တိကျစွာ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(မဘသ) ကျန်အဖွဲ့ဝင်ဆရာတော်များအားလည်း အသိပေးပြောကြားပေးမည်ဖြစ်ကြောင်း ၂၃-၅-၂၀၁၇ ရက်နေ့ (၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့) ၂း၀၀ နာရီအချိန်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဘုရားခန်းခန်းမ၌ အောက်ပါအတိုင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးပါသည်-

(က) ဘဒ္ဒန္တတိလောကာဘိဝံသ (မ.ဘ.သ ဥက္ကဋ္ဌ ဆရာတော်) ---------------
ရွှာမပရိယတ္တိစာသင်တိုက်
အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ခ) ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ (မ.ဘ.သ ဒု-ဥက္ကဋ္ဌဆရာတော်) ---------------
ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်
တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ရှေ့မှောက်တွင်**

ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု၊
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တစန္ဒိမာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တဉာဏဘာသာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု)
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဝိလာသ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဉာဏိန္ဒ
(အဘိဓဇမဟာရဋ္ဌဂုရု)
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဉာဏဘာသ
(အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)
ဒုတိယဥက္ကဋ္ဌဆရာတော်

ဒေါက်တာဘဒ္ဒန္တပညာနန္ဒ
(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တအဂ္ဂဓမ္မ
(အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ)
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တသီလာစာရာဘိဝံသ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တဂုဏိကာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တဓမ္မာစာရ
(မဟာဂန္ထဝါစကပဏ္ဍိတ)
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တနန္ဒသာရ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

ဘဒ္ဒန္တကောဝိဒ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

## မန္တလေးနိုင်ငံတကာစက်ပစ္စည်းနှင့် စက်မှုလုပ်ငန်းပြပွဲ(၂၀၁၇) မန္တလေးစက်မှုဇုန် ကနောင်ခန်းမတွင် ပြသ

**မန္တလေး မေ ၂၃**

မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီနှင့် ငွေပင်လယ်မီဒီယာတို့ ပူးပေါင်းဆောင်ရွက်သည့် မန္တလေးနိုင်ငံတကာစက်ပစ္စည်းနှင့် စက်မှုလုပ်ငန်းပြပွဲ ၂၀၁၇ ကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးစက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ငွေပင်လယ်မီဒီယာမှ တာဝန်ရှိသူများနှင့် စက်မှုလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ စက်မှုလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုရှိကြောင်း၊ လာရောက်ရင်းနှီးမြှုပ်နှံချိန်တွင် နိုင်ငံသားများအနေဖြင့် စက်မှုလက်မှုနှင့်ပတ်သက်သည့် အတွေ့အကြုံနှင့် နည်းပညာဆိုင်ရာများ နားလည်တတ်မြောက်ထားရန် လိုအပ်ကြောင်း၊ ယနေ့ကျင်းပသည့် စက်ပစ္စည်းနှင့်စက်မှုလုပ်ငန်းပြပွဲသည် နည်းပညာဆိုင်ရာများကို နားလည်သဘောပေါက်စေရန် များစွာအထောက်အကူဖြစ်စေကြောင်း၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ယခုကဲ့သို့ပြပွဲမျိုး စဉ်ဆက်မပြတ်ပြသနိုင်ရန်လိုအပ်ကြောင်း၊ ပွဲဖြစ်မြောက်ရေးအတွက် ဦးဆောင်ခဲ့သူများအား ကျေးဇူးတင်ရှိပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအနေဖြင့် ယခုကဲ့သို့ပွဲများကို အားပေးကူညီမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

မန္တလေးနိုင်ငံတကာစက်ပစ္စည်းနှင့် စက်မှုလုပ်ငန်းပြပွဲ(၂၀၁၇)တွင် ပြည်တွင်း၊ ပြည်ပမှ စက်မှုလုပ်ငန်းနှင့်ကုမ္ပဏီ ၄၂ ခုတို့က ပြခန်းပေါင်း ၇၀ ပါဝင်ပြသခဲ့ပြီး ပညာရပ်အသီးသီးမှ ပညာရှင်များ၏ ဟောပြောမှုများ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် မေ ၂၃ ရက်မှ ၂၅ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အေးမြ(မန္တလေး)**

## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ အခမဲ့ထောက်ပံ့မှုနှင့် ထောက်ပံ့သည့်နှုန်းများအားပြည်သူသို့အသိပေးတင်ပြချက် "၂၀၁၇-၂၀၁၈ ပညာသင်နှစ်"
### (တစ်နိုင်ငံလုံး စာရင်းပေါင်းချုပ်)

| စဉ် | အတန်း | ကျောင်းသုံးပြဋ္ဌာန်းစာအုပ် | | ဗလာစာအုပ် | | ကျောင်းဝတ်စုံ (အင်္ကျီ ဘောင်းဘီရှည်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | ဖြန့်ဝေသည့်အရေအတွက် | တစ်စုံနှုန်း | ဖြန့်ဝေသည့်အရေအတွက် | ဒါဇင်ဝက်နှုန်း | ဖြန့်ဝေသည့်အရေအတွက် | တစ်စုံနှုန်း | |
| ၁။ | သူငယ်တန်း (KG) | | - | - | - | လက်ခံရယူလိုသူများကိုသာအခမဲ့ဖြန့်ဝေပေးသည်၊ M( ၆၇၆၄၄၀)စုံ L (၄၅၀၉၆၀)စုံ XL(၂၂၅၄၈၀)စုံ | ၁၃၉၃ ကျပ် | ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့် အခကြေးငွေကိုမှ လုံးဝမကောက်ခံပါ။ |
| ၂။ | ပထမတန်း | ( ၁၁၇၀၀၀၀ ) စုံ (ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေ အရေးကျင့်မယ် အပါအဝင်) | ၂၆၉၃ကျပ် ၆၀ပြား | ( ၅၆၇၈၄၇ ) ဒါဇင် | တိုင်းဒေသကြီး/ ပြည်နယ်မှ သတ်မှတ်နှုန်း | လက်ခံရယူလိုသူများကိုသာအခမဲ့ဖြန့်ဝေပေးသည်၊ M( ၅၇၅၈၇၅) စုံ L( ၃၈၃၉၁၆) စုံ XL( ၁၉၁၉၅၈) စုံ | ၁၃၉၃ ကျပ် | ပထမတန်းပြဋ္ဌာန်းစာအုပ်များ ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗျည်းအက္ခရာကိန်းဂဏန်းတွေ အရေးကျင့်မယ် |
| ၃။ | ဒုတိယတန်း | (၁၀၉၄၈၁၁) စုံ | ၁၀၉၄ကျပ် ၂၀ပြား | ( ၅၃၁၃၉၈ ) ဒါဇင် | တိုင်းဒေသကြီး/ ပြည်နယ်မှ သတ်မှတ်နှုန်း | လက်ခံရယူလိုသူများကိုသာအခမဲ့ဖြန့်ဝေပေးသည်၊ M( ၅၃၉၄၂၅) စုံ L( ၃၅၉၆၁၇) စုံ XL( ၁၇၉၈၀၈) စုံ | ၁၃၉၃ ကျပ် | |
| ၄။ | တတိယတန်း | ( ၁၀၆၂၇၀၉) စုံ | ၁၂၉၅ကျပ် ၅၂ပြား | ( ၅၀၅၆၆၀) ဒါဇင် | တိုင်းဒေသကြီး/ ပြည်နယ်မှ သတ်မှတ်နှုန်း | လက်ခံရယူလိုသူများကိုသာအခမဲ့ဖြန့်ဝေပေးသည်၊ M( ၅၂၃၆၈၉) စုံ L( ၃၄၉၁၂၆) စုံ XL( ၁၇၄၅၆၃) စုံ | ၁၃၉၃ ကျပ် | |
| ၅။ | စတုတ္ထတန်း | ( ၉၈၂၈၉၂ ) စုံ | ၁၅၅၇ကျပ် ၅၆ပြား | ( ၄၇၆၅၃၅) ဒါဇင် | တိုင်းဒေသကြီး/ ပြည်နယ်မှ သတ်မှတ်နှုန်း | လက်ခံရယူလိုသူများကိုသာအခမဲ့ဖြန့်ဝေပေးသည်၊ M ( ၄၈၄၅၆၃) စုံ L ( ၃၂၃၀၄၂) စုံ XL( ၁၆၁၅၂၁) စုံ | ၁၃၉၃ ကျပ် | |
| ၆။ | ပဉ္စမတန်း | ( ၈၉၀၆၀၇ ) စုံ | ၂၀၉၉ကျပ် ၅၆ပြား | - | | - | | ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့် အခကြေးငွေကိုမှ လုံးဝမကောက်ခံပါ။ |
| ၇။ | ဆဋ္ဌမတန်း | ( ၈၀၅၅၈၅ ) စုံ | ၂၂၂၈ကျပ် ၈၂ပြား | - | | - | | |
| ၈။ | သတ္တမတန်း | ( ၇၆၁၄၂၇ ) စုံ | ၂၄၇၈ကျပ် ၆၂ပြား | - | | - | | |
| ၉။ | အဋ္ဌမတန်း | ( ၆၈၂၅၀၈ ) စုံ | ၂၈၂၇ကျပ် ဝ၆ပြား | - | | - | | |
| ၁၀။ | နဝမတန်း | ( ၆၀၅၄၅၂ ) စုံ | ၃၆၃၉ကျပ် ၄၄ပြား မှ ၄၂၉၀ကျပ် ၃၆ပြား | - | | - | | |
| ၁၁။ | ဒသမတန်း | ( ၄၈၁၉၅၈ ) စုံ | ၄၅၆၆ကျပ် ၁၆ပြား မှ ၅၁၀၄ကျပ် ၄၀ပြား | - | | - | | |

# ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်အလိုက် အခြေခံပညာကျောင်းများအား ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုခြင်း

**နေပြည်တော် မေ ၂၃**

၁။ ပညာရေးဝန်ကြီးဌာနသည် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်အလိုက် အခြေခံပညာကျောင်းများအား ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့သည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အထက | အလက | အမက | အထက(ခွဲ) | အလက(ခွဲ) | မူလွန် | အမက(ခွဲ) | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ၁ | ကချင် | ၁၁ | ၁၆ | ၂၉ | ၄ | ၁၆ | ၁၆ | ၁၃ | ၁၀၅ |
| ၂ | ကယား | ၂ | ၅ | ၁၇ | ၂ | ၄ | ၉ | ၆ | ၄၅ |
| ၃ | ကရင် | ၁၃ | ၄၃ | ၆၆ | ၉ | ၂၈ | ၃၉ | ၁၉ | ၂၁၇ |
| ၄ | ချင်း | ၁၂ | ၇၄ | ၄၈ | ၇ | ၂၈ | ၂၄ | ၂၈ | ၂၂၁ |
| ၅ | စစ်ကိုင်း | ၄၃ | ၂၄၄ | ၉၉ | ၂၅ | ၁၀၈ | ၁၉၂ | ၄၇ | ၇၅၈ |
| ၆ | တနင်္သာရီ | ၁၀ | ၃၇ | ၄၀ | ၇ | ၂၆ | ၂၇ | ၁၉ | ၁၆၆ |
| ၇ | ပဲခူး(အရှေ့) | ၁၆ | ၆၉ | ၅၆ | ၅ | ၁၁ | ၁၄ | ၁၉ | ၁၉၀ |
| ၈ | ပဲခူး(အနောက်) | ၈ | ၅၉ | ၂၉ | ၆ | ၁၆ | ၃၆ | ၁၇ | ၁၇၁ |
| ၉ | မကွေး | ၄၉ | ၃၅၃ | ၈၆ | ၂၁ | ၂၀၉ | ၂၄၀ | ၅၄ | ၁၀၁၂ |
| ၁၀ | မန္တလေး | ၃၈ | ၂၅၄ | ၅၇ | ၁၃ | ၇၄ | ၇၅ | ၂၃ | ၅၃၄ |
| ၁၁ | မွန် | ၁၁ | ၂၂ | ၇ | ၅ | ၁၀ | ၁၂ | ၂ | ၆၉ |
| ၁၂ | ရခိုင် | ၂၁ | ၈၈ | ၂၀ | ၁၆ | ၅၇ | ၇၁ | ၂၇ | ၃၀၀ |
| ၁၃ | ရန်ကုန် | ၉ | ၂၆ | ၅ | ၅ | ၇ | ၁၀ | ၁ | ၆၃ |
| ၁၄ | ရှမ်း(တောင်) | ၁၅ | ၇၅ | ၈၈ | ၉ | ၃၀ | ၆၀ | ၃၆ | ၃၁၃ |
| ၁၅ | ရှမ်း(မြောက်) | ၂ | ၁၄ | ၄၃ | ၅ | ၁၁ | ၁၁ | ၄၈ | ၁၃၄ |
| ၁၆ | ရှမ်း(အရှေ့) | ၀ | ၈ | ၂၄ | ၃ | ၂ | ၁၀ | ၃၈ | ၈၅ |
| ၁၇ | ဧရာဝတီ | ၄၄ | ၂၀၁ | ၁၀၆ | ၂၀ | ၈၇ | ၁၀၃ | ၅၉ | ၆၂၀ |
| ၁၈ | နေပြည်တော် | ၈ | ၂၄ | ၂၀ | ၁၁ | ၁၁ | ၁၉ | ၃ | ၉၆ |
| | စုစုပေါင်း | ၃၁၂ | ၁၆၀၂ | ၈၄၀ | ၁၇၃ | ၇၃၅ | ၉၆၈ | ၄၅၉ | ၅၀၉၉ |

၂။ အဆိုပါတိုင်းဒေသကြီး/ပြည်နယ်များအလိုက် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့သည့် ကျောင်းစာရင်းများအား www.moe.gov.mm တွင် ပြည်သူများသိရှိရန်အတွက် တင်ပြထားရှိပါကြောင်း သိရသည်။

(သတင်းစဉ်)

## ပညာရေးဝန်ကြီးဌာန "၂၀၁၇-၂၀၁၈ ပညာသင်နှစ်"
# မိဘများသို့ မေတ္တာရပ်ခံချက်

- ❖ ကျောင်းသားဦးရေ တိုးတက်များပြားလာခြင်းကြောင့် လည်းကောင်း၊ ကျောင်းအပ်နှံနှုန်းမြင့်မားလာခြင်းကြောင့် လည်းကောင်း၊ ထပ်ကျော့ ကျောင်းအပ်နှံခြင်းကြောင့်လည်းကောင်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို လုံလောက်စွာဖြန့်ဝေပေးလိုပါသဖြင့် မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ **ငွေကြေးနှင့် လက်ဆောင်ပစ္စည်းများ**ကို ကျောင်းအုပ်၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ ကျောင်းသား ကျောင်းသူများ ကျောင်းတက်မှန်ရေးနှင့် အိမ်စာမှန်မှန် လုပ်ဆောင်ရေးအတွက် မိဘများကကြီးကြပ်၍ ဆရာ ဆရာမများနှင့် ပူးပေါင်းပေးပါရန်။
- ❖ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး မိမိသားသမီးများကို တိုက်တွန်းအားပေးပါရန်။
- ❖ မိဘများအနေဖြင့် မိမိသားသမီး၏ ပညာသင်ယူတတ်မြောက်မှု၊ အမျှားနှင့် ပူးပေါင်းဆောင်ရွက်တတ်မှုတို့ကို ဆရာ ဆရာမများနှင့် ဆွေးနွေးပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ မိဘဆရာအသင်းနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပါရန်။
- ❖ မူလတန်းအဆင့်တွင် ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေး အတွက် မိဘများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်နှင့် မျှဝေခြင်း ဆိုင်ရာ အစီအစဉ်တွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) နေပြည်တော်(သို့မဟုတ်) umoffice@moe-mm.com သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

## ပညာရေးဝန်ကြီးဌာန "၂၀၁၇-၂၀၁၈ ပညာသင်နှစ်"
### ကျောင်းအုပ်၊ ဆရာ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမှ ကောက်ခံခြင်း မပြုရ။
- ❖ **ငွေကြေး/လက်ဆောင်ပစ္စည်း** တစ်စုံတစ်ရာလက်ခံခြင်း မပြုရ။
- ❖ ကျောင်းဝတ်စုံအတွက် **အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်များ**ရောင်းချခြင်း မပြုရ။
- ❖ အခြား**မည်သည့်ပစ္စည်း**ကိုမှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းတက်မှန်၍ စာသင်ချိန်ဇယားအတိုင်း ပုံမှန်အတန်းဝင် သင်ကြားသင်ယူပေးရန်၊ ရုံးတက်မှန်ရန်။
- ❖ ကျောင်းသား ကျောင်းသူများ ကျောင်းတက်မှန်ရေးနှင့် အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေးအတွက် ဆရာ ဆရာမများက မိဘများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ တွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး ကျောင်းသား ကျောင်းသူများကို တိုက်တွန်းအားပေးပါရန်။
- ❖ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူတတ်မြောက်မှု၊ အမျှားနှင့် ပူးပေါင်းဆောင်ရွက်တတ်မှုတို့ကို မိဘများနှင့် ဆွေးနွေးပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ မူလတန်းအဆင့်တွင် ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေး အတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ မိဘနှင့် ဆရာပူးပေါင်းပြီး ကျောင်းသား ကျောင်းသူများ ကျောင်းနေမြဲ၍ အကျင့်စာရိတ္တကောင်းမွန်ရေး ဆောင်ရွက်ရန်။
- ❖ ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုအရည်အသွေး ကောင်းမွန်ရေး အလေးထားဆောင်ရွက်ရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အကြံပြုလို၊ တိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) နေပြည်တော်(သို့မဟုတ်) umoffice@moe-mm.com သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

# ဗီယက်နမ် - မြန်မာ "ရှုမဝ အလှပန်းချီပြပွဲ" ရန်ကုန်မြို့တွင် ကျင်းပမည်




**ရန်ကုန် မေ ၂၃**

ဗီယက်နမ် - မြန်မာ "ရှုမဝ အလှပန်းချီပြပွဲ" (Viet Nam & Myanmar: Charm & Beauty) ကို မေ ၂၄ ရက်မှ စ၍ သုံးရက်တိုင် ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြပွဲကို နှစ်နိုင်ငံမှ ပန်းချီဆရာများနှင့် ဓာတ်ပုံဆရာများ ပူးပေါင်း၍ ပြသခြင်းဖြစ်ပြီး မေ ၂၄ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ရှိ မြန်မာပလာဇာနှင့် အမျိုးသားဓာတ်ရုံတို့တွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

**❒ မြန်မာ့ကော်ဖီကဏ္ဍမှ**

သို့သော်လည်း မြန်မာနိုင်ငံ၏ ကော်ဖီကဏ္ဍသည် ကော်ဖီစိုက်ပျိုးသည့် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်တို့နှင့် နှိုင်းယှဉ်ပါက နည်းပညာအားနည်းခြင်း၊ သတင်းအချက်အလက်ဖလှယ်မှု အားနည်းခြင်း၊ ကော်ဖီသီးနှံနှင့်ပတ်သက်ပြီး အတွေ့အကြုံများအားနည်းနေခြင်းတို့ကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေသေးသည်ကို တွေ့ရှိရကြောင်း။

ယခုလို ကော်ဖီဖိုရမ် ကျင်းပပေးခြင်းအားဖြင့် အခက်အခဲများ၊ အတွေ့အကြုံများ၊ နည်းပညာများနှင့် ရလဒ်ကောင်းများ၊ အကြံဉာဏ်များကို အပြန်အလှန်ဖလှယ်၍ ကော်ဖီကဏ္ဍတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် အကျိုးကျေးဇူးရရှိလာစေနိုင်မည်ဖြစ်ပါကြောင်း၊ ယခုအခါ ကမ္ဘာတစ်ဝန်းရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များဖြစ်ပေါ်နေသည့်အတွက် ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေအရ ရေရှည်တည်တံ့ပြီး အကျိုးရှိစေမည့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းအတွက် ဆောင်ရွက်သင့်သည်များကို ယခုကော်ဖီဖိုရမ်တွင် အားလုံးပါဝင်၍ ထည့်သွင်းဆွေးနွေးစေလိုကြောင်း။

မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးရာတွင် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရန်များ၊ ဝန်ကြီးဌာနမှ ဖြည့်ဆည်းပေးရန်လိုအပ်ချက်များ၊ စိန်ခေါ်မှုများ၊ အနာဂတ်ကော်ဖီဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရမည့်လုပ်ငန်းများ၊ လက်ရှိ ကော်ဖီဈေးကွက်အခြေအနေများ၊ ကော်ဖီစိုက်တောင်သူများအတွက် ပံ့ပိုးပေးရန်လိုအပ်ချက်များကို ထည့်သွင်းဆွေးနွေးကြပြီး စီးပွားရေးပညာရှင်များကလည်း တန်ဖိုးမြင့်ထုတ်ကုန်အတွက် စီးပွားရေးရှုထောင့်အမြင်များဖြင့် အကြံပြုဆွေးနွေးစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၂၀၁၈-၂၀၃၀ ကာလအတွင်း မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ဧက ၂၀၀၀၀၀ ပြည့်မီရန် ရည်မှန်းထားရှိပြီး လာမည့် ၂၀၃၀ ခုနှစ်တွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သောက်သုံးမှုအရည်အသွေးကောင်း ကော်ဖီစုစုပေါင်း တန်ချိန် ၆၀၀၀၀ ခန့်ထုတ်လုပ်ရန် ရည်မှန်းထားရှိပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် မြန်မာ့ကော်ဖီအသင်းကဲ့သို့ အစုအဖွဲ့များ ပေါ်ပေါက်လာပြီး မြန်မာ့ကော်ဖီအား နိုင်ငံခြားသို့ပင် တင်ပို့ရောင်းချပြီး ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်လျက်ရှိရာ မြန်မာ့ကော်ဖီ အလားအလာကောင်းမွန်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်းပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ကော်ဖီဖိုရမ်ကျင်းပရခြင်း ရည်ရွယ်ချက်၊ ကော်ဖီနှင့် ကျန်းမာရေး၊ မြန်မာ့ကော်ဖီတင်ပို့ရောင်းချမှု၊ စိုက်ပျိုးရာအထူးဒေသများ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှု၊ မြန်မာ့ကော်ဖီဈေးကွက်အလားအလာ၊ ကော်ဖီသုတေသနဆောင်ရွက်ထားရှိမှု၊ အခက်အခဲများ၊ အခွင့်အလမ်းနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြကြသည်။

အခမ်းအနားတွင် စီးပွားရေးပညာရှင် ဒေါက်တာဇော်ဦး၊ ကော်ဖီပညာရှင် ဦးဥက္ကာအောင်နှင့် ပြည်တွင်းပြည်ပ ပညာရှင်များက မြန်မာ့ကော်ဖီတန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတကာသင်ခန်းစာများ၊ ကော်ဖီစိုက်ပျိုးမှု၊ အရည်အသွေး၊ ဈေးကွက်ဆိုင်ရာများနှင့် စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းတင်ပြကြသည်။

မြန်မာ့ကော်ဖီဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကော်ဖီစိုက်တောင်သူများ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့် ကော်ဖီစိုက်နိုင်သော ဒေသများနှင့် ကော်ဖီစိုက်ပျိုးနိုင်ရန် အခြေအနေပေးသော တောင်တန်းဒေသများတွင် တောင်စောင်း စိုက်ပျိုးနည်းပညာဖြင့် ကော်ဖီစိုက်ဒေသများ တိုးချဲ့သွားရန်၊ ရိတ်သိမ်းချိန်လွန်နည်းပညာများကို လိုက်နာပြီး မြန်မာ့ကော်ဖီအရည်အသွေး တိုးတက်ကောင်းမွန်လာစေရန်၊ ပြည်တွင်းတွင် သောက်သုံးသည့် ကော်ဖီအရည်အသွေးကောင်းပြီး ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် ပြည်တွင်းတွင် ဖူလုံရုံသာမက ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရန် ရည်ရွယ်ချက်များဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကော်ဖီဖိုရမ်ကို ကြီးမှူးကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**✪ ရှားပါးကြယ်လိပ်များမှ**

ဆယ်စုနှစ်အတွင်းမှာ ကြယ်လိပ်တွေဟာ သဘာဝတောထဲမှာ သူဟာနဲ့သူ သဘာဝအတိုင်း ပေါများစွာ မျိုးဆက်ရှင်သန်နိုင်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်"ဟု ၎င်းက ပြောသည်။

ထို့အပြင် ယခုအချိန်တွင်လည်း မင်းစုံတောင်ဘေးမဲ့တောတွင် အကောင်ရေ ၂၀၀ ကျော်၊ ရွှေစက်တော်ဘေးမဲ့တောတွင် အကောင်ရေ ၁၀ ကျော်နှင့် လောကနန္ဒာဘေးမဲ့တောဥယျာဉ်တွင်လည်း ကြယ်လိပ်လေးများ စတင်ပေါက်နေပြီဖြစ်ကာ မိုးရွာလျှင် အကောင်လေးများ ထပ်မံပေါက်ပွားလာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဒေသမျိုးရင်းကြယ်လိပ်များကို မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ရတနာပုံဥယျာဉ်၊ ရွှေစက်တော်ဘေးမဲ့တော၊ မင်းစုံတောင်ဘေးမဲ့တောနှင့် လောကနန္ဒာဘေးမဲ့တောဥယျာဉ်တို့တွင် မွေးမြူထားခြင်းဖြစ်ကြောင်း မင်းစုံတောင်ဘေးမဲ့တော ပရောဂျက်မန်နေဂျာ ကိုကျော်သူဇော်ဝင်း (လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့)က ပြောသည်။

မြန်မာနိုင်ငံ၏ ဒေသမျိုးရင်းကြယ်လိပ်များကို မျိုးသုဉ်းပျောက်ကွယ်တော့မည့် အခြေအနေတွင် သစ်တောဌာန၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)နှင့် လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့တို့ပူးပေါင်းပြီး ၎င်းတို့ကို ခြံများဖြင့် စနစ်တကျမွေးမြူကာ သားဖောက်ရာမှ အောင်မြင်လာခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရေချိုလိပ်မျိုးစိတ်ပေါင်း ၂၆ မျိုးရှိပြီး လိပ်မျိုးစိတ် ၁၂ မျိုးမှာ မျိုးသုဉ်းပျောက်ကွယ်တော့မည့် အန္တရာယ်များနှင့် ရင်ဆိုင်နေရကြောင်း၊ မျိုးသုဉ်းပျောက်ကွယ်တော့မည့် ၁၂ မျိုးထဲမှ ရှစ်မျိုးမှာ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းတွင်သာရှိပြီး လိပ်မျိုးစိတ်အချို့ကို လိပ်ထိန်းသိမ်းရေးစခန်းပေါင်း ၁၁ ခုတွင် ထိန်းသိမ်းထားကြောင်း သိရသည်။ **(ညီတူး)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ တက်ရောက်ခြင်းမပြုနိုင်

**နေပြည်တော် မေ ၂၃**

ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (တိုးချဲ့) အစည်းအဝေးတစ်ရပ်ကို မေ ၂၂ ရက်မှ ၂၃ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။



ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ(တိုးချဲ့) ပထမနေ့အစည်းအဝေး ကျင်းပစဉ်။

နှစ်ရက်တာ အစည်းအဝေးတွင် လက်ရှိ မြန်မာပြည်ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် နိုင်ငံရေးဆွေးနွေးမှုဖြစ်စဉ်တို့အပါအဝင် UNFC ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ UNFC အဖွဲ့ဝင်များ မတက်ရောက်နိုင်သည့်အပေါ် သဘောထားထုတ်ပြန်ခဲ့သည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC) သည် မေ ၂၄ ရက်နေ့တွင် စတင်ကျင်းပမည့် **ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိပေ။**

နှစ်ရက်တာအစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် UNFC ၏ ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာက "အခု (၂၁)ရာစုပင်လုံ ဖိတ်လာတဲ့အပေါ်မှာ ကျွန်တော်တို့အတွက် အခက်အခဲကြုံတာက ကျွန်တော်တို့ ဒီမှာအစည်းအဝေးလုပ်နေတယ်။ အစည်းအဝေးနဲ့ ကပ်ရပ်ဖြစ်နေတယ်။ နောက်ဖိတ်စာက တော်တော်လေး နောက်ကျတယ်။ နောက်တစ်ခုဖြစ်တာက ကျွန်တော်တို့ကို အထူးဧည့်သည်အနေနဲ့ ဖိတ်ကြားတယ်။ ဒါက လေ့လာသူအဆင့်ပါပဲ။ **နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းတဲ့ပုံစံကို ကျွန်တော်တို့ အားပေးတယ်။ အခုကတော့ အဆင်မပြေနိုင်တဲ့၊ မပြည့်စုံသေးတဲ့ အနေအထားပေါ်မှာ ကျွန်တော်တို့ မတက်ရောက်နိုင်တာ** ဖြစ်တယ်လို့ ဖြေကြားပါတယ်" ဟု ဖြေကြားသည်။

UNFC ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ သဘောထားထုတ်ပြန်မှုတွင် အချက်(၇)ချက်ပါဝင်ပြီး UNFC အနေဖြင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) မှ တစ်ဆင့် အနှစ်သာရနှင့် အဓိပ္ပာယ်ပြည့်ဝသော နိုင်ငံရေးဆွေးနွေးပွဲသို့ တက်လှမ်းရန် ကြိုးပမ်းလျက်ရှိကြောင်း၊ DPN အဆိုပြုချက် (၉)ချက် သဘောတူညီမှုရရှိပါက NCA လက်မှတ်ရေးထိုးနိုင်ရေး မတိုင်မီ နှစ်ဖက်အပြန်အလှန် ကတိကဝတ်ပြုချက် (DoC) တစ်ခုပြုလုပ်သွားရန် သဘောတူညီထားပြီး ညှိနှိုင်းသဘောတူညီမှုမရရှိသေးသဖြင့် (DoC) လက်မှတ်ရေးထိုးနိုင်ရေးအဆင့်သို့ မတက်လှမ်းနိုင်ဖြစ်နေသေးကြောင်း၊ (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် "အထူးဖိတ်ကြားသူ" အဆင့်အနေအထားဖြင့်သာ ဖိတ်ကြားလာသဖြင့် မိမိတို့ UNFC အနေဖြင့် ပါဝင်တက်ရောက်သွားနိုင်မည်မဟုတ်ကြောင်း၊ ပင်လုံမူ၊ ပင်လုံစိတ်ဓာတ်၊ ပင်လုံကတိကဝတ်တို့နှင့် အညီ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အမျိုးသားပြည်နယ်များကို အခြေခံသော စစ်မှန်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးသို့ ဦးတည်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို UNFC အနေဖြင့် ကြိုဆိုထောက်ခံဝိုင်းရံပံ့ပိုးသွားမည်ဖြစ်ကြောင်း ပါရှိသည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ၏ ညီလာခံကို ဇွန်လ ဒုတိယပတ်တွင် ပြုလုပ်နိုင်ရန် ယေဘုယျအားဖြင့် သဘောတူညီချက်ထားကြောင်း နိုင်ဟံသာထံမှ သိရသည်။

"UNFC နဲ့ ကြားဖြတ်ညှိနှိုင်းနေတဲ့ (၉)ချက်ပေါ်မှာ ပြေလည်မှုမရသေးဘူး။ ပြေလည်မှုမရသေးတော့ ရှေ့တစ်ဆင့်ကို တိုးသွားလို့မရသေးဘူး။ (၂၁)ရာစုပင်လုံ မတက်ရောက်နိုင်တဲ့အတွက် တစ်မျိုးမျိုးသဘောထားမယ်လို့ မထင်ပါဘူး။ အစီအစဉ်ရှိနေလို့ သူတို့(အစိုးရ)က လုပ်သွားတာပါ။ နိုင်ငံအေးချမ်းဖို့ ဆိုတဲ့နေရာမှာ UNFC မပါဘဲနဲ့ နိုင်ငံအေးချမ်းအောင် မတည်ဆောက်နိုင်ပါဘူး။ ကျွန်တော်တို့ ဆက်လက်ညှိနှိုင်းသွားမှာပါ" ဟု UNFC အနေဖြင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ အစိုးရနှင့် ဆက်လက်ဆွေးနွေးမည့်အကြောင်း ၎င်းက ပြောကြားသည်။

မေ ၂၄ ရက်နေ့တွင် စတင်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ တက်ရောက်ရန် UWSA('ဝ')၊ KIO(ကချင်)၊ AA (ရခိုင်)၊ TNLA(တအာင်းပလောင်)၊ MNDAA (ကိုးကန့်)၊ NDAA (မိုင်းလား)အဖွဲ့ ခုနစ်ဖွဲ့တို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

**သတင်း - ရဲခေါင်ညွန့်**
**ဓာတ်ပုံ - AMM**



# ဇေယျာသီရိမြို့နယ်ရှိ တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေး

**နေပြည်တော် မေ ၂၃**

သီးနှံများစိုက်ပျိုးရာတွင် စိုက်ပျိုးစရိတ်အဆင်ပြေစေရေးအတွက် ယနေ့နံနက် ၁၀ နာရီမှ စတင်၍ ပုဗ္ဗသီရိမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဇေယျာသီရိမြို့နယ် အောင်ဇေယျရပ်ကွက်အတွင်းရှိ တောင်သူများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးလျက်ရှိသည်။

အောင်ဇေယျရပ်ကွက်အတွင်းရှိ တောင်သူ ၈၅ ဦး၏ စပါးစိုက်ဧက ၃၆၄ ဧကအတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် စုစုပေါင်းစိုက်ပျိုးစရိတ်ချေးငွေ ၅၄၆ သိန်းအား ထုတ်ချေးပေးခဲ့သည်။ ထို့ပြင် ပုဗ္ဗသီရိနှင့် ဇေယျာသီရိမြို့နယ်မန်နေဂျာ ဒေါ်ထွေးထွေးသိန်းက စိုက်ပျိုးစရိတ် ချေးငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ယခုနှစ်အတွင်း တစ်ဧကလျှင် တစ်သိန်းခွဲနှုန်းဖြင့် ထုတ်ချေးခြင်းဖြစ်ပြီး အတိုးနှုန်းအနေဖြင့် တစ်နှစ်လျှင် ရှစ်ရာခိုင်နှုန်း ပြန်ဆပ်ရမည်ဖြစ်ကြောင်းနှင့် လိုက်နာသိရှိရမည့်အချက်များအား အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(ရွှေရဲရင့်)**

ပင်လုံစိတ်ထား အစဉ်နှီးကြား
ကြိုးစားဆောင်ရွက် တိုင်းပြည်အတွက်

# နေဗဟိုပြု "ဖြစ်ရပ်မှန်" ကို တည်ထောင်ခဲ့သူ ကောပါးနီးကပ် ကွယ်လွန်ခြင်း (၄၇၄)နှစ် အထိမ်းအမှတ်နှင့် စပ်လျဉ်းသည့် ဖြန့်ထွက်အတွေးအချို့

ဒေါက်တာမြင့်ဇံ

(ယမန်နေ့မှအဆက်)

**၅။ မိမိရဲ့ သိပ္ပံဖြစ်ရပ်မှန်တင်ပြမှုဟာ အမှားပါ၊ မိစ္ဆာဒိဋ္ဌိ အယူပါလို့ ဝန်ခံခဲ့ရတဲ့ သိပ္ပံပညာရှင်ကြီး ဂယ်လီလီယိုဂယ်လီလီ**

ကောပါးနီးကပ် ကွယ်လွန်အပြီး ၂၁ နှစ်အကြာ ၁၅၆၄ ခုနှစ်မှာ မွေးဖွားခဲ့တဲ့ အီတလီလူမျိုး သိပ္ပံပညာရှင်ကြီး ဂယ်လီလီယိုဂယ်လီလီ (Galileo Galilei) (ခရစ်နှစ် ၁၅ ဖေဖော်ဝါရီ ၁၅၆၄ - ၈ ဇန်နဝါရီ ၁၆၄၂) ကိုလည်း ခရစ်နှစ် ၁၆၃၃ မှာ ထိုစဉ်တုန်းက ကယ်သိုလစ်ကျောင်းတော်က ဂယ်လီလီယိုတင်ပြတဲ့ ကမ္ဘာဟာ စကြဝဠာရဲ့အလယ်ဗဟိုမဟုတ်ဘူး။ ကမ္ဘာဟာ တည်ငြိမ်မနေဘဲ လှုပ်ရှားနေကာ နေ(Sun) ကို လည်ပတ်နေတဲ့ အယူအဆဟာ မှားယွင်းတဲ့ မိစ္ဆာဒိဋ္ဌိ အယူအဆဖြစ်ပါကြောင်း ကက်သလစ်ကျောင်းတော်ရဲ့ခုံရုံးရဲ့ "ရှေ့တော်မှောက်" မှာ "ဝန်ခံ" ခဲ့ရတယ်။

ဒီတော့ ကောပါးနီးကပ်ရဲ့ "တော်လှန်"တဲ့ စာအုပ် (revolutionary book) ကို ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့တဲ့ ခရစ်နှစ် ၁၅၄၃ ခုနှစ်ကနေ အနှစ် ၉၀ ကျော် အကြာမှာပင်လျှင် နေဗဟိုပြုသီအိုရီကို လက်တစ်ဆုပ်စာထက် အသင့်အတင့်သာပိုလောက်မယ့် သိပ္ပံပညာရှင်များကသာ လက်ခံခဲ့ပြီး ဥရောပတိုက်ရှိ ဘာသာရေးနှင့် နိုင်ငံရေး အာဏာပိုင်တွေက သူတို့ရဲ့ ဘာသာရေးအာဏာကို ကာကွယ်တည်တံ့စေဖို့ "ပုဆိန်ရိုး" ("ပြည်ပအားကိုး" သလား၊ မအားကိုးဘူးလားတော့မသိပါ) တွေရဲ့ "မိစ္ဆာဒိဋ္ဌိ"အယူအဆလို့ သတ်မှတ်ခဲ့ပြီး (အဖျက်သမားတွေ အကုန်လုံးကို ချေမှုန်းကြ) (oppose all destructive element) ဆိုတဲ့ "လက်သုံးတော်ဆောင်ပုဒ်"ကို မသုံးစွဲခဲ့စေကာမူ တိုက်ခိုက်ချေမှုန်းခဲ့ကြပေတာပဲ။

ကောပါးနီးကပ်စာအုပ်ထွက်အပြီး နှစ် ၂၀၀ ကျော်ခန့်မျှအကြာ ၁၈ ရာစုနှစ်ထဲကို ရောက်လာတော့ သိပ္ပံပညာရှင်အားလုံးလိုလို မဟုတ်လျှင်ပင် သိပ္ပံပညာရှင်အများစုတို့ဟာ ကောပါးနီးကပ်နှင့် သူ့ရဲ့ယေဘုယျအားဖြင့် မှန်ကန်သောသိပ္ပံအယူအဆကို လက်ခံ၊ အတည်ပြုပေးခဲ့ကြပါပြီ။ ၁၈ ရာစုနှစ်အတွင်းမှာပင် နေဗဟိုပြု သီအိုရီဆိုင်ရာ တွေ့ရှိချက်များကို ပိုမိုကြံ့ခိုင်တိုးချဲ့ခဲ့တဲ့ ဗရူနို၊ ဂယ်လီလီယိုဂယ်လီလီနှင့် အခြားသိပ္ပံပညာရှင်တို့ရဲ့ ကနဦးသိပ္ပံအနုမာနယူဆချက်များ (hypotheses) များအဆင့်ကျော်လွန်ပြီး အနည်းဆုံးတော့ တစ်စိတ်တစ်ဒေသအားဖြင့် မှန်ကန်တဲ့ သိပ္ပံဖြစ်ရပ်မှန် (scientific facts) ဖြစ်နေပါပြီ။

**၆။ ကောပါးနီးကပ် နေဗဟိုပြုသီအိုရီရဲ့ မပြည့်စုံ၊ မမှန်ကန်မှုတစ်ရပ်ကို တည့်မတ်ပြင်ဆင်ပေးခဲ့တဲ့ ဂျာမန်သိပ္ပံပညာရှင် ဂျိုဟန်းနာ(စ်)ကက်ပလာ**

ဆောင်းပါးခေါင်းစဉ်မှာ "ဖြစ်ရပ်မှန်"ကို လက်သည်းကွင်း (inverted commas) နှင့် ဖော်ပြခဲ့တာက ကောပါးနီးကပ်ရဲ့ နေဗဟိုပြုသီအိုရီရဲ့ အဓိကအချက်ဟာ ဖြစ်ရပ်မှန်မဖြစ်ဘူးလို့ဆိုလိုတာ၊ သွယ်ဝိုက်ပြီးပင်လျှင် ရည်ညွှန်းတာမဟုတ်ပါ။

အထက်မှာ ရေးခဲ့တဲ့ ယေဘုယျအားဖြင့် မှန်ကန်မှုဆိုတာကလည်း ကောပါးနီးကပ်ရဲ့ လွန်ခဲ့တဲ့ အနှစ် ၄၀၀ ကျော်ကတင်ပြခဲ့တဲ့ သီအိုရီဟာ တော်လမီရဲ့ လွန်ခဲ့တဲ့ အနှစ် ၁၉၀၀ ခန့်က တင်ပြခဲ့တဲ့ ကမ္ဘာဗဟိုပြုဝါဒထက်တော့ ပိုပြီး မှန်တာပေါ့။ ကောပါးနီးကပ်ရဲ့ သီအိုရီထက်စာလျှင် တော်လမီရဲ့ သီအိုရီဟာ မှားပါတယ်။

သို့သော်လည်းပဲ ကောပါးနီးကပ်ရဲ့ သီအိုရီမှာ မှားနေတာတစ်ခုရှိပါတယ်။ အဲဒါကတော့ ကမ္ဘာနှင့်တကွ ဂြိုဟ် (Planets)တို့ဟာ နေကိုစက်ဝိုင်းပုံနှင့် လည်ပတ်နေတယ်လို့ သူ့ရဲ့စာအုပ်မှာ ဖော်ပြထားတာဟာ မှားနေပါတယ်။ ဖြစ်ရပ်မှန်(သို့မဟုတ်) ဓကန်ဖြစ်စဉ်နှင့် ကိုက်ညီမှုမရှိပါဘူး။

စာအုပ်အကိုးအကားများအလိုအရ ကောပါးနီးကပ်ဟာ တော်လမီရဲ့ နှစ် ၁၂၀၀ ကျော်အတွင်း တည်တံ့ခဲ့ပြီး ဥရောပ၊ အာရပ်ဒေသများရှိ သိပ္ပံပညာရှင်အားလုံးလိုလိုက လက်ခံထားတဲ့ ကမ္ဘာဗဟိုပြု အယူအဆကို "တော်လှန်" ခဲ့တယ်ဆိုပေမယ့် ကောပါးနီးကပ်ဟာ (သိပ္ပံ) "တော်လှန်ရေးသမားကြီး" စစ်စစ်တော့ မဟုတ်ပါဘူးတဲ့။ ကောပါးနီးကပ်ဟာ အနည်းငယ်သော အတိုင်းအတာအထိ တော်လမီရဲ့ "လောင်းရိပ်"မိနေတုန်းပါပဲ။ ကောပါးနီးကပ်ရဲ့ နေဗဟိုပြုသီအိုရီကို သက်သေတင်ပြခဲ့တဲ့ စာအုပ်ဟာ တော်လမီရဲ့ အယူအဆကို "တော်လှန်"ခြင်းဖြစ်တယ်လို့ နောက်ပိုင်းမှာ အမွှန်းတင်ပြောဆိုခဲ့သော်လည်းပဲ ကောပါးနီးကပ်ကိုယ်တိုင်က သူဟာ တော်လမီရဲ့ သိပ္ပံယူဆချက်တို့ကို ညှိပေး၊ ဟိုနားဒီနားမှာ ပြင်ပေးတဲ့ တင်ပြချက်များသာဖြစ်တယ်လို့ ယူဆခဲ့ဟန်တူကြောင်းကို တချို့သောအကဲဖြတ်သူများက ဆိုကြပါတယ်။

ကောပါးနီးကပ်ကွယ်လွန်အပြီး ၂၈ နှစ်ခန့်အကြာမှာ မွေးဖွားခဲ့တဲ့ ဂျာမန်သိပ္ပံပညာရှင်၊ နက္ခတ္တဗေဒပညာရှင် (astronomer) နှင့် ရံဖန်ရံခါ နက္ခတ်ဗေဒင်ဆရာ (astrologer) ဖြစ်တဲ့ Johannes Kepler ဂျိုဟန်နက်(စ်) ကက်ပလာ (၂၇ ဒီဇင်ဘာ ၁၅၇၁ - ၁၅ နိုဝင်ဘာ ၁၆၃၀) က ၁၅၉၆ ခုနှစ်မှာ ပထမအကြိမ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့ပြီး ၁၆၂၁ ခုနှစ်မှာ ဒုတိယအကြိမ်ထုတ်ဝေတဲ့ လက်တင်ဘာသာစကား စာအုပ်အမည်က Mysterium Cosmographicum (The Cosmographic Mystery) (စကြဝဠာ ပထဝီဝင်ရဲ့ နက်နဲဆန်းကြယ်မှုလို့ မတိမကျ ဘာသာပြန်ရပေမလားပဲ) ဆိုတဲ့ စာအုပ်ပါ။ အဲဒီစာအုပ်မှာ ကက်ပလာက ကောပါးနီးကပ်ရဲ့ ကမ္ဘာနှင့် အခြားဂြိုဟ်များဟာ နေကိုစက်ဝိုင်းပုံ (circle) (သို့မဟုတ်) စက်ဝိုင်းနီးပါးပုံ (epicycles) နှင့် လည်ပတ်နေတာမဟုတ်ဘဲ တစ်နည်းအားဖြင့် ဘဲဥပုံလမ်းကြောင်းများ (elliptical orbits) ပိုတိတိကျကျဆိုရလျှင် ပါရာဘိုလာပုံလမ်းကြောင်းများ (parabolic orbits) နှင့် လည်ပတ်နေတာကို သက်သေထူတင်ပြခဲ့တယ်။

ဒီတော့ သိပ္ပံအမှန်ကို ရရှိ ရောက်ရှိဖို့ သမိုင်းကြောင်းရဲ့ လားရာကို တင်ပြရမယ်ဆိုလျှင် တော်လမီဟာ ပိုမှားပြီး ကောပါးနီးကပ်ကတော့ တော်လမီထက်စာလျှင် ပိုပြီးမှန်ပေမယ့် ကက်ပလာရဲ့ ကမ္ဘာအပါအဝင် ဂြိုဟ်အများက နေကိုလှည့်ပတ်မှု တင်ပြချက်နှင့် နှိုင်းယှဉ်ရမယ်ဆိုလျှင် ကောပါးနီးကပ်ရဲ့ ယူဆချက်ဟာ မှားနေပါတယ်။

**၇။ သိပ္ပံပညာရဲ့ "မိမိဘာသာ ပြင်ဆင်နိုင်မှု"နှင့် ကောပါးနီးကပ်ရဲ့ နောက်ထပ်အမှားတစ်ခု**

သိပ္ပံပညာဟာ ဘာသာရေးကျမ်းဂန်များနှင့် နိုင်ငံရေး အယူဝါဒများလို မဟုတ်မှုဘဲ ယေဘုယျအားဖြင့်ဆိုလျှင် သိပ္ပံပညာဟာ ပြီးခဲ့တဲ့ သိပ္ပံပညာရှင်များ၊ သိပ္ပံတွေ့ရှိချက်များရဲ့ အမှားတို့ကို တွေ့ရှိလျှင် "မိမိဘာသာမိမိ" ပြင်ဆင်တတ်တဲ့၊ ပြင်ဆင်နိုင်တဲ့ သဘောရှိပါတယ်။ တော်လမီ၊ ကောပါးနီးကပ်၊ ကက်ပလာတို့ရဲ့ ကမ္ဘာအပါအဝင် နေနှင့်ဂြိုဟ်တွေရဲ့ (မ)လှည့်ပတ်မှု၊ လှည့်ပတ်မှု၊ အလည်ဗဟိုအချက်အချာကျမှု၊ မကျမှု၊ ကမ္ဘာနှင့် ဂြိုဟ်တွေရဲ့ နေတွေကို လှည့်ပတ်နေမှု လမ်းကြောင်းပုံစံတို့ကို ပြင်ဆင်ခဲ့၊ ပယ်ဖျက်သင့်၊ စွန့်ပစ်သင့်လျှင် စွန့်ပစ်ခဲ့တဲ့ အထက်ပါသာဓကများကို ကြည့်ခြင်းအားဖြင့် သိပ္ပံပညာရဲ့ ဝိသေသလက္ခဏာများထဲက တစ်ခုဟာ အမှားကိုတွေ့လျှင် မိမိဘာသာမိမိ ပြင်ဆင်နိုင်ခြင်းပါပဲ။ (self-correcting nature of science)

ကောပါးနီးကပ်ရဲ့ နောက်ထပ် အမှားတစ်ခုရှိပါသေးတယ်။ အဲဒီအမှားက သူ့အရင် နှစ်ပေါင်း ၁၄၀၀ ခန့်က တော်လမီ ယုံကြည်တင်ပြခဲ့တာနှင့် နည်းနည်းပဲကွာခြားပါတယ်။ တော်လမီက ကမ္ဘာကို စကြဝဠာရဲ့ အလယ်ဗဟိုမှာထားတာကို ကောပါးနီးကပ်က ကမ္ဘာကို "အဆင့်ချ" လိုက်ပြီး နေကိုစကြဝဠာရဲ့ အလယ်ဗဟိုမှာ ထားကာ နေရဲ့ "အဆင့်" ကို "မြှင့်" လိုက်ပါတယ်။ (စကြဝဠာဆိုတဲ့ အသုံးအနှုန်းကို ဒီဆောင်းပါးမှာကော ယေဘုယျအားဖြင့်ပါ Universe ကို သာဆိုလိုပြီး နေစနစ်/နေစဉ်စု/နေစကြဝဠာလို့ မြန်မာဘာသာစကားမှာ ပြန်ဆိုသုံးနှုန်းနေတဲ့ solar system ကို သော်လည်းကောင်း၊ solar system ပေါင်း သန်းပေါင်းများစွာ၊ ကုဋေရာပေါင်းများစွာအထိ ရှိတဲ့ နဂါးငွေ့တန်းဂယ်လက်ဆီကြယ်စု Milky Way Galaxy နှင့် ယင်းနဂါးငွေ့တန်းဂယ်လက်ဆီကြယ်စုတို့ကဲ့သို့ရှိသော ကုဋေရာပေါင်းများစွာသော အခြားဂယ်လက်ဆီများ galaxies တို့ကို ဆိုလိုတာမဟုတ်ဘဲ ယင်းတို့အားလုံးပါဝင်တဲ့ Universe ကိုသာ ဆိုလိုခြင်းဖြစ်ပါတယ်)

ကမ္ဘာဟာ စကြဝဠာရဲ့ အလယ်ဖြစ်တယ်ဆိုတဲ့ တော်လမီရဲ့ အယူအဆနှင့် နေဟာ စကြဝဠာအလယ်ဖြစ်တယ်ဆိုတဲ့ ကောပါးနီးကပ်ရဲ့ အယူအဆတို့ဟာလည်း လုံးဝမှားနေတဲ့အယူအဆများသာ ဖြစ်ပါတယ်။ အထက်မှာ ဖော်ပြခဲ့တဲ့အတိုင်းပဲ လူသားတွေနေထိုင်ရာ ကမ္ဘာမြေနှင့် solar system အတွင်းရှိ ဂြိုဟ်များတို့ဟာ နဂါးငွေ့တန်းကြယ်စုဂယ်လက်ဆီထဲက မထင်မရှား အစွန်တစ်နေရာမှာသာရှိတဲ့ ကြယ်အလတ်စားဖြစ်တဲ့နေကို လည်ပတ်နေတာဖြစ်ပြီး ကမ္ဘာဟာ စကြဝဠာမဆိုထားဘိ နဂါးငွေ့တန်းကြယ်စုဂယ်လက်ဆီအတွင်း ကုဋေရာပေါင်းများစွာသော ကြယ်တချို့ (stars) ကို လည်ပတ်နေတဲ့ ဂြိုဟ်တွေထဲမှာ "အရေးမပါ"လှတဲ့ ဂြိုဟ်တစ်ခုသာ ဖြစ်ပါတယ်။

ဒီအချက်ကို "ပဂေး"သိပ္ပံပညာရှင်ကြီးများဖြစ်တဲ့ တော်လမီတို့၊ ကောပါးနီးကပ်တို့၊ ကက်ပလာတို့ဟာ မသိရှိခဲ့ကြပါဘူး။ ဒီလိုမသိတာကိုလည်း ဒီသိပ္ပံပညာရှင်ကြီးများကို လုံးဝ(လုံးဝ) ဝေဖန်ဖို့ မသင့်၊ မဝေဖန်ပါဘူး။ သူ့ခေတ်နှင့် သူလေ့လာတွေ့ရှိနိုင်တဲ့ သိပ္ပံသဘောတရားတွေကို အခြေခံပြီး သူတို့ရဲ့ သိပ္ပံပညာရပ်များဆိုင်ရာ တွေ့ရှိ၊ ဖော်ထုတ်၊ တင်ပြချက်တို့ကို ပြုစုတင်ပြပေးခဲ့တဲ့အတွက် နှောင်းသိပ္ပံပညာရှင်၊ နှောင်းသာမန်လူတွေအပေါ်မှာ ဒီသိပ္ပံပညာရှင်ကြီးများရဲ့ ကျေးဇူးဟာ ကြီးမားလှပါတယ်။

**၈။ သိပ္ပံပညာရှင် ဂျိုဟန်းနက်(စ်)ကက်ပလာရဲ့ ကမ္ဘာ့သက်တမ်းနှင့် လပေါ်မှာမရှိတဲ့ တွားသွားသတ္တဝါဆိုင်ရာ မှားသောထင်မြင်ချက်များ**

ဒီလိုချီးကျူးဂုဏ်ပြုတဲ့အထဲကပဲ အနည်းငယ်ဆက်ပြီး ရေးဖို့ လိုသေးတာ၊ ရေးချင်သေးတာက တော်လမီလောက် မမှားပေမယ့် ကမ္ဘာနှင့် ဂြိုဟ်တွေဟာ နေကို စက်ဝိုင်းပုံနှင့် လည်ပတ်နေတယ်လို့ မှားယွင်းစွာတင်ပြခဲ့တယ်လို့ ကောပါးနီးကပ်ရဲ့ သီအိုရီကို တည့်မတ်ပေးတဲ့ သိပ္ပံပညာရှင်ကြီး ဂျိုးဟန်းနက်(စ်) ကက်ပလာဟာလည်း (အခုအခြေအနေများအရတော့ဖြင့်) သိပ္ပံအမြင်လို့ပင် မခေါ်ဆိုနိုင်တဲ့ မှားယွင်းသော အယူအဆတချို့ကို လက်ခံခဲ့ပုံပါပဲ။

ကက်ပလာဟာ ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်တာနှင့်အညီ သူဟာ ခရစ်ယာန်သမ္မာကျမ်းစာပါ ဇာတ်လမ်း (stories) တို့ကို အခြေခံပြီး ကမ္ဘာကြီးရဲ့သက်တမ်းဟာ နှစ်ပေါင်း ၄၀၀၀ မှ ၆၀၀၀ အတွင်းရှိမယ်လို့ (အထက်မှာရေးခဲ့တာကို ထပ်ရေးရလျှင်) (မှားလွန်းလို့) "မှားတောင်မမှား"တဲ့ တင်ပြမှုများကို ပြုလုပ်ခဲ့ပါတယ်။ ယခုခေတ် ဘူမိဗေဒပညာရှင်များ၊ သိပ္ပံပညာရှင်များရဲ့ တွက်ချက်မှုများအရ ကမ္ဘာကြီးရဲ့ သက်တမ်းဟာ နှစ်သန်းပေါင်း ၄၅၀၀ ကျော် (နှစ်ပေါင်း ၄၅၀၀၀၀၀၀၀၀) ကျော် (over 4.5 billion years) နှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံ ကျော်ခန့်ရှိမယ်လို့ တွက်ချက်ထားပါတယ်။

သိပ္ပံပညာရှင်ကြီးကက်ပလာဟာ လပေါ်မှာ တွားသွားသတ္တဝါများ (reptilian creatures) ရှိမယ်လို့လည်း ထင်မြင်ယူဆခဲ့တယ်လို့လည်း ဖတ်ဖူးပါတယ်။ ကက်ပလာ အသက်ထင်ရှားရှိစဉ်အခါက တယ်လီစကုပ် (telescope) ရှိခဲ့လျှင်ပင် ကက်ပလာအနေနှင့် လကို တယ်လီစကုပ်နှင့် ကြည့်ခဲ့ဖူးဟန်မတူပါ။ ကက်ပလာထက် ခြောက်နှစ်ခန့် အသက်ပိုကြီးပြီး ကက်ပလာကွယ်လွန်အပြီး ၁၂ နှစ်ခန့်အကြာမှာ ကွယ်လွန်ခဲ့တဲ့ သိပ္ပံပညာရှင်ကြီး ဂယ်လီလီယိုဂယ်လီလီဟာ အခြားသူများ တီထွင်ခဲ့တဲ့ တယ်လီစကုပ်ကို ပိုမိုကောင်းမွန်အားကောင်းအောင် မွမ်းမံပြုပြင်ပြီး လကို ကြည့်တော့ လပေါ်မှာတောင်များ (mountains)၊ ချိုင့်ဝှမ်းများရှိတာကို တွေ့ခဲ့တယ်။ ကြာသပတေးဂြိုဟ် (Jupiter) မှာ လတစ်စင်းမကရှိကြောင်းနှင့် စနေဂြိုဟ် (Saturn) မှာလည်း "အကွင်း" (rings)များရှိခဲ့တာကို ဖော်ထုတ်တွေ့ရှိခဲ့တဲ့ ဂယ်လီလီယိုဂယ်လီလီဟာ လပေါ်မှာ တွားသွားသတ္တဝါတွေရှိမယ်လို့တော့ ယုံကြည်ခဲ့မယ်၊ တင်ပြခဲ့မယ်လို့တော့ မထင်ပါ။

**၉။ ကမ္ဘာဟာ ငြိမ်သက်နေတယ်ဆိုတဲ့ အယူမှားကို ပယ်ဖျက်စေခဲ့တဲ့ ကောပါးနီးကပ်ရဲ့ သီအိုရီနှင့် သိပ္ပံပညာဆိုင်ရာ ပါရာဒိုင်းအရွေ့**

ကောပါးနီးကပ် ကွယ်လွန်ခြင်းအထိမ်းအမှတ်ဟာ ဂဏန်းအရ ၄၇၄ နှစ်ရှိပြီဆိုတော့ ဖြစ်တောင့်ဖြစ်ခဲ အထိမ်းအမှတ်နှစ်ဖြစ်တယ်လို့ယူဆတဲ့အတွက် သိပ္ပံပညာရှင်ကြီးရဲ့ ကမ္ဘာကို "ရွေ့စေတဲ့" သီအိုရီကို ကျွန်တော်နားလည်သလို အခြားရှေးယခင်နှင့် ယင်းနောက်ပိုင်းနှောင်းပိုင်း သီအိုရီ၊ သိပ္ပံဆိုင်ရာ အချက်အလက်တို့နှင့် အထက်မှာ ရှင်းပြခဲ့ပါတယ်။ ကောပါးနီးကပ်ရဲ့ အခြေခံကျကျမှန်ကန်တဲ့ ကမ္ဘာဟာ စကြဝဠာရဲ့ အလယ်မဟုတ်ဘူး။ ကမ္ဘာဟာ ရွေ့နေပြီး နေကိုလည်ပတ်နေတယ်ဆိုတာဟာ ဥပမာအလင်္ကာသဘောအရဆိုလျှင် ကမ္ဘာကို "တုန်ခါ" သွားစေခဲ့သလို အမှန်တကယ်အားဖြင့်လည်း ကမ္ဘာကြီးဟာ သိပ္ပံပညာရှင်တော်လမီ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၉၀၀ ကျော်ခန့်က တင်ပြခဲ့သလို "တည်ငြိမ်" နေတာမဟုတ်ပါ။ မိမိရဲ့ ဝင်ရိုးစွန်းမှာ ၂၃ ၁/၂ ဒီဂရီနှင့် လည်ပတ်နေသလို (rotating on its axis)၊ နေ (Sun) ကိုလည်း ၃၆၅ ရက်မှာတစ်ကြိမ် ပါရာဘိုလာ (parabola) လမ်းကြောင်းနှင့် လည်ပတ်နေတာဖြစ်တဲ့အတွက် ကမ္ဘာကြီးဟာ ကောပါးနီးကပ်တင်ပြခဲ့တဲ့အတိုင်း ရွေ့နေတာပါပဲ။

သောမတ်ခွန်း(မ်) Thomas Kuhn (၁၈ ဇူလိုင် ၁၉၂၂ - ၁၇ ဇွန် ၁၉၉၆)ဟာ ၁၉၆၂ ခုနှစ်မှာ လူမှုရေးသိပ္ပံ (social sciences) အပါအဝင် သိပ္ပံလောကရဲ့ အစိတ်အပိုင်းတချို့ကို အတော်ပဲဂယက်ရိုက်စေခဲ့တဲ့ The Structure of Scientific Revolutions (သိပ္ပံတော်လှန်ရေးများ၏ ဖွဲ့စည်းတည်ဆောက်မှု) စာအုပ်ကို ထုတ်ဝေခဲ့တယ်။ "ပါရာဒိုင်းအရွေ့" (paradigm shift) ဆိုတဲ့ဝေါဟာရကို Kuhn က အစောဦးဆုံးနှင့် ကနဦးတီထွင်ခဲ့တာ မဟုတ်လျှင်ပင် ဒီဝေါဟာရ၊ ဒီသဘောတရားကို Kuhn က ကျယ်ကျယ်ပြန့်ပြန့် စတင်အသုံးပြုခဲ့၊ ပြန့်ပွားစေခဲ့တာပါ။

Kuhn က သူ့ရဲ့စာအုပ်မှာ "ကမ္ဘာဗဟိုပြုဝါဒ"ရဲ့ မှားတဲ့ အယူကနေ၊ နေ (Sun) ဗဟိုပြုသဘောတရားကို ရွေ့ပြောင်းလာခဲ့တာဟာ ပါရာဒိုင်းအရွေ့ရဲ့ စံနမူနာတစ်ခုအဖြစ် "မီးမောင်းထိုးပြ"ခဲ့ပါတယ်။

**၁၀။ သိပ္ပံပညာရှင် ကောပါးနီးကပ်၊ ဗရူနို၊ ဂယ်လီလီယိုဂယ်လီလီတို့ ထွန်းကားစဉ် အချိန်က မြန်မာနိုင်ငံမှာ အုပ်ချုပ်စိုးစံခဲ့တဲ့မင်းများ**

ဆောင်းပါးရဲ့အစပိုင်းမှာတော့ ၂၄ မေ ၂၀၁၇ မှာ စတင်ကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (ဒုတိယပင်လုံ)နှင့်တိုက်ဆိုင်၍ အစပျိုးခဲ့တော့ ဒီဆောင်းပါးရဲ့ နိဂုံးမှာလည်း ကောပါးနီးကပ်၊ ဗရူနို၊ ဂယ်လီလီယိုဂယ်လီလီတို့ရဲ့သိပ္ပံပညာအပေါ် ဖြည့်ဆည်းလုပ်ဆောင်ခဲ့တဲ့ နှစ်ကာလအပိုင်းအခြားများအတွင်းမှာ မြန်မာနိုင်ငံမှာ ဘယ်မင်း(ရှင်ဘုရင်များ) စိုးစံအုပ်ချုပ်ခဲ့တယ်ဆိုတာကို Wikipedia မှ ရှာဖွေမှုများအရ အနည်းငယ်ဖော်ပြလိုပါတယ်။

ကောပါးနီးကပ်ရဲ့ နေဗဟိုပြုသီအိုရီကို ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့တဲ့ ၁၅၄၃ ခုနှစ်မှာ တောင်ငူမင်းဆက်ရဲ့ ကနဦး မင်းတစ်ပါးဖြစ်တဲ့ တပင်ရွှေထီးမင်းဟာ ထိုစဉ်တုန်းက မြန်မာနိုင်ငံကို စိုးစံအုပ်ချုပ်ခဲ့တာပါ။

၁၆၀၀ ပြည့်နှစ်က ဂျော်ဒါနိုဗရူနိုကို ထိုစဉ်တုန်းက ကက်သိုလစ်ကျောင်းတော်က မီးရှို့သတ်ဖြတ်ခဲ့စဉ်မှာ တောင်ငူမင်းဆက်မှာပဲ အင်းဝနေပြည်တော်မှာ ညောင်ရမ်းမင်း စိုးစံအုပ်ချုပ်နေပါတယ်။

ဂယ်လီလီယိုဂယ်လီလီကို ထိုစဉ်တုန်းက ကက်သလစ်ကျောင်းတော်က ခရစ်နှစ် ၁၆၃၃ ခုနှစ်မှာ နေဗဟိုပြု အဖြစ်မှန်ကို တင်ပြခဲ့ခြင်းဟာ "မှား"ပါတယ်လို့ ကယ်သိုလစ်ခုံရုံးမှာ အင်အားအသုံးပြုပြီး အတင်းအကျပ် "ဝန်ခံ"စေခဲ့တဲ့နှစ်နဲ့ ဂယ်လီလီယိုဂယ်လီလီ ကွယ်လွန်ခဲ့တဲ့ ၁၆၄၂ ခုနှစ်မှာ တောင်ငူနဲ့ အင်းဝနေပြည်တော်တို့မှာ သာလွန်မင်း စိုးစံအုပ်ချုပ်နေပါတယ်။

**၁၁။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့် စပ်လျဉ်းပြီး မျှော်လင့်ချက်**

၂၄ မေ ၁၅၄၃ မှာ ကွယ်လွန်ခဲ့တဲ့ ကောပါးနီးကပ်ဟာ သိပ္ပံသမိုင်းရဲ့ လာရာနှင့်လားရာ (past and future directions) တို့ကို ဖောက်ထွင်း တည်ထောင်နိုင်ခဲ့သလိုပဲ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ (ဒုတိယပင်လုံ) ဟာလည်း မြန်မာ့ခေတ်ပြိုင် သမိုင်းရဲ့ ငြိမ်းချမ်းမှုနှင့် တိုးတက်မှုအတွက် လာခြင်းကောင်းသော အစဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ။

ပညာရေးဝန်ကြီးဌာန

ပညာ

၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး
ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၁၇၊ မေလ (၂၅) မှ (၃၁) ရက်အထိ

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( တောင်ကြီးမြို့ )

၂၀၁၇ ခုနှစ် ၊ ဇွန်လ (၂၊ ၃၊ ၄)ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ
မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

တောင်ကြီးတက္ကသိုလ်၊ တောင်ကြီးမြို့။

Gold Sponsors

PREMIER Cereal Drink

Brighter Future Myanmar

Organized by

# ဂျပန်နိုင်ငံ JICA ၏ကူညီထောက်ပံ့မှုဖြင့် တည်ဆောက်ခဲ့သည့် ဘက်စုံသုံး ကွန်တိန်နာရေယာဉ် စတင်ပြေးဆွဲ

**ရန်ကုန် မေ ၂၃**

ဂျပန်နိုင်ငံ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA ၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာ့သင်္ဘောကျင်းတွင် တည်ဆောက်ခဲ့သည့် ဘက်စုံသုံးကွန်တိန်နာရေယာဉ် စတင်ပြေးဆွဲအောင်မြင်ခဲ့ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ဘက်စုံသုံးကွန်တိန်နာတွဲရေယာဉ်စီမံချက်ကို စတင်ဆောင်ရွက်နိုင်ရေးအတွက် ဂျပန်နိုင်ငံ၏ကူညီမှုဖြင့် JICA မှ စီမံဆောင်ရွက်သည့်စီမံကိန်းအဖြစ် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတို့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး ကွန်တိန်နာတွဲယာဉ်တည်ဆောက်ရေးအတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခွင့်ပြုချက်ရယူကာ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ အလျား ၆၀ မီတာ၊ အနံ ၁၅ မီတာ၊ ဇောက် သုံးမီတာ၊ ဝန်ပေါ့ရေစူး တစ်မီတာ၊ ဝန်လေး ရေစူး ၁ ဒသမ ၇ မီတာ၊ အရွယ်အစားရှိသည့် ပေ ၄၀ အရွယ် ကုန်သေတ္တာ ၂၂ လုံးတင်ဆောင်နိုင်သော ကုန်သေတ္တာတွဲရေယာဉ်တည်ဆောက်ပေးရန် SA Marine ကုမ္ပဏီမှ မြန်မာ့သင်္ဘောကျင်းသို့ ၂၀၁၅ ခုနှစ် မတ် ၂၅ ရက်တွင် လုပ်ငန်းအပ်နှံခဲ့ကြောင်း သိရသည်။

ယင်းမှ မြန်မာ့သင်္ဘောကျင်း၊ မြန်မာ-ဗီယက်နမ်သင်္ဘောကျင်းလုပ်ငန်းမှ ဂျပန်နိုင်ငံ၏ နည်းပညာအကူအညီဖြင့် အဆိုပါရေယာဉ်အား တည်ဆောက်ခဲ့ရာ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် အပြီးသတ်တိုင်းတာစစ်ဆေးမှုခံယူ၍ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ SA Marine ကုမ္ပဏီသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ အဆင့်မြင့်ဘက်စုံသုံးကွန်တိန်နာရေယာဉ်သစ်ကို တန်ဖိုးငွေကျပ် သိန်း ၄၀၄၀ အကုန်အကျခံတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ဘက်စုံသုံး ကုန်သေတ္တာတင်တွဲရေယာဉ်အား နွေရာသီ ရွှေ့ပြောင်းစမ်းသပ်ခရီးစဉ်၊ မိုးရာသီရွှေ့ပြောင်းစမ်းသပ်ခရီးစဉ်တို့ကို အောင်မြင်စွာ စမ်းသပ်ပြေးဆွဲနိုင်ခဲ့ကြောင်း သိရသည်။



ယင်းသို့ ဧရာဝတီမြစ်ကြောင်းတွင် ကုန်စည်နှင့် ခရီးသည်ပို့ဆောင်ရေး လွယ်ကူချောမွေ့စေရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန် မြန်မာနိုင်ငံ ဒေသအသီးသီးသို့ ကုန်စည်များပို့ဆောင်ရာ၌ ယခင်က လူအားဖြင့် သယ်ဆောင်နိုင်သည့် အရွယ်အစားရှိသော အထုပ်များ၊ အိတ်များအတွင်း ပစ္စည်းများထည့်သွင်း၍ ကုန်တင်၊ ချ ပြုလုပ်သည့် စနစ်အစား ယခုကဲ့သို့ ကုန်သေတ္တာများဖြင့် ထည့်သွင်း၍ ခေတ်မီစက်ယန္တရားများ အသုံးပြုကာ ကုန်တင်၊ ချ ပိုမိုမြန်ဆန်ထိရောက်သော ကွန်တိန်နာရေယာဉ်များဖြင့် သယ်ယူပို့ဆောင်ရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်မှုမှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအတွက် အလွန်အရေးပါသော လုပ်ငန်းဆောင်ရွက်မှုတစ်ခုဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**(ဆုနှင်းလှဲ့)**

# စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ကျိုက်ထို မေ ၂၃**

ကျိုက်ထိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲအခမ်းအနားကို မေလ တတိယပတ်က ကျိုက်ထိုမြို့နယ် အမှတ်(၉၆)ခြေလျင်တပ်ရင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စစ်မှုထမ်းဟောင်းအဖွဲ့နာယက အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးအောင်ခိုင်စိုးက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင်များက ကဏ္ဍအလိုက်ဆွေးနွေးကြကာ ၂၀၁၇ ပညာသင်နှစ်အတွက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာအဆင့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများပေးအပ်၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တူညီဝတ်စုံနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍အမှုဆောင်သစ်ကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ကြပြီး အမှုဆောင်သစ်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူ၍ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၂၃ ရက်ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ(၁၀)တွင် ဖော်ပြထားသော ဒေါက်တာမြင့်ဇံ၏ဆောင်းပါး ဒုတိယကော်လံ ခေါင်းစဉ်ငယ် ၂။ အောက်ဆုံးစာကြောင်းတွင် ဂရိပညာရှင် အရစ်စတာချပ်ရဲ့ **“အမှား”** အစား **“မမှား”** ဟုလည်းကောင်း၊ အဆိုပါကော်လံ၏ တတိယအပိုဒ်၊ စာကြောင်းရေ(၁၁)တွင် **‘ဖြစ်လေတော့’** အစား **‘မဖြစ်လေတော့’** ဟုလည်းကောင်း၊ တတိယကော်လံ ခေါင်းစဉ်ငယ် ၃။တွင် ကွယ်လွန်သည့်နေ့တွင် **‘မှာ’** အစား ကွယ်လွန်သည့်နေ့တွင် **‘မှ’** ဟုလည်းကောင်း၊ စတုတ္ထကော်လံ၊ အောက်ဆုံးစာပိုဒ် စာကြောင်းရေ(၄)တွင် **‘ဉာဏ်ရှိသတ္တဝါများ’** အစား **‘အသိဉာဏ်ရှိသတ္တဝါများ’** ဟုပြင်ဆင်ဖတ်ရှုပေးပါရန်။

**(စာရေးသူ)**

## စာအုပ်စာပေ လှူမိတ်ဆွေ

# ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော မီနီဘတ်စ်ယာဉ်များ ကျောင်းကြို/ပို့ယာဉ်အဖြစ် ပြောင်းလဲပြေးဆွဲလိုပါက လုပ်ငန်းလိုင်စင် ပြောင်းလဲပေးမည်

**ရန်ကုန် မေ ၂၃**

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော YBS ယာဉ်လိုင်းများမှ မီနီဘတ်စ်ယာဉ်များ ကျောင်းကြို/ပို့ယာဉ်များအဖြစ် ပြောင်းလဲပြေးဆွဲလိုပါက လုပ်ငန်းလိုင်စင် ပြောင်းလဲပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

လက်ရှိတွင် မြို့တွင်း ခြောက်မြို့နယ်အတွင်း မြို့တွင်းပတ်ပြေးဆွဲလျက်ရှိသည့် YBS ၅၆၊ ၅၇၊ ၅၈ ယာဉ်လိုင်းတို့တွင် ပြေးဆွဲနေသော မီနီဘတ်စ်များကို မြို့တွင်းပြေးဆွဲနေမှုမှ အခြားသော YBS ယာဉ်လိုင်းများသို့ မေ ၂၄ ရက် နောက်ဆုံးထားကာ ပြောင်းလဲပြေးဆွဲရန် ညွှန်ကြားထားပြီးဖြစ်ပြီး အဆိုပါ မီနီဘတ်စ်ယာဉ်များအနေဖြင့် အခြားသောယာဉ်လိုင်းများသို့ ပြေးဆွဲနေမှုအစား ကျောင်းကြို/ပို့ယာဉ်များအဖြစ် ပြောင်းလဲပြေးဆွဲလိုပါက လုပ်ငန်းလိုင်စင် ပြောင်းလဲဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က မေ ၂၁ ရက်တွင် ပြောကြားခဲ့သည်။

“နိုင်ငံတကာမှာ မီနီဘတ်စ်ဆိုတာ ဖယ်ရီပဲ ဆွဲတာပါ။ ဒီမှာက ခရီးစဉ်တွေမှာ ဒိုင်နာတွေနဲ့လည်း ခရီးသည်တင်၊ မီနီဘတ်စ်တွေနဲ့လည်း ခရီးသည်တင်နေတာ။ မီနီဘတ်စ်ဆိုတာ အဝင်၊ အထွက် တစ်ပေါက်တည်း ရှိတာပါ။ အရပ်မြင့်သူဆိုရင် ခေါင်းတောင်မလွတ်ဘူး။ အခု မြို့တွင်း သုံးလိုင်းမှာ ပြေးဆွဲနေတဲ့ မီနီဘတ်စ်တွေကို အခြားလိုင်းတွေမှာ ပြေးဆွဲဖို့ ညွှန်ကြားထားပါတယ်။ အဲဒီနေရာမှာ စီးတီးဘတ်စ်ကြီးတွေနဲ့ပဲ ပြေးဆွဲသွားမှာပါ။ အဲဒီလိုင်းတွေထဲမှာ ပြေးဆွဲနေတဲ့ မီနီဘတ်စ်တွေကိုလည်း ကျောင်းကားလုပ်ငန်း ပြောင်းချင်ရင်ပြောင်းပါ။ လုပ်ငန်းလိုင်စင် ပြောင်းပေးပါမယ်” ဟု ဒေါက်တာမောင်အောင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အနေဖြင့် အခြေခံပညာဦးစီးဌာနနှင့်ပူးပေါင်းကာ ရန်ကုန်မြို့ရှိ စာသင်ကျောင်းကြီး ၂၂ ကျောင်းတွင် ယခုနှစ်ပညာသင်နှစ်မှစတင်ကာ ကျောင်းကြို/ပို့စီမံချက်အစီအစဉ်ကို စတင်ဆောင်ရွက်မည်ဖြစ်သောကြောင့် အဆိုပါအစီအစဉ်တွင် ပါဝင်ပြေးဆွဲလိုသည့် မီနီဘတ်စ်များရှိပါက လုပ်ငန်းလိုင်စင်ပြောင်းပေးမည်ဖြစ်ကာ ကျောင်းကော်မတီများနှင့် တွေ့ဆုံညှိနှိုင်းဆောင်ရွက်နိုင်ကြောင်း သိရသည်။

အဆိုပါ ကျောင်းကြို/ပို့ စီမံချက်စတင်မည့် စာသင်ကျောင်းများနှင့် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ပြီးဖြစ်သည့်အတွက် လိုက်ထရပ်ယာဉ်များဖြင့် ကြို/ပို့ပြုလုပ်နေခြင်းကို ယခုနှစ်အတွင်း တဖြည်းဖြည်းလျှော့ချသွားရန်၊ လာမည့်စာသင်နှစ်မှစတင်၍ လိုက်ထရပ်၊ ပစ်ကပ်ယာဉ်များကဲ့သို့ ယာဉ်များဖြင့် ကြိုပို့ပြုလုပ်နေခြင်းကို လုံးဝခွင့်မပြုတော့ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းကြောင့် မီနီဘတ်စ်ယာဉ်များအနေဖြင့် ကျောင်းကားစီမံချက်တွင် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ကျောင်းကော်မတီများ၏ သဘောတူညီဆောင်ရွက်မှုရှိပါက ယာဉ်လိုင်းပြေးဆွဲနေခြင်းအစား ကျောင်းကြို/ပို့လုပ်ငန်းများကို ပြောင်းလဲပြေးဆွဲနိုင်ကြောင်း သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

“ကျောင်းကားစနစ်မှာ ကျောင်းအုပ်ကြီးတွေရယ်၊ ကျောင်းသားမိဘတွေပါဝင်တဲ့ ကျောင်းအကျိုးတော်ဆောင်ရယ်၊ လက်ရှိ ကျောင်းကားလုပ်ငန်းလုပ်နေတဲ့ ယာဉ်ပိုင်ရှင်တွေရယ် သုံးဦးအဖွဲ့က ကော်မတီဖွဲ့ပြီး သက်ဆိုင်ရာကျောင်းအလိုက် ကျောင်းကားစီမံချက်ကို အစိုးရထံတင်ပြရမှာဖြစ်ပါတယ်။ အစိုးရအစီအစဉ်နဲ့ ဝယ်ယူထားတဲ့ ကျောင်းကားတွေမှာ Brand New တွေဖြစ်တဲ့အတွက် တချို့ကျတော့လည်း ဒေါ်လာ ၃၆၈၄၀ ကို သူတို့မဝယ်နိုင်ဘူး။ အပြင်မှာတော့ မီနီဘတ်စ်တစ်စီးက သိန်း ၁၀၀ ကျော်ပဲရှိတယ်။ သူတို့ဘာသာသူတို့ မီနီဘတ်စ်ဝယ်ပြီး ပြေးဆွဲမယ်ဆိုရင် စည်းကမ်းကတော့ မီနီဘတ်စ်နဲ့ပဲ ဆွဲဆွဲ၊ လုံလုံခြုံခြုံကားနဲ့ ပြေးဆွဲလို့ရတယ်။ သို့ပေမယ့်လည်း ကားတွေမှာ စီစီတီဗွီ တပ်ရမယ်။ ဂျီပီအက်စ် တပ်ရမယ်။ အဲဒီတော့ မီနီဘတ်စ်ယာဉ်လိုင်းတွေက မီနီဘတ်စ်တွေကလည်း ကျောင်းကားဘက်ကို ပြောင်းလဲပြေးဆွဲသွားနိုင်တယ်။ ကျောင်းကားဈေးကွက်ကလည်း အင်မတန်မှကို ကျယ်ပြန့်ကြီးမားပါတယ်။ လုံခြုံစိတ်ချရတဲ့ ကားတွေနဲ့ စနစ်တကျ ပြေးဆွဲစေမှာဖြစ်ပါတယ်”ဟု ၎င်းက ပြောကြားခဲ့သည်။

**(၀၀၁)**



# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ မေ ၂၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၅၈ စီး၊ သွင်းကုန် ၅၇၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၈၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းကတားဆီးမှုခြောက်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ခုနစ်သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၃၀၈ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ ဒသမ ၃၀၈ သန်းခန့်)အား သိမ်းဆည်းရမိကြောင်း သတင်းရရှိသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၀ ရက်တွင် လွယ်ဂျယ်-မိုးမောက် ကားလမ်းမိုင်တိုင်အမှတ် (၃၉) မိုင်နှင့် မိုင်(၄၀)ကြား တရုတ်နိုင်ငံလုပ် မော်တော်ဆိုင်ကယ် ၄၈ စီး ရပ်တန့်ထားကြောင်း သတင်းရရှိ၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါ မော်တော်ဆိုင်ကယ် ၄၈ စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၃၀ သန်းခန့်)အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တပ်မတော်(လေ) အက်ဖ်- ၇ လေယာဉ်မှ လေ့ကျင့်ရေးပုံးနှစ်လုံး မတော်တဆပြုတ်ကျမှုဖြစ်ပွား

**နေပြည်တော် မေ ၂၃**

တပ်မတော်(လေ) အက်ဖ်-၇ ကြားဖြတ်တိုက်ခိုက်ရေးလေယာဉ် တစ်စင်းသည် လေ့ကျင့်ပစ်ခတ်မှုဆောင်ရွက်စဉ် ယမန်နေ့ မွန်းတည့် ၁၂ နာရီခန့်က မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမိုင်တိုင်အမှတ်(၂၂/၄) နှင့် ဇရပ်ကုန်းစက်ပစ်ကွင်းအနီးရှိ နှမ်းခင်းအတွင်းသို့ လေ့ကျင့်ရေးပုံးနှစ်လုံး မတော်တဆပြုတ်ကျခဲ့သော်လည်း လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်သည်။

အဆိုပါ တိုက်ခိုက်ရေးလေယာဉ်သည် ဝေဟင်-မြေပြင်လေ့ကျင့်ပစ်ခတ်ခြင်း ဆောင်ရွက်နေစဉ် လေယာဉ်၏ လက်နက်ပိုင်းဆိုင်ရာ လျှပ်စီးပတ်လမ်းချွတ်ယွင်းမှုကြောင့် လေ့ကျင့်ရေးပုံးနှစ်လုံးမှာ ပစ်မှတ်နေရာတစ်ဝိုက်သို့မရောက်မီ အချိန်မတိုင်မီ မတော်တဆပြုတ်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းပုံးသီးများ ပြုတ်ကျနေရာတစ်ဝိုက်သို့ တပ်မတော်(လေ)မှ ကျွမ်းကျင်ပညာရှင်များဖြင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ခဲ့ရာ ယနေ့ မွန်းလွဲ ၂ နာရီခန့်တွင် လုံခြုံမှုရှိအောင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# သန်လျင်-အောင်ချမ်းသာ တပင်ရွှေထီးလမ်း၌ ဂတ်(စ်)ဘူးအသေး အပူလွန်ကဲရာမှ ပေါက်ကွဲမှုဖြစ်

**ရန်ကုန် မေ ၂၃**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အောင်ချမ်းသာ (၃)ရပ်ကွက် တပင်ရွှေထီးလမ်း အမှတ်-O/၁၀၃ နေအိမ်၌ မေ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲက ဂတ်(စ်)ဘူးအသေးနှစ်ဘူး အပူလွန်ကဲပြီး ပေါက်ကွဲရာ နေအိမ်ပြတင်းပေါက်လိုက်ကာစအား မီးလောင်မှုဖြစ်ပွားနေကြောင်း သတင်းအရ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်နှင့် မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သိန်းထွန်းအောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီညီထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၂၄ ဦး၊ မီးသတ်ရေယာဉ်လေးစီး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ အောင်ချမ်းသာရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက မီးလောင်မှုအား ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၃၈ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် လူနှင့်အဆောက်အအုံများ ဆုံးရှုံးမှုမရှိကြောင်းနှင့် ဂတ်(စ်)ဘူးကို ပေါ့ဆစွာထားသူ ဒေါ်ဖြိုးမွန်ဆွေအား သန်လျင်မြို့မရဲစခန်းမှ (ပ)၁၅၁၆/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၂၈၅ အရ အမှုဖွင့်စစ်ဆေး အရေးယူထားကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# ဒက္ခိဏသီရိမြို့နယ် လမ်းဆုံမီးပွိုင့်တွင် ယာဉ်တိုက်မှုဖြစ်

**နေပြည်တော် မေ ၂၃**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေပြည်တော်ဝင်လမ်းနှင့် မိုးသောက်ပန်းလမ်း မီးပွိုင့်လမ်းဆုံ၌ မေ ၂၃ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် သန်းဆွေဝင်း(၃၀)နှစ် ချင်းရွာ ဥတ္တရသီရိမြို့နယ်နေသူ မောင်းနှင်လာသည့် 2C/---- မော်တော်ယာဉ်သည် ကျော်မင်းသူ(၂၀)နှစ် သီရိမာလာလမ်း ဒက္ခိဏသီရိမြို့နယ်နေသူ မောင်းနှင်ပြီး ဒေါ်ထား(၅၀)နှစ်၊ မဝင်းသန္တာဖြိုး(၁၇)နှစ်တို့ လိုက်ပါလာသော 6G/---- မော်တော်ယာဉ်နှင့် တိုက်မိရာ ယာဉ်မောင်း ကျော်မင်းသူ၊ ဒေါ်ထားနှင့် ဝင်းသန္တာဖြိုးတို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။



အဆိုပါ ယာဉ်တိုက်မှုကို ဒက္ခိဏသီရိမြို့မရဲစခန်းမှ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## လိုင်ဗားဆည်တွင် လှေမှောက်၍ လူငယ်သုံးဦးနစ်မြုပ်သေဆုံး

**ဖလမ်း မေ ၂၃**

ချင်းပြည်နယ် ဖလမ်းမြို့နယ် ရမ်ထလိုကျေးရွာအနီးရှိ လိုင်ဗားဆည်တွင် ဖလမ်းမြို့မှ သွားရောက်လည်ပတ်ခဲ့သော မောင်တွန်ဟရန်လျန်(၁၅)နှစ်၊ မောင်ယောဟန်ထန်း(၁၄)နှစ်နှင့် မဂျောနီခေါနယ်မွေး(၁၄)နှစ်တို့သည် ယနေ့ မွန်းလွဲ ၁ နာရီခန့်က ဆည်အတွင်းလှေစီးရာမှ လှေမှောက်၍ ရေနစ်မြုပ်သေဆုံးခဲ့သည်။ သေဆုံးသူတို့၏ အလောင်းများကို လိုင်ဗားရဲကင်းမှူး ကျဲအိုကုန်းနှင့် ရမ်ထလိုကျေးရွာသူ ကျေးရွာသားများက မွန်းလွဲ ၂ နာရီခန့်တွင် ဝိုင်းဝန်းဆယ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဆည်သည် ချင်းပြည်နယ် ဟားခါးခရိုင် ထန်တလန်မြို့ကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးသည့် ဆည်ဖြစ်ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပေါ့ဆမီးကြောင့် နေအိမ်လေးလုံး မီးလောင်

**မြစ်ကြီးနား မေ ၂၃**

မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်၌ ယနေ့မွန်းလွဲပိုင်းတွင် ပေါ့ဆမီးကြောင့် နေအိမ်လေးလုံး မီးလောင်ခဲ့ရာ နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး ကျန်အိမ်နှစ်လုံးမှာလည်း အနည်းငယ်ပျက်စီးခဲ့သည်။

ဖြစ်စဉ်မှာ ဒေါ်လွင်လွင်အောင် အိမ်မှဝါယာရှော့ဖြစ်ကာ စတင်လောင်ခဲ့သဖြင့် အိမ်ရှင်အား မြစ်ကြီးနားမြို့ မြို့မရဲစခန်းမှ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**စိန်ဝင်း(IPRD)**

# မူးယစ်ဆေးဝါးများ၊ ထိုင်းဘတ်ငွေနှင့် တရုတ်ယွမ်ငွေများ သိမ်းဆည်းရမိ

**တာချီလိတ် မေ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု စန်းလု(အထက်)ကျေးရွာအနီးတွင် မေ ၂၃ ရက် နံနက် ၅ နာရီခန့်က ငွေကျပ် ၉၅ သိန်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့်အတူ မြန်မာကျပ်ငွေ ၂၅၀၀၀၀၊ ထိုင်းဘတ်ငွေ ၁၃ ဒသမ ၇၁၅ သိန်း အပါအဝင် တရုတ်ယွမ်ငွေ ၂၄၀၀ အား သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ရဲအုပ်စိုင်းခမ်းစိုင်းပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု စန်းလု(အထက်)ကျေးရွာအနီးနေ လော်ယို၏ နေအိမ်ရှေ့တွင် တွေ့ရှိသူ စိုင်းမင်းထွန်း(ခ)ဖိုးဝအား ရှာဖွေစစ်ဆေးရာ ဂျင်းဘောင်းဘီအိတ်ကပ်အတွင်းမှ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၊ (တန်ဖိုးငွေကျပ် ၁၅ သိန်း)နှင့် ကော်ဘူးဖြင့်ထည့်လျက် ဘိန်းဖြူအလေးချိန် သုည ဒသမ ၅ ဂရမ် (တန်ဖိုးငွေကျပ် ၈၀၀၀)၊ စိတ်ကြွဆေးပြား ရိုက်နှိပ်ရာတွင် အသုံးပြုသည့် WY တံဆိပ်ပါ မိုတစ်ချောင်း၊ တံဆိပ်မပါ မိုတစ်ချောင်းနှင့် မော်တော်ဆိုင်ကယ်တစ်စီးအား သိမ်းဆည်းရမိသည်။



ထို့အတူ စိုင်းမင်းထွန်း(ခ)ဖိုးဝ၏ ထွက်ဆိုချက်အရ လော်ယို၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စပွန်ဆာပုလင်းဖြင့် ဘိန်းဖြူအလေးချိန် (၂၀)ဂရမ်စီပါ ခြောက်ပုလင်း (တန်ဖိုးငွေကျပ် ၁၉ ဒသမ ၂ သိန်းခန့်)၊ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၁၀၀ (တန်ဖိုးငွေကျပ် ၆၁ ဒသမ ၅ သိန်းခန့်)နှင့် မူးယစ်ဆေးဝါးရောင်းချရငွေဟုယူဆရသည့် ငွေကျပ် ၂၅၀၀၀၀၊ ထိုင်းဘတ်ငွေ ၁၃ ဒသမ ၇၁၅ သိန်း၊ တရုတ်ယွမ်ငွေ ၂၄၀၀ တို့အား သိမ်းဆည်းရမိခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ စိုင်းမင်းထွန်း(ခ)ဖိုးဝနှင့် လော်ယိုတို့နှစ်ဦးအား တာချီလိတ်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ဖားကန့်၌ လေပြင်းတိုက်ခတ်ပြီး မိုးကြိုးပစ်ခြင်းကြောင့် လူနှစ်ဦးသေ

**ဖားကန့် မေ ၂၃**

ကချင်ပြည်နယ် ဖားကန့်မြို့ လုံးခင်းကျေးရွာအုပ်စု အောင်ဘာလေကျေးရွာအနီး၌ မေ ၂၂ ရက် ညနေ ၆ နာရီခွဲက ရုတ်တရက်လေပြင်းတိုက်ခတ်ရာ ကျေးရွာအနီး စွန့်ပစ်မြေစာပုံ၌ တဲဖြင့် နေထိုင်ကာ ရေမဆေးကျောက်ရှာဖွေသူ လှိုင်ဘွား(၃၂)နှစ်မှာ တဲနှင့်အတူ ၁၅ ပေခန့်အမြင့်အထိ လေထဲသို့လွင့်စဉ်သွားပြီး ဦးခေါင်းနှင့်ခန္ဓာကိုယ်များတွင် ပေါက်ပြဲဒဏ်ရာများရရှိသဖြင့် လုံးခင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသစဉ် ရရှိသောဒဏ်ရာဖြင့် သေဆုံးခဲ့သည်။

အလားတူ ဆန်ခါကျေးရွာအနီး၌ ညနေ ၆နာရီ ၂၅ မိနစ်က မိုးကြိုးပစ်ချခဲ့ရာ ရေမဆေးကျောက် ရှာဖွေသူ ဂမ်ဘလွတ်(၃၀)နှစ်အား မိုးကြိုးထိမှန်သေဆုံးခဲ့သဖြင့် လုံးခင်းနယ်မြေရဲတပ်ဖွဲ့စခန်းမှ သေမှုသေခင်းအမှတ်စဉ် (၁၆/၂၀၁၇)နှင့် သေမှုသေခင်းအမှတ်စဉ် (၁၇/၂၀၁၇)တို့ဖြင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

# ချန်ပီယံလိဂ်ဝင်ခွင့် လွဲချော်ပြီးနောက် လာမည့်ရာသီလက်မှတ်ဈေးနှုန်းများကို ၁၀ ရာခိုင်နှုန်းအထိ အာဆင်နယ်လျှော့ချသွားမည်

အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်ဝင်ခွင့် လွဲချော်သွားခဲ့သဖြင့် လာမည့်ရာသီ တစ်ရာသီစာ လက်မှတ်ဈေးနှုန်းများကို ၁၀ ရာခိုင်နှုန်းအထိ လျှော့ချပေးမည်ဖြစ်ကြောင်း ရွှေရောင်အဖွဲ့ဝင်အဖြစ် သတ်မှတ်ခံထားရသူ ပရိသတ်များထံသို့ မေ ၂၂ ရက်တွင် အီးမေးလ်မှတစ်ဆင့် အကြောင်းကြားခဲ့ကြောင်း သိရသည်။

လက်မှတ်ဈေးနှုန်း လျှော့ချခြင်းနှင့် ပတ်သက်၍ အာဆင်နယ်အသင်း တာဝန်ရှိသူတစ်ဦးက ဝက်ဆိုက်မှတစ်ဆင့် "ကျွန်တော်တို့အနေနဲ့ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီအတွင်း အမ်းမရိတ်စ်ဖလား၊ ပရီမီယာလိဂ်နဲ့ အခြားလိဂ်ဖလားတွေရဲ့ လက်မှတ်ဈေးနှုန်းကို လျှော့ချပေးသွားမှာဖြစ်ပါတယ်။ ကလပ်အသင်းက ယူရိုပါလိဂ်နဲ့ ချန်ပီယံလိဂ်တို့ဟာ ကွဲပြားတာကြောင့် လက်မှတ်ဈေးနှုန်းကိုပါ စဉ်းစားပြီး လျှော့ချပေးတာဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်ရာသီ ယူရိုပါလိဂ်ပြိုင်ပွဲအပါအဝင် တစ်ရာသီစာ လက်မှတ်ဈေးတွေကို လျှော့ပေးသွားမှာဖြစ်ပါတယ်"ဟု ကြေညာခဲ့သည်။

အာဆင်နယ်သည် ပရီမီယာလိဂ်အသင်းများတွင် လက်မှတ်ဈေးနှုန်း အမြင့်ဆုံးအသင်းဖြစ်သော်လည်း ယခုနှစ်တွင်မူ ချန်ပီယံလိဂ်ဝင်ခွင့် လွဲချော်မှုနှင့်အတူ လက်မှတ်ဈေးနှုန်းကိုပါလျှော့ချရန် စီစဉ်လာခြင်းဖြစ်သည်။ အာဆင်နယ်အသင်းသည် ၁၉၉၆ ခုနှစ်မှ စတင်ပြီး ချန်ပီယံလိဂ်ဝင်ခွင့်နှစ်စဉ်နှစ်တိုင်း ရရှိခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် စတုတ္ထနေရာရပ်တည်နိုင်ခဲ့တဲ့ လီဗာပူးထက် တစ်မှတ်လျော့အနေအထားဖြင့် ယူရိုပါလိဂ်ဝင်ခွင့်ဖြင့်သာ ကျေနပ်ရမည်ဖြစ်သည်။




# ဂျွန်တယ်ရီ နောက်ဆုံးပွဲစဉ် လူစားလဲကစားမှုကိစ္စရပ်ကို အက်ဖ်အေကစုံစမ်းပေးရန် ပက်ဒီပါဝါလောင်းကစားဒိုင် တောင်းဆို

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီကို ချယ်လ်ဆီးအတွက် နောက်ဆုံးကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်တွင် လူစားလဲသည့်မိနစ်ကိစ္စရပ်ကို စုံစမ်းပေးရန် ပက်ဒီပါဝါလောင်းကစားဒိုင်က အက်ဖ်အေကို တောင်းဆိုခဲ့ကြောင်း The Sun သတင်းဌာနက ဖော်ပြခဲ့သည်။ ပက်ဒီပါဝါ လောင်းကစားဒိုင်က တယ်ရီကို မည်သည့်မိနစ်တွင် လူစားလဲကစားစေမည်လဲဆိုသည်ကို လောင်းကြေးဖွင့်လှစ်ခဲ့ရာ ပရိသတ်တချို့က မှန်ကန်အောင်ဖြေဆိုနိုင်ကြသည့်အတွက် ယင်းကိစ္စရပ်ကို စုံစမ်းဖော်ထုတ်စေလိုကြောင်း တောင်းဆိုခဲ့ခြင်းဖြစ်သည်။ နည်းပြ ကွန်တီက တယ်ရီကို ပွဲချိန် ၂၆ မိနစ်တွင် လူစားလဲရန် စီစဉ်ခဲ့ပြီး ယင်းကိစ္စရပ်မှာ ချယ်လ်ဆီးပရိသတ်များသို့ ပေါက်ကြားခဲ့ခြင်းဖြစ်သည်။ လောင်းကစားကြေးအောင်မှုကိစ္စရပ်တွင် တယ်ရီ(သို့မဟုတ်) ချယ်လ်ဆီးအသင်းတာဝန်ရှိသူတစ်ဦးပါဝင်သည်ဟု စွပ်စွဲခြင်းမရှိသော်လည်း အများပြည်သူ ဆက်သွယ်ရေးစနစ်တစ်ခုခုမှ ပေါက်ကြားခဲ့ခြင်းဖြစ်နိုင်သည်ဟု ယူဆပြီး ပြန်လည်စိစစ်ပေးရန် ပက်ဒီပါဝါက လိုလားနေခြင်းဖြစ်သည်။

သို့သော် အမည်မဖော်လိုသူ ဖီဖာအဖွဲ့ဝင်တစ်ဦးက "ဒီလိုကိစ္စတွေဆိုတာ အသင်းအုပ်ချုပ်ရေးအဖွဲ့က စိတ်တိုင်းကျလုပ်တဲ့ကိစ္စရပ်တွေပါ။ ဒါပေမယ့် လောင်းကြေးဖွင့်လှစ်တဲ့ ဘွတ်ကီတွေကတော့ သူတို့ဘက်က ဆုံးရှုံးမှာကိုကြောက်တော့ ဒီကိစ္စရပ်ကိုစုံစမ်းပေးဖို့ တောင်းဆိုနေတာပါ။ ဒါက ပြဿနာတစ်ရပ်မှ မဟုတ်ပဲဗျာ"ဟု သူ့အမြင်ကို ထုတ်ဖော်ပြောကြားခဲ့သည်။




ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့သို့ ရောက်ရှိနေပြီဖြစ်သည့် စိုင်းစိုင်းခမ်းလှိုင်(အလယ်)
(ဓာတ်ပုံ-စိုင်းစိုင်းခမ်းလှိုင် ဖေ့စ်ဘွတ်)

# ယူရိုပါလိဂ်ဗိုလ်လုပွဲစဉ်တွင် မန်ယူအသင်းကို အားပေးရန် စိုင်းစိုင်းခမ်းလှိုင် ဆွီဒင်နိုင်ငံတွင် ရောက်ရှိနေပြီ

ရုပ်ရှင်သရုပ်ဆောင်နှင့် နာမည်ကျော်တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်က အေဂျက်စ်အသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်မည့် ယူရိုပါလိဂ်ဗိုလ်လုပွဲကို ကြည့်ရှုအားပေးရန် ဆွီဒင်နိုင်ငံသို့ ရောက်ရှိနေပြီဖြစ်သည်။ စိုင်းစိုင်းခမ်းလှိုင်သည် ငယ်စဉ်ကတည်းက ပရီမီယာလိဂ်ပြိုင်ပွဲများကြည့်ရှုပြီး ကြီးပြင်းလာခဲ့သူဖြစ်သဖြင့် ယခုကဲ့သို့ ပရီမီယာလိဂ်အသင်းတစ်သင်းဖြစ်သည့် မန်ယူအသင်း ယူရိုပါလိဂ်ဗိုလ်လုပွဲတက်ရောက်နိုင်မှုကြောင့် ကိုယ်တိုင်ကိုယ်ကျ သွားရောက်အားပေးခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံမှမထွက်ခွာမီ အင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့သည်။

မေ ၂၂ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်တွင် လေယာဉ်ပေါ်ရောက်ရှိနေသည့် ဓာတ်ပုံတစ်ပုံကို သူ၏ဖေ့စ်ဘွတ်စာမျက်နှာပေါ်တွင်တင်ခဲ့သလို ယင်းနေ့ည ၇ နာရီ ၃၅ မိနစ်တွင် ပဲရစ်လေဆိပ်သို့ ရောက်ရှိနေသည်ဆိုသည်ကို ထပ်မံအသိပေးခဲ့သည်။ မေ ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့သို့ ရောက်ရှိနေပြီဖြစ်သည်ကို ဖေ့စ်ဘွတ်စာမျက်နှာထက်တင်ကာ မန်ယူပွဲကိုအားပေးရန် အသင့်ဖြစ်နေပြီဆိုသည်ကို အချက်ပြခဲ့သည်။ အေဂျက်စ်နှင့် မန်ယူအသင်းတို့သည် မေ ၂၅ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်တွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

# အလက်ဆစ်ဆန်းချက်ဇ် ပြောင်းချင်သည့်အသင်းနှင့် အေးဂျင့်ဖြစ်သူ တိုက်တွန်းတဲ့အသင်းတို့ မတူကွဲပြားနေ



အာဆင်နယ်အသင်း ချန်ပီယံလိဂ်ဝင်ခွင့်လွဲချော်ပြီးနောက် တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်မှာ အသင်းပြောင်းရွှေ့ရန် သေချာသလောက်ရှိနေပြီဖြစ်ရာ ကာယကံရှင် ကစားသမားနှင့် အေးဂျင့်ဖြစ်သူတို့အကြား ပြောင်းရွှေ့လိုတဲ့အသင်းရွေးချယ်မှုတွင် ကွဲပြားနေကြောင်း သိရသည်။ ဆန်းချက်ဇ်က ပရီမီယာလဂ်အသင်း မန်စီးတီးအသင်းသို့ ပြောင်းရွှေ့လိုပြီး သူ၏ အေးဂျင့်ကမူ ဘိုင်ယန်မြူးနစ်အသင်းကိုသာ ရွေးချယ်စေလိုခြင်းဖြစ်သည်။

ဆန်းချက်ဇ်ကို ကမ်းလှမ်းထားတဲ့ အသင်းမြောက်မြားစွာရှိနေသည့်အထဲတွင် မန်စီးတီးနှင့် ဘိုင်ယန်နှစ်သင်းမှာ ဆန်းချက်ဇ်ကို ရရှိနိုင်မယ့် အသင်းများအဖြစ် ထိပ်ဆုံးက ဦးဆောင်နေသည်။ ဆန်းချက်ဇ်က ဘိုင်ယန်မှာ ယေဘုယျကြည့်ပါက မန်စီးတီးထက်အင်အားကြီးတယ်လို့ ယူဆနိုင်မည် ဖြစ်သော်လည်း တကယ်တမ်းတွင်မူ ဘွန်ဒက်စ်လီဂါရဲ့ ပြိုင်ဆိုင်မှုနည်းပါးတဲ့ အခြေအနေကြောင့် မန်စီးတီးကိုသာ ရွေးချယ်လိုခြင်းဖြစ်သည်ဟု အေးဂျင့်ကို အသိပေးခဲ့ကြောင်း သိရသည်။ သို့သော် ဆန်းချက်ဇ်ရဲ့ အေးဂျင့်ကမူ အာဆင်နယ်ကလည်း ပရီမီယာလိဂ်ပြိုင်ဘက်အသင်းသို့ ဆန်းချက်ဇ်ကို မရောင်းချချင်သလို ဘဏ္ဍာရေးသုံးစွဲမှုအရလည်း ဘိုင်ယန်သာ ကစားသမားအတွက် ပိုမိုအဆင်ပြေနိုင်မယ်လို့ယူဆပြီး ဘိုင်ယန်ကိုသာ ရွေးချယ်ရန် တွန်းအားပေးနေခြင်းဖြစ်သည်။ ဆန်းချက်ဇ်ရဲ့ ချီလီအသင်းဖော် ဗီဒယ်လ်ကလည်း ဆန်းချက်ဇ်မှာ အာဆင်နယ်အတွက် အကောင်းဆုံး ပေးဆပ်ခဲ့ပြီးဖြစ်သဖြင့် ကစားသမားဘဝ ပိုမိုမြင့်မားတဲ့အဆင့်ကိုတက်လှမ်းနိုင်ရန် ဘိုင်ယန်နဲ့ပူးပေါင်းသင့်ကြောင်း တိုက်တွန်းထားသည်။

ဆန်းချက်ဇ်မှာ ယခုနှစ်ဘောလုံးရာသီအတွင်း နည်းပြ ဝင်းဂါး၊ ကစားဖော်များနှင့် အဆင်မပြေသူဟု နာမည်ထွက်နေခဲ့ပြီး အာဆင်နယ်အသင်း သက်တမ်းတိုးစာချုပ်ကမ်းလှမ်းမှုကို အကြိမ်ကြိမ် ငြင်းဆန်နေခဲ့သူဖြစ်သည်။ ဆန်းချက်ဇ်မှာ ယခုနှစ် ဘောလုံးရာသီတွင် အာဆင်နယ်အတွက် သွင်းဂိုး ၂၄ ဂိုးအထိ သွင်းယူပေးခဲ့သော်လည်း အာဆင်နယ်ရဲ့ ချန်ပီယံလိဂ်ဝင်ခွင့်လွဲချော်မှုနဲ့အတူ အသင်းမှထွက်ခွာရန် သေချာသလောက်ရှိနေပြီဟု ချီလီမှလာသော သတင်းရင်းမြစ်များအရ သိရသည်။ အာဆင်နယ်မှ ဆန်းချက်ဇ်သာထွက်ခွာပါက အိုဇေးလ်ကိုလည်း ဆက်ထိန်းရန်ခက်ခဲမည်ဖြစ်ပြီး သူတို့နှစ်ဦးနေရာကို တစ်ပြိုင်နက်တည်း အစားထိုးရန် အာဆင်နယ်အတွက် ခက်ခဲမည်ဖြစ်သည်။

သို့သော် အာဆင်နယ်ကစားသမားဟောင်းမာတင်ကီယွန်က အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့နှစ်ဦးမှာ ခြေစွမ်းကောင်းသော်လည်း သူတို့နှစ်ဦး၏ ကိုယ့်ကိုယ်ကိုယ်လိုသည်ထက်ပိုပြီး တန်ဖိုးမြှင့်တင်နေမှုက အာဆင်နယ်အသင်း ရလဒ်ပိုင်းကို ကျဆင်းစေခဲ့သည်ဟု စွပ်စွဲပြောကြားခဲ့သည်။ ထို့ပြင် အာဆင်နယ်ဂိုးသမားဟောင်း ဒေးဗစ်ဆီးမင်းစ်က အသင်းကို ဦးဆောင်နိုင်မယ့် အသင်းခေါင်းဆောင်ကောင်းမရှိခြင်းက နှစ်၂၀ အတွင်း ရလဒ်ပိုင်းကို ထိုးကျသွားစေတဲ့ အကြောင်းရင်းတစ်ရပ်ဟု သုံးသပ်ခဲ့သည်။

မေ လှဲ့ သင်း - စု စည်း ရေး သား သည်

# အိမ်ပေါ်တက်လာသော လူလိမ်

ဦးဟန်ညွန့်(ဥပဒေ)

"အိမ်ပေါ်တက်လာသော လူလိမ်"ဟု ကျွန်တော့် ဆောင်းပါးကို အမည်ပေးလိုက်ရပါသည်။ ဘာ့ကြောင့်လဲ။ အောက်ပါသတင်းတစ်ပုဒ်ကို ဖတ်ကြည့်ပါ။

"ဒီနေ့ နေ့လယ်လောက်က အမျိုးသမီးတစ်ဦး ခြံဘဲလ်လာတီးတယ်။ ဧည့်သည်ထင်လို့ ဖေဖေက ထွက်ဖွင့်တာပေါ့။ ဖေ့ဖေ့ကိုတွေ့တော့ ဦးလေးကို လာကန်တော့တာပါ။ ခြံတံခါးဖွင့်ပါဦးနဲ့၊ အသိလိုလို ဘာလိုလို လုပ်ပြီး အတင်းအကြောင်ရိုက်ဖို့ ကြိုးစားတယ်။ ဖေဖေ သတိကောင်းတော့ မဖွင့်ပေးဘဲ "သမီး လူမှားနေပြီထင်တယ်။ ဦးလေးသမီးကို မသိဘူး"ဆိုတော့ သူက အတင်းပဲ၊ အဝေးကနေပြီး လာကန်တော့ရတာပါ။ ဘာညာနဲ့။ ခြံတံခါး အတင်းဖွင့်ခိုင်းတယ်"ဟု အစချီ၍ အိမ်တိုင်ရာရောက် လိမ်လည်သည့် အမျိုးသမီးတစ်ဦးအကြောင်းကို ရန်ကုန်မြို့တွင်နေထိုင်သူများအနေနှင့် သတိရှိရန် လိုအပ်ကြောင်း Khin Myanmar Kyaw အမည်ဖြင့် ဖေ့စ်ဘွတ်ခ်အသုံးပြုသူက ဖော်ပြခဲ့ရာ Like လုပ်သူ ရှစ်ထောင်နီးပါးနှင့် ပြန်လည်ဝေမျှသူ ခြောက်ထောင်ကျော်ရှိခဲ့သည်။

"ခုက လက်နဲ့တို့ဆေး မတို့တော့ဘူး။ ဆေးကို Spray ဘူးနဲ့ ဂုတ်ကိုလှမ်းဖျန်းတာ။ ကိုယ့်အဖေ သူငယ်ချင်းကိုယ်တွေ့ပဲ။ ဆေးမိပြီး ပိုက်ဆံအိတ်နှိုက်သွားတာ။ အိုး . . . အစ်မလည်း တစ်ခါ၊ သတိရှိလို့။ လက်က အိတ်ထဲကို နှိုက်ထားတယ်။ အစ်မ အမျိုးသားနာမည်ပြောပြီး ပိုက်ဆံသွင်းခိုင်းလို့ဆိုပြီး ဖွင့်ခိုင်းတာ။ အစ်မက သတိရှိလိုက်လို့။ စိတ်ထဲ မသင်္ကာတာနဲ့ အမျိုးသားကို ဖုန်းဆက်ဖို့ ဖုန်းပြေးယူတုန်း လစ်သွားတာ။ ကံကြီးလို့ ငါ့မောင်ရေ။ ခြံထဲရောက်မှ သူ့ကို မဟုတ်တာလုပ်ပါတယ်လို့ အော်လည်းခံရမှာ။ အမှန်အကန်သာဆိုရင်တော့ ခေတ်သစ် လူမှုဘဝ၊ အားပါးပါး၊ ဘာကြောင့်ပါလိမ့်။ ကြောက်စရာကြီး" စသည်ဖြင့် (အတွေ့အကြုံများဖြင့်) မှတ်ချက်များ ရေးသားထားသည်။

( 7 DAY DAILY- ၁၇-၅-၂၀၁၇ မှ Facebook **တစ်ခွင်သတင်း)**

**သင်ခန်းစာ**

အထက်ပါသတင်းမျိုး မကြာခဏဖတ်ရသည်။ ဤအဖြစ်အပျက်ကတော့ ပို၍ဆိုးလာသည်။ လူလိမ်သတင်းပါ။ ရိုးရိုးလူလိမ်မဟုတ်တော့။ အိမ်ပေါ်တက်လာသော လူလိမ်ဖြစ်နေပြီ။ သင်ခန်းစာယူစရာ။ သတိထားစရာ။

နေအိမ်၌ လူဦးရေ နည်းနည်းရှိချိန်တွင် အဖြစ်များသည်။ လူစုလူဝေးရှိနေလျှင် တော်သေးသည်။ ဤအခက်အခဲကို လူလိမ်သိသည်။ ဘယ်အချိန်၊ ဘယ်အချက်၊ ဘယ်အကွက်မှာ လိမ်၍ရမည်လဲ။ သေသေချာချာ စီမံချက်ချပြီး လိမ်သည့်သဘော။ ပိပိရိရိ လိမ်တတ်သည်။ သဘာဝကျအောင် လိမ်တတ်သည်။ လိမ်တာကတော့ လိမ်တာပါပဲ။ သို့သော် သင်ခန်းစာယူတတ်ရမည်။

**တံခါးမဖွင့်မိဖို့**

ခြံတံခါးမဖွင့်မိဖို့ အရေးကြီးသည်။ လူလိမ်က အမျိုးသမီးဖြစ်၍ ဉာဏ်ဆင်ပြီး သူ့ကို ဗလက္ကာလုပ်သည်ဟု ပြောလျှင် (လောလောဆယ် ရဲစခန်းလိုက်ခဲ့ပါ။ စခန်းရောက်မှ ရှင်းပါ) ဆိုတာမျိုး ကြုံဦးမည်။ စစ်ဆေးပါ။ မေးမြန်းပါ။ လူစိမ်းဆိုမှုဖြင့် သတိသာထားပါ။ လူလိမ်၏ အမူအရာ သိသာလှပါသည်။ သတိမလစ်စေနှင့်။

**ပစ္စည်းတစ်ခုပေးလိုက်ပါ**

အချို့ လူလိမ်များက "ပစ္စည်းတစ်ခုခု ပေးလိုက်ပါ။ ဘယ်သူက ခိုင်းလို့ပါ။ မှာလိုက်လို့ပါ"ဟု ပြောတတ်ကြသည်။ ခဏနေရင် ပြန်လာပို့မှာဟု ပြောသည်။ သို့သော် ပေါ်မလာတော့ပါ။

**ထီပေါက်သည်**

"လူကြီးမင်း ထီပေါက်သည်။ မုန့်ဖိုးပေးပါ။ ထီပေါက်စဉ်လာပို့မည်" စသည်ဖြင့် မုန့်ဖိုးလိမ်တောင်းသူတွေ ဒုနဲ့ဒေး တကယ်ထီပေါက်တာမဟုတ်။ ကိုယ်လည်း တစ်ခါမှ ထီမထိုးဖူးပါ။ အတည်ပေါက်နှင့် လိမ်တတ်ကြသည်။ လောဘတက်သူ (လူ့)သဘာဝမို့ ငွေများများရမည်။ ရွှေလက်ပတ်နာရီလက်ဆောင်ရမည်။ ထီပေါက်မည့် (သေချာပေါက်)လက်မှတ်ရမည်။ ငွေငါးသောင်း(စရန်)ပေးလိုက်ပါပြော၍ ယူပြီးပေးလိုက်သူများရှိပါသည်။ နည်းမျိုးစုံနှင့် လိမ်ကြတာပါ။

**အတွင်းလူ**

မိမိအတွင်းလူနှင့် ပူးပေါင်းလိမ်သူများလည်းရှိသည်။ ငွေကြေး၊ အလုပ်၊ နိုင်ငံခြားသဘော်ကိစ္စ၊ စီးပွားရေးကုမ္ပဏီအမည်မျိုးစုံပြော၍ ပွဲခယူကြသည်။ ပေးသင့်ပေးထိုက်သော ပွဲခမဟုတ်။ အပွကြံသော လူလိမ်ဇာတ်လမ်းများဖြစ်သည်။ အတွင်းလူပါသည်။ သတိထား။

**မှတ်ပုံတင်အတု**

မှတ်ပုံတင်အတု၊ passport အတုစသည်ဖြင့် တစ်ဦးနှင့်တစ်ဦး လူလိမ် ဇာတ်လမ်းတွေလည်း အများကြီး။ ဘဏ်များရှေ့တွင် အတော်များများတွေ့တတ်သည်။ ငွေစုစာအုပ်အတု၊ ငွေအတု၊ ရွှေအတု၊ ငွေလက်မှတ်အတုများဖြင့် ရိုးသားသူများခမျာ အလိမ်ခံကြရှာသည်။ လိမ်၍မရလျှင် ခြိမ်းခြောက်ငွေညှစ်သူများ ရှိသည်။ ဒေါ်လာ လဲသည့်ကိစ္စ၊ လူလိမ်များရှိသည်။ မလည် မဝယ်သူတွေ၊ ရိုးသားသူတွေ၊ လူလိမ်နှင့်တွေ့ရစမြဲ။ ချော့သလိုလို၊ မြှောက်သလိုလို၊ ခြောက်သလိုလို။

**ဘွဲ့လက်မှတ်အတု**

၁၀ တန်းအောင်လက်မှတ်အတု၊ ဘွဲ့လက်မှတ်အတု၊ ထောက်ခံစာအတုတွေလည်းရှိသေးသည်။ လူများများ စည်ကားရာ လမ်းဆုံတွေမှာ စုစုဝေးဝေးကြုံတတ်သည်။ လိမ်ဖို့ချောင်းနေသူတွေကို သတိပြုကြပါ။ မျက်စိဖွင့်ထားပါ။

**Taxi**

Taxi စီးလျှင် သတိထား။ ကားသမားရိုးသားသူ ရှိသလို၊ လူလိမ်ရှိနိုင်သည်။ ပို့ရမည့်နေရာက အနီးကလေး။ ခရီးဝေးပြောကာ တောသားကို ငွေပိုတောင်းသည်။ ပို၍ဆိုးသည်မှာ ပါလာသမျှ လုယက်ခြင်းရှိတတ်သည်။ Taxi သမားအားလုံးကို မဆိုလို။

မသိသောသူ၊ မျက်နှာစိမ်းဆိုလျှင်ဖြင့် မိန်းကလေးများ အထူးသတိထားရသည်။ နိုင်ငံခြားသားများ အတော်ခံရသည်။ အလိမ်ခံရသည်။ ရိုးသားသော Taxi သမားက မေ့ကျန်ပစ္စည်းကိုပင် တန်ဖိုးကြီးသော်ငြား ပြန်လည်ပေးကြသည်။ ဂုဏ်ယူဖွယ်ရာ။

**လိမ်လည်မှုများ**

နည်းမျိုးစုံဖြင့် လိမ်လည်မှုများကို မိမိဥပဒေဝန်ထမ်းများဘဝတွင် များစွာစစ်ဆေး၊ ကြုံခဲ့ရသည်။ ရာဇသတ်ကြီး ပုဒ်မ ၄၂၀ အရ စွဲတင်ခဲ့သောအမှုများဖြစ်သည်။

(၁) ရာဇသတ်ကြီးပုဒ်မ ၄၁၅ လိမ်လည်မှု (CHEATING) ဆိုတာဘာလဲ။ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်သည်။ မရိုးမဖြောင့်သော သဘောနှင့် လှည့်ဖြားသွေးဆောင်ခြင်းအကြောင်းဖြစ်ပါသည်။

(၂) တရားခံလွတ်အောင်၊ ထောင်မကျအောင် ပြောပေးမည်ဟုဆိုကာ လာဘ်ငွေယူခြင်း၊ ပေးခြင်းမျိုး။

(၃) သူတပါးအယောင်ဆောင်၍ လိမ်လည်ခြင်း၊ ကာမလိမ်လည်ရယူခြင်း စသည်ဖြစ်သည်။

(၄) ပစ္စည်းပေးဆပ်စေသည့်အခါ မရိုးမဖြောင့်သော သဘောနှင့် လိမ်လည်ခြင်းမျိုးလည်းရှိသည်။ အမှုအခင်းမျိုးစုံကြုံနိုင်သည်။ လူလိမ်မှန်သမျှပြစ်ဒဏ်ချခံရမည်။ မထင်နှင့်။ အမှုမှန်၊ လူလိမ်အမှန်ဖြစ်သော်ငြား အမှုမှ ကွင်းလုံးကျွတ်လွတ်သွားသူများရှိသည်။ တရားသူကြီးနှင့် ရှေ့နေကိုပင် လိမ်လည်သွားသောတရားခံများရှိခဲ့ဖူးသည်ဆိုလျှင် ယုံပါမည်လား။

**တရားခွင်မှ ဇာတ်လမ်းများ**

တရားခွင်ရောက်၊ တရားရုံးရောက် လူလိမ်ဇာတ်လမ်းများ မနည်းလှပါ။ အခါအခွင့်သင့်လျှင် ဗဟုသုတရေးပါဦးမည်။ ဇာတ်လမ်းပမာဟု ပြောသော်လည်း အမှုမှန်များ (True case) ဖြစ်ပါသည်။ ရှောင်ရန်၊ ဆောင်ရန် သင်ခန်းစာအပြည့်ပါ။

**ကျေးဇူးတင်ပါသည်**

ယနေ့လူလိမ်ဇာတ်လမ်းများကို Facebook မှ ဖြစ်စေ၊ သတင်းစာများမှဖြစ်စေ ပြန်လည်ရေးသား ပညာပေးခြင်းကို ကြိုဆိုပါသည်။ ကျေးဇူးတင်ပါသည်။ မခံရအောင် မိမိအတွေ့အကြုံကို မျှဝေသည့်သဘော ဖြစ်ပါသည်။ ဘယ်သူ့ကိုမှ မယုံရ။ ယုံသင့်၊ ယုံထိုက်မှ ယုံပါ။ စစ်ဆေးပါ။ ပြန်လည်စစ်ဆေးပါ။ အပြန်အလှန် စစ်ဆေးပါဟူသောစကားသိထားသင့်ပါသည်။ ဒီကြားထဲက လိမ်သွားတာတွေ၊ ခံလိုက်ရတာတွေ အများကြီးပါ။ ကျွန်တော်တို့ ကိုယ်တိုင်က အလိမ်ခံချင်စရာဖြစ်နေသလား။ စဉ်းစားစရာပါပဲ။ ဘာအားနည်းနေပါလိမ့်။

**တင်ပြချက်**

"သတိ" တစ်ချက်လစ်သည်နှင့် အလိမ်ခံရပြီ မှတ်ပေရော့ ဟု ပြောရတော့မည်။

❑

## ပဲခူးခရိုင်အတွင်း မိုးရာသီ ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေရေး ဆောင်ရွက်

**ပြည် မေ ၂၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်အတွင်း မိုးရာသီ ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေရေး ဆောင်ရွက်နေမှုတို့အား ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်သည် လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်စိုး၊ ဦးစီးအရာရှိများနှင့်အတူ မေ ၂၂ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးသည် သနပ်ပင်မြို့နယ် တာဝရေထိန်းတံခါးသို့ သွားရောက်ပြီး စက်ယန္တရားများဖြင့် ရေတံခါး (Outfall Channel) သဲနုန်းတူးဖော်ခြင်းလုပ်ငန်းအား ကြည့်ရှုခဲ့သည်။ အဆိုပါ တာဝရေထိန်းတံခါးသည် ပဲခူး-စစ်တောင်းတူးမြောင်းပေါ်တွင် တည်ရှိပြီး ပဲခူးမြစ် ဒီရေတက်ရောက်မှုနှင့်အတူ ရေတံခါးအောက်ပိုင်းသို့ ပို့ချရောက်ရှိလာသော နုန်းများအား မိုးရာသီအတွင်း ကွင်းရေထုတ်နုတ်နိုင်ရန် တူးဖော်ရခြင်းဖြစ်သည်။ သို့မှသာ သနပ်ပင်မြို့နယ်အတွင်းရှိ စိုက်ဧက ၄၈၀၀ ကျော်အား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်သည့်အပြင် နွေရာသီ ရေချိုထိန်းပေးပြီး မိုးရာသီတွင် ကွင်းရေထုတ်နုတ်ပေးသော အဓိကရေနုတ်မြောင်းတစ်ခု ဖြစ်ကြောင်း သိရသည်။

ညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့သည် သနပ်ပင်မြို့နယ်အတွင်း ပဲခူး-စစ်တောင်းတူးမြောင်းနှင့် တူးမြောင်းတာပေါင်လမ်း ရေရှည်တည်တံ့စေရန်အတွက် ဆောင်ရွက်နေသော တူးမြောင်းနံရံကျောက်ကြီးစီခြင်းလုပ်ငန်းအား ကွင်းဆင်းကြည့်ရှုပြီး ဝေါမြို့နယ် ရှမ်းကိုင်းရေထိန်းတံခါး (Outfall Channel) သဲနုန်းတူးဖော်ခြင်းနှင့် ရေလမ်းကြောင်းဖြောင့်ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ယခုဆောင်ရွက်နေသည့် လုပ်ငန်းများသည် မိုးရာသီအတွင်း ကွင်းရေများ စစ်တောင်းမြစ်အတွင်းသို့ ထုတ်နုတ်နိုင်ရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်ပြီး အချိန်မီပြီးစီးနိုင်ရေးအတွက် အင်တိုက်အားတိုက် နေ့၊ ည မပြတ်ဆောင်ရွက်ရန် မှာကြားခဲ့ပြီး ညွှန်ကြားရေးမှူးသည် ရှမ်းကိုင်းကျေးရွာ အုပ်ချုပ်ရေးမှူး၊ ဒေသခံများနှင့်တွေ့ဆုံပြီး ဒေသအကျိုးပြုဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သူရအောင်( ပြည်)**



## ၂၀၁၇-၂၀၁၈ ခုနှစ် ကျောင်းမဖွင့်မီ ဆောင်ရွက်ရမည့် ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်များ အသိပေးဆွေးနွေး

**လှိုင်းဘွဲ့ မေ ၂၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ် ကျောင်းမဖွင့်မီ ဆောင်ရွက်ရမည့် ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်များ အသိပေးဆွေးနွေးပွဲကို မေ ၂၂ ရက် နံနက် ၁၀ နာရီက လှိုင်းဘွဲ့ပြည်သူ့ဆေးရုံ၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယပညာရေးမှူး ဦးမောင်သိန်းက ကျောင်းမဖွင့်မီဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ မြို့နယ်ကုသရေးမှူး ဒေါက်တာမြင့်သိန်းထွန်းက ကျန်းမာရေးအဆင့်မြင့် ကျောင်းလုပ်ငန်းစဉ်များဆိုင်ရာများနှင့်ပတ်သက်၍ ပညာပေးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အာဟာရဖွံ့ဖြိုးရေးနှင့် အစားအသောက်ဘေးကင်းရေး၊ ရောဂါကာကွယ်ရေး၊ ကာယနှင့်အားကစား၊ သင်တန်းနှင့် သုတေသန၊ ပြည်သူလူထုပါဝင်မှုနှင့် ကျောင်းမှ ပြည်သူတွင်းသို့ ရောက်ရှိမှုများကို ဆွေးနွေးပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ စုစုပေါင်း ၆၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

# ကျန်းမာရေးဝန်ထမ်း များကို စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ပြည်နယ်ဝန်ကြီးချုပ်ပြောကြား




**မြစ်ကြီးနား မေ ၂၃**

ကချင်ပြည်နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများအား မူးယစ်ဆေးစွဲရောဂါကုသရေးလုပ်ငန်းနှင့် မက်သဒုန်းဖြင့် ကုသရေးလုပ်ငန်းတို့တွင် စွမ်းဆောင်ရည်မြင့်တက်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် WHO တို့ပူးပေါင်း၍ ဖွင့်လှစ်သည့် မူးယစ်ဆေးဝါးကာကွယ်တိုက်ဖျက်ရေးနှင့် မက်သဒုန်းအစားထိုး တိုက်ကျွေးရေးသင်တန်းဖွင့်ပွဲကို မေ ၂၂ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ဟိုတယ်မဒီရာ၌ ကျင်းပခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ယခုအခါ မူးယစ်ဆေးစွဲမှုကို ပြည်သူ့ကျန်းမာရေးရှုထောင့်မှ ဆောင်ရွက်လာသည့်အတွက် ကျန်းမာရေး၊ တားဆီးနှိမ်နင်းရေး၊ တရားစီရင်ရေးနှင့် လူမှုဝန်ထမ်းအဖွဲ့အသီးသီးမှ တက်ကြွစွာညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ဘက်ပေါင်းစုံပေါင်းစပ်စုစည်းထားသော ကျန်းမာရေးကို အခြေခံသည့်ချဉ်းကပ်မှုများနှင့်အတူ ယခုလိုသင်တန်းများဖွင့်လှစ်၍ ကျန်းမာရေးဝန်ထမ်းများကို စွမ်းဆောင်ရည်မြှင့်တင်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် မူးယစ်ဆေးစွဲရောဂါကုသရေးနှင့် သုတေသနဌာန၊ စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)မှ တာဝန်ခံဆရာဝန်ကြီး၊ စီမံချက်မန်နေဂျာ ဒေါက်တာနန္ဒမျိုးအောင်ဝမ်းက မူးယစ်ဆေးစွဲသူများအား မက်သဒုံးတိုက်ကျွေးရာတွင် ဝန်ဆောင်မှု ပိုမိုကောင်းစွာပေးနိုင်ရန်နှင့် ကုသရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ ပိုမိုထိရောက်အောင်မြင်လာစေရန်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းကို ကချင်ပြည်နယ်အတွင်းရှိ မက်သဒုန်းဆေးရည်ဖြင့် မူးယစ်ဆေးစွဲရောဂါကုဌာန ၁၅ ခုမှဆရာဝန်များကို မေ ၂၂ ရက်မှ ၂၄ ရက်အထိလည်းကောင်း၊ သူနာပြုဆရာမများ၊ ဆေးလုပ်ငန်းထမ်းများနှင့် NGO အဖွဲ့အစည်းများကို မေ ၂၅ ရက်မှ ၂၇ ရက်အထိလည်းကောင်း စုစုပေါင်းခြောက်ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ကချင်ပြည်နယ်၌ မူးယစ်ဆေးစွဲရောဂါသည်များကို မက်သဒုန်းဆေးရည်ဖြင့် တစ်နေ့လျှင် လူဦးရေ ၅၀၀၀ ကျော်ခန့် တိုက်ကျွေးပေးလျက်ရှိကြောင်း စစ်တမ်းများအရ သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ချင်းပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ဟားခါး၌ကျင်းပ

**ဟားခါး မေ ၂၃**

ချင်းပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာစေရန်၊ ရပ်ရွာလူထု၏သဘာဝဘေးကြံ့ကြံ့ခံနိုင်စွမ်းနှင့် သဘာဝဘေးစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာစေရေးတို့အတွက် ချင်းပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၂၂ ရက် နံနက် ၉ နာရီက ဟားခါးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ချင်းပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်က အဖွင့်အမှာစကားပြောကြားရာ၌ ကမ္ဘာကြီးပူနွေးလာခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်း၊ သဘာဝအရင်းအမြစ်များကို မဆင်မခြင်ထုတ်ယူသုံးစွဲခြင်းတို့ကြောင့် ကမ္ဘာပေါ်တွင် ဘေးအန္တရာယ်ပေါင်းများစွာ ဖြစ်ပေါ်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင်လည်း ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ လျှင်လှုပ်ခြင်း၊ မြေပြိုခြင်း၊ လေပြင်းတိုက်ခတ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များဟာ ယခင်ကထက် အကြိမ်အရေအတွက်အားဖြင့်သော်လည်းကောင်း၊ ပြင်းထန်မှုအားဖြင့်သော်လည်းကောင်း ပိုမိုများပြားလာသည်ကို တွေ့ရှိနေရပါကြောင်း၊ ယခုရေးဆွဲမည့်စီမံချက်သည် ချင်းပြည်နယ်ရှိ ပြည်သူလူထုအတွက် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချခြင်းနှင့် သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှု ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာကြသူအားလုံးက ကောင်းမွန်သောအကျိုးရလဒ်များရရှိအောင် တက်တက်ကြွကြွပါဝင်ဆွေးနွေးပေးကြစေလိုကြောင်းဖြင့် ထည့်သွင်းပြောကြားသည်။

ထို့နောက် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးဝင်းထိန်ကျော်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး IOM မှ ဒေါ်အေးသိမ့်သူက ချင်းပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစီမံချက် ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း၏ ရည်ရွယ်ချက်များ၊ မျှော်မှန်းရလဒ်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်း ၅၀ တက်ရောက်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မိတ္ထီလာမြောက်ကန် ကြာတောသို့စိတ်ဝင်တစားလာရောက်ကြည့်ရှုသူများဖြင့်စည်ကား

**မိတ္ထီလာ မေ ၂၃**

မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက် အနောက်ဘက်မလှမ်းမကမ်းတွင် တည်ရှိသည့် မိတ္ထီလာမြောက်ကန်အတွင်း ကြာဖြူပန်း အများအပြားပွင့်ဖူးနေသည့် ကြာတောနေရာသို့ စိတ်ဝင်တစားလာရောက်ကြည့်ရှုသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။

"မိတ္ထီလာမြို့ပေါ်ရပ်ကွက်တွေနဲ့ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားတွေ အများဆုံးလာရောက်ပြီး ကြာတောထဲမှာ လှေစီးရင်းကြာခူးကြတယ်။ တချို့ကတော့ စုံတွဲတွေ လှေစီးရင်းကြာခူး၊ တချို့ကတော့ သူငယ်ချင်းတစ်သိုက် အတူတူလှေစီးပြီး ကြာပန်းခူးကြတယ်။ လှေစီးတဲ့သူတစ်ယောက်ကို ငွေကျပ် ၁၀၀၀ တောင်းတယ်။ မိသားစုအသက်မွေးဝမ်းကျောင်းအတွက် ငါးဖမ်းတဲ့လှေသမားတွေက အပိုဝင်ငွေလေးရအောင် လှေလှော်ပြီး ကြာတောထဲပို့ပေးတာပါ။ ဟိုးအရင်တုန်းက ကြာပန်းတွေ ဒီလောက်အများကြီး မပေါက်ဘူး။ ကန်ထဲမှာ ကြာပေါက်ပေမယ့် ဒီလောက်အများကြီး မဟုတ်တော့ လူသိနည်းခဲ့တယ်" ဟု ကြာတော၏ အနောက်ဘက်ရှိ ကုလားမကျွန်းကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။



မိတ္ထီလာမြောက်ကန်အတွင်း ကြာဖြူပန်းပေါက်ရောက်သည့် ကြာတောနေရာသို့ လာရောက်လည်ပတ်သူအများစုမှာ လူငယ်လူရွယ်များဖြစ်ပြီး မှတ်တမ်းဓာတ်ပုံရိုက်ကူးသူ၊ မင်္ဂလာဆောင် အကြိုမှတ်တမ်းဓာတ်ပုံရိုက်ကူးသူ၊ မော်ဒယ်လ် အလှဓာတ်ပုံရိုက်ကူးသူများလည်း လာရောက်ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# နိုင်ငံပိုင်သတင်းစာများတွင် သတင်းရေးသားပေးပို့ခြင်းနှင့် ဒစ်ဂျစ်တယ်သတင်းများပေးပို့ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပခုက္ကူ မေ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဆွေးနွေးပို့ချသော နိုင်ငံပိုင်သတင်းစာများတွင် သတင်းရေးသားပေးပို့ခြင်းနှင့် ဒစ်ဂျစ်တယ်သတင်းများပေးပို့ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ မေ ၂၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ် ဦးခင်မောင်ကျော်ဒင်က ခေတ်စနစ်ပြောင်းလဲတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ သတင်းစာထုတ်ဝေမှုများလျော့နည်းလာကြောင်း၊ အွန်လိုင်းသတင်းစာများသည် ယနေ့ခေတ်တွင် ခေတ်ပေါ်နည်းပညာ သတင်းစာများအဖြစ် ပေါ်ပေါက်လာကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာသည် ပြည်သူလူထုအားလုံးတို့ကိုလွှမ်းခြုံ၍အသိပညာ ဗဟုသုတများ စဉ်ဆက်မပြတ်ပေးဝေနေသော နည်းပညာတစ်ခုဖြစ်ပြီး သတင်းစာပညာကိုအဆင့်မြှင့်တင်ပေးခြင်း၊ သတင်းစာပညာကို တော်လှန်ပြောင်းလဲလိုက်ခြင်း၊ သတင်းထုတ်လုပ်နိုင်မှုစွမ်းအားကို အမြန်ဆုံးထုတ်လုပ်နိုင်ခြင်း၊ အနာဂတ်မီဒီယာစိန်ခေါ်မှုကို ကျော်လွှားခြင်းစသည့်အကျိုးများရှိလာပြီဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သတင်းများပေးပို့ရာတွင် အသံ၊ ဗီဒီယို၊ ဓာတ်ပုံ၊ မက်ဆေ့ စသည်များဖြင့် ပေးပို့နိုင်ကြောင်း၊ သတင်းစာများရေးသားပေးပို့ရာတွင် လိုက်နာရမည့်အချက်များ၊ သတင်းအမျိုးအစား၊ ရိုးရှင်းသောအရေးအသား၊ (ဘ) ခြောက်လုံး၊ သတင်းအတိုအရှည်၊ ထိမိသောခေါင်းစဉ်များကိုအထူးဂရုစိုက်ပြီး ရေးသားပေးပို့ကြရန်လိုအပ်ကြောင်း၊ ယခုလိုဆွေးနွေးပွဲများပြုလုပ်ပေးခြင်းဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဓာတ်ပုံကျွမ်းကျင်-၂ ဝန်ထမ်းများ၊ ပြင်ပသတင်းမီဒီယာများသည် သတင်းရေးသားပေးပို့ရာတွင် သတင်းအချက်အလက်တိကျမှန်ကန်ခြင်း၊ အရေးအသားပြေပြစ်ခြင်း၊ ပြည်သူများ စိတ်ဝင်စားဖွယ်သတင်းများရှာဖွေရေးတတ်ခြင်း၊ အချိန်နှင့်တစ်ပြေးညီ ရေးသားပေးပို့နိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သတင်းများကို E.mail, Wechat, Viber များဖြင့် ပေးပို့နိုင်ပါကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဒုတိယဦးစီးမှူး၊ ပခုက္ကူ၊ ဂန့်ဂေါ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ၊ ဆော၊ ကျောက်ထုမြို့တို့မှ ဓာတ်ပုံကျွမ်းကျင်-၂ ဝန်ထမ်းများ၊ ပခုက္ကူခရိုင်အတွင်းရှိ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

**ဆလိုင်းကိုကီး**

# မူလတန်းအတတ်ပညာသင်တန်းဆင်း

**ကျောက်မဲ မေ ၂၃**

အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေကြသော နေ့စားလပေး ဆရာ၊ ဆရာမများ သင်ကြားမှု သင်ယူမှုဆိုင်ရာ အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် သင်ကြားမှုအရည်အသွေးမြင့်မားပြီး သင်ကြားမှုသင်ယူမှု ထိရောက်အောင်မြင်ရေးတို့ကို ရည်ရွယ်၍ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် မြို့နယ်အခြေပြု မူလတန်းအတတ်ပညာ သင်တန်းဆင်းပွဲအခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အထက(၄) ရွှေရတုခန်းမ၌ မေ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် သင်တန်းသားသင်တန်းသူများမှ မြတ်ဆရာသီချင်းသီဆို၍ အခမ်းအနားဖွင့်လှစ်ပေးခဲ့ပြီး ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းဝင်းက သင်တန်းမှရရှိသော အတွေ့အကြုံများကိုအသုံးပြု၍ မိမိတို့ကျောင်းများတွင် စေတနာကိုအရင်းခံကာ သင်တန်းမှပို့ချပေးသော ပညာရေးသဘောတရားများ၊ ပညာရေး စိတ်ပညာ၊ မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာ၊ လူမှုရေး၊ သိပ္ပံ၊ ပန်းချီ၊ စိုက်ပျိုးရေး၊ စက်မှု၊ အိမ်တွင်းမှု၊ ဂီတနှင့် ကာယပညာရပ်များကို ပြန်လည်ကြိုးစား သင်ကြားပို့ချသွားစေလိုကြောင်း သင်တန်းဆင်းအမှာစကားပြောကြားပေးခဲ့ပြီး သင်တန်းမှူး ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ သင်တန်းဆင်းလက်မှတ်များနှင့် ဘာသာရပ်အလိုက် ထူးချွန်ဆရာ၊ ဆရာမများကို တာဝန်ရှိသူများမှ ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင်(ပြန်/ဆက်)**



# ရေကြီးမှုကြိုတင်သတိပေးစနစ်ပစ္စည်း အလွန်အရေးပါကြောင်း ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ပြောကြား

**ပဲခူး မေ ၂၃**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ထံသို့ မေ ၂၂ ရက် နံနက် ၁၁ နာရီခွဲက ပဲခူးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းအထောက်အကူဖြစ်စေရန် တန်ဖိုးနည်းရေကြီးမှု ကြိုတင်သတိပေးစနစ် (Low-cost Flood Early Warning System) ပစ္စည်းများအား Myanmar Inter Tropical Convergence Zone Trading (ITCZ) Co., Ltd မှ လာရောက်ရှင်းလင်း ပြသခဲ့သည်။

ရှေးဦးစွာ (ITCZ) Co., Ltd ၏ မန်နေဂျင်းဒါရိုက်တာက တန်ဖိုးနည်း ရေကြီးမှု ကြိုတင်သတိပေးစနစ် တပ်ဆင်ခြင်းအားဖြင့် တစ်နေ့လျှင် ၂၄ နာရီ မြစ်ရေအခြေအနေကို လက်ကိုင်ဖုန်းဖြင့် ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများသို့ ရောက်ရှိနေလည်း စောင့်ကြည့်လေ့လာနိုင်ခြင်း၊ ရေအမှတ်များအား အပိုင်း (၄)ပိုင်းခွဲ၍ အဆင့်ဆင့်သတိပေးနိုင်ခြင်း၊ သတ်မှတ်ထားသည့် ရေအမှတ်များသို့ ရောက်ရှိတိုင်း သတိပေး SMS ပေးပို့ခြင်း၊ မိုးလေဝသ တိုင်းတာရေးစက်သည် လေတိုက်နှုန်း၊ လေလာရာအရပ်၊ အပူချိန်၊ မိုးရေချိန်နှင့် လေဖိအား၊ မြေဆီလွှာအပူချိန်၊ ရေအပူချိန်၊ ရေစိမ့်ထွက်မှု၊ စိုထိုင်းဆစသည့် အချက်အလက်များ တွက်ချက်ဖော်ပြပေးသဖြင့် ရာသီဥတု ဖြစ်ပေါ်ပြောင်းလဲမှုကို သိရှိနိုင်ရုံသာမက စိုက်ပျိုးရေးအတွက်လည်း အသုံးပြုနိုင်ခြင်း၊ အဆိုပါ စက်ပစ္စည်းများအား ဂျာမနီနိုင်ငံနှင့် အမေရိကန်နိုင်ငံများမှ တင်သွင်းထားရှိပြီး ငါးနှစ် အာမခံဖြင့် တပ်ဆင်ရောင်းချပေးနေပါကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်က ယခုလာရောက်ရှင်းလင်းတင်ပြသည့် စက်ပစ္စည်းများသည် မိမိတို့ တိုင်းဒေသကြီးအတွက် အလွန်ပင်အရေးပါသည့် စက်ပစ္စည်းများဖြစ်ပြီး ပြည်သူလူထုနှင့် အစိုးရဌာနဆိုင်ရာများအတွက် များစွာအထောက်အကူဖြစ်စေနိုင်ကြောင်း ပြောကြားခဲ့သည်။

ရှင်းလင်းပွဲသို့ ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဝန်ကြီးများ၊ အစိုးရအဖွဲ့ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**တင်စိုး (ပဲခူး)**

# ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းမှုရှိစေရေး ဆွေးနွေးပွဲ ပြည်နယ်ဝန်ကြီးချုပ်တက်ရောက်

**ဘားအံ မေ ၂၃**

ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအကြား ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းမှုရှိစေရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်သည့် အဖွဲ့အမှတ်(၂)နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲကို မေ ၂၂ ရက် ညနေ ၃ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေ့ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့အမှတ် (၂) အဖွဲ့ခေါင်းဆောင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦး၊ စက်မှုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန (စီမံ/လမ်းဦးစီးဌာန)၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များက မိမိတို့ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကဏ္ဍများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြကာ ကရင်ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စုနှင့်ဆက်သွယ် ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ပါဝင်သည့် အဖွဲ့အမှတ်(၂) နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြုံတွေ့ရသည့် အခက်အခဲများအား အပြန်အလှန်မေးမြန်းဆွေးနွေးကြပြီး ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**




# MISS MYANMAR WORD 2017 ပြိုင်ပွဲဝင်အဖွဲ့ မိုးရေလှောင်ကန် ကျောင်းသုံးပစ္စည်းများနှင့် တစ်နေ့တာ အာဟာရကျွေးမွေးလှူဒါန်း

**ဒလ မေ ၂၃**

MISS MYANMAR WORLD 2017 ပြိုင်ပွဲဝင် ၁၉ ဦး အဖွဲ့နှင့် MRTV-4၊ Channal7 အဖွဲ့သူ၊ အဖွဲ့သားများမှ မေ ၂၂ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်အတွင်းရှိ အုံ့ကြီးအနောက်ရပ်ကွက် ဘုရင့်နောင်(၂)လမ်း၌ ရေဂါလန် ၁၂၀၀ ဆံ့ ကွန်ကရစ် မိုးရေလှောင်ကန် တစ်ကန်လှူဒါန်းခြင်း၊ စံပြတံတားချောင်းကျေးရွာရှိ သီရိဇေယျာရုံ ဘုန်းတော်ကြီးကျောင်းတွင် သံဃာတော် အပါး ၃၀ အား ဆွမ်းကပ်ခြင်း၊ ဆန်၊ ဆီများ လှူဒါန်းခြင်း၊ ကျေးရွာအတွင်း ရေဂါလန် ၁၂၀၀ ဆံ့ ကွန်ကရစ်မိုးရေလှောင်ကန် တစ်ကန်လှူဒါန်းခြင်း၊ ဒေသခံပြည်သူများအား အာဟာရထမင်းဟင်း ကျွေးမွေးခြင်း၊ သောက်သုံးရေသန့်ဂါလန် ၈၀၀ လှူဒါန်းခြင်းတို့ ပြုလုပ်ခဲ့သည်။

ထို့နောက် မှော်စက်ရပ်ကွက်အတွင်းရှိ အခြေခံပညာမူလတန်း အမက(၂၂) စာသင်ကျောင်း၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက်ရောက်သင်ကြားမည့် ကျောင်းသား၊ ကျောင်းသူ ၁၀၀ တို့ကို စာအုပ်၊ ခဲတံ၊ ပေတံ၊ ဘောလ်ပင်၊ ကွန်ပါဘူး၊ ကျောပိုးအိတ်၊ ထီးကျောင်းသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ရာ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၃ သိန်းခန့် လှူဒါန်းခဲ့ကြောင်းသိရသည်။

အဆိုပါ MISS အဖွဲ့သည် ၂၀၁၆ ခုနှစ်က လာရောက်ပြီး ဒလမြို့နယ်အတွင်း လိုအပ်လျက်ရှိသည့် ရပ်ကွက်များသို့ လှူဒါန်းခဲ့ကြောင်း၊ ယခုအကြိမ်မှာ ဒုတိယအကြိမ် လှူဒါန်းမှုဖြစ်ပြီး ဒလမြို့နယ်အတွင်းရှိ ပရဟိတအဖွဲ့အချို့နှင့် ချိတ်ဆက်၍ စေတနာထက်သန်စွာဖြင့် ပရဟိတလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့လာရောက်သည့် မော်ဒယ် ၁၉ ဦးမှာ ဇွန် ၁၀ ရက်တွင် ကျင်းပမည့် CONTESTANT MISS MYANMAR WORLD 2017 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အသက် ၂၄ နှစ်အောက် မော်ဒယ်များဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**



# ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းဖွင့်

**လှိုင်သာယာ မေ ၂၃**

ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၂၆) ကို မေ ၂၂ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး လေ့ကျင့်ဌာန လေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ်ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေ တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ လေ့ကျင့်ဌာန၊ ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ခရိုင်တရားသူကြီးများနှင့် သင်တန်းသား၊ သင်တန်းသူ ၇၇ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သူရိန် (ဥပဒေ)**

# ရထားပေါ်မေ့ကျန်ပစ္စည်း ပိုင်ရှင်ထံပြန်လည်ပေးအပ်

**ရန်ကုန် မေ ၂၃**

ရန်ကုန်ဘူတာကြီး အမှတ် (၂) စင်္ကြံသို့ မေ ၂၀ ရက် နံနက် ၁၀ နာရီခွဲက ဆိုက်ရောက်လာသော အမှတ် ၁၇၆ အစုန် ထားဝယ်-ရန်ကုန်ရထား ရိုးရိုးတန်းတွဲခုံအမှတ် ၁၃ အပေါ်ပစ္စည်းတင်စင်တွင် ခရီးဆောင်အိတ်တစ်လုံးတွေ့ရှိရသဖြင့် ရထားရဲတပ်ဖွဲ့ဝင်များက ပစ္စည်းပိုင်ရှင်ကို စုံစမ်းရှာဖွေခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက်၌ နေထိုင်သူ ဦးနန်းကရင် ပစ္စည်းဖြစ်ကြောင်း သိရသဖြင့် စခန်းမှူးရဲအုပ်ကြည်ဝင်းက ပိုင်ရှင်ထံပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**

# ကွန်ပျူတာနည်းပညာပြန့်ပွားရေးသင်တန်းဖွင့်

**သန်လျင် မေ ၂၃**

သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ ကျေးလက်ကွန်ပျူတာနည်းပညာပြန့်ပွားရေး(Advance Level 2) သင်တန်းအား သန်လျင်မြို့နယ် သူဌေးကွင်းကျေးရွာ အနောက်ဘုန်းတော်ကြီးကျောင်း၌ မေ ၁၆ ရက်က ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၅၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သက်မှူး**

# ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ဝင်ရောက်နိုင်တော့မည့် ရှေးဟောင်းမြို့တော်ပုဂံ

မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)



ပုဂံသည် မြန်မာလူမျိုးတို့၏ ရှေးအတိတ်အချိန်က ကြီးကျယ်ခမ်းနားခဲ့သော မြန်မာတို့၏သမိုင်း၊ ယဉ်ကျေးမှု အနုပညာ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အချက်အလက်များ တစုတဝေးတည်းတွေ့ရှိနိုင်သော နေရာတစ်ခုဟု သိရှိကြသည်။ သို့သော် ဦးစွာပထမ ပျူအဆက်အနွယ်တို့ စတင်တည်ထောင်ခဲ့ကြသည်ကို ရှေးဟောင်းသုတေသနပညာရှင်များနှင့် သမိုင်းသုတေသီများမှလွဲ၍ သိရှိသူ နည်းပါးကြပေလိမ့်မည်။ ပုဂံဟုမည်သည့်အတွက်ကြောင့် ခေါ်ဝေါ်ခဲ့ခြင်းမှာ ပျူဂါမမှ 'ပုဂါမ၊ ပုဂါမ်' မှ 'ပုဂံ' ဖြစ်လာခဲ့သည်ဟု ဖော်ပြလေ့ရှိကြသည်။

ရှေးခေတ် ပုဂံကျောက်စာများတွင် 'ပုကံ' ဟူ၍ ရေးသားပြီး ပုဂံဟူသောအရေးအသားမှာ အလွန်နည်းပါးသည်။ ပုဂံခေတ်ကျောက်စာများတွင်သာမက ပင်းယ၊ အင်းဝခေတ် ကျောက်စာများတွင်လည်း 'ပုကံ' ဟူသောအရေးအသားကို အများအပြားတွေ့ရသည်။ ထီးလှိုင်ရှင်ကျန်စစ်မင်းကြီး (၄၄၆-၄၇၅) ရေးထိုးခဲ့သော ပြည်ရွှေဆံတော်မှ ကျန်စစ်သားမင်းအမိန့်တော် မွန်ဘာသာကျောက်စာများတွင် 'ပေါကာမ်' ဟု ရေးသားဖော်ပြထားသည်ကို တွေ့ရှိရသည်။ ပါဠိဘာသာတွင် 'ပေါကာမ' ဟု ရေးသားဖော်ပြထားသည်။

**ပုဂံဟူသည်**

ပုဂံဟူသည် မြို့၏အမည်ဖြစ်ပြီး ပုဂံကို အကြေပုဂံနှင့် အညာပုဂံဟူ၍ ရှိကြောင်းတွေ့ရှိရသည်။ အကြေဟူသော ဝေါဟာရသည် ပေါရာဏစကားလုံးဖြစ်၍ အကြေသည် 'အောက်' ဟု အဓိပ္ပာယ်ရသည်။ အညာသည် 'အထက်'ဟု အနက်အဓိပ္ပာယ်ရသည်။ အညာပုဂံသည် သုနာပရန္တတိုင်း တကောင်းဒေသ၌တည်ရှိ၍ အကြေပုဂံသည် တမ္ပဒီပတိုင်း၊ အရိမဒ္ဒနာဒေသ၌ တည်ရှိသည်။ အရိမဒ္ဒနာဒေသ၌တည်ရှိသော ပုဂံနန်းတော် နေရာခုနစ်ခု ရှိပေသည်။

သရေခေတ္တရာပြည်ပျက်ပြီးနောက် သရေခေတ္တရာမှ ပြောင်းရွှေ့လာကြသော ပျူလူမျိုးစုတို့သည် တောင်ညို အရပ်၊ ပန်းတောင်းသက်သာအရပ်မှ မင်းတုန်းအရပ်၊ ယုန်လွှတ်ကျွန်းအရပ်သို့ အဆင့်ဆင့်ပြောင်းရွှေ့လာကြပြီးနောက် သမုဒ္ဒရာဇ်မင်းသည် ပျူရွာကြီး ၁၉ ရွာကို စုစည်းပြီးနောက် ယုန်လွှတ်ကျွန်းဟူသောအရပ်တွင် မြို့တော်တည်ခဲ့သည်။ ထို ၁၉ ရွာ၏ အမည်မှာ ညောင်ဦး၊ နဂါးစိုး၊ နဂါးကျစ်၊ မကျည်းကြီး၊ စတယ်၊ ကျောက်စကား၊ အုံများ၊ ညောင်ဝန်း၊ အနုရာဓ၊ တောင်ခွင်၊ ရွာမုံး၊ ကြင်လို၊ ကုက္ကို၊ တောင်ပ၊ မြေခဲတွင်း၊ သရက်ရ၊ စဥ့်ကူး၊ ယုန်လွှတ်၊ ရွာစိုက်တို့ဖြစ်သည်။ ထိုရွာများမှ ရွာသူကြီး ၁၉ ယောက်တို့ကို စုစည်း၍ ပျူလူမျိုးစုများနှင့် ပူးပေါင်းအုပ်ချုပ်ကာ သမုဒ္ဒရာဇ်မင်းကြီး စတင်မင်းပြုခဲ့သည်။ ခရစ်နှစ် ၁၀၇ ခုနှစ်တွင် သမုဒ္ဒရာဇ်မင်းသည် ယုန်လွှတ်ကျွန်း အရပ်၌ အရိမဒ္ဒနာမည်သော နန်းတော်ကို စတင်တည်ဆောက်ခဲ့သည်။

**စိတ်ဝင်စားဖွယ်ကောင်း**

မြန်မာနိုင်ငံအတွင်း ပုဂံညောင်ဦးဒေသတစ်ဝိုက်သည် စေတီ၊ ဂူ၊ ကျောင်း စသော ရှေးဟောင်းအဆောက်အအုံများ လွန်စွာများပြားလှသည့်အတွက် အထူးစိတ်ဝင်စားဖွယ်ကောင်းသော ဒေသတစ်ခုလည်းဖြစ်ပေသည်။ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော် ပြန့်ပွားထွန်းကားလာပြီးနောက် ပုဂံခေတ်သည် အထူးစည်ပင်ထွန်းကားလာခဲ့လေသည်။ ထိုအချိန်ကာလတွင် ပုဂံဒေသတစ်ဝိုက်၌ ဗုဒ္ဓသာသနာပိုမိုထွန်းကားလာသည့်အတွက် မင်းနှင့်တကွ တိုင်းသူပြည်သားအားလုံးတို့သည် စေတီပုထိုးများ၊ ဂူ၊ ဥမင်များ၊ ကျောင်းများ တည်ထားကိုးကွယ်ခဲ့ကြလေသည်။

**စေတီပုထိုး၊ ဂူ၊ ကျောင်းပေါ်များ**

ထို့ကြောင့် ယခုအခါ ဗုဒ္ဓသာသနိက ရှေးဟောင်းအဆောက်အအုံများကို တွေ့ရှိနေရခြင်းဖြစ်သည်။ ပုဂံတစ်ဝိုက်ရှိ စေတီပုထိုး၊ ဂူ၊ ကျောင်း စသည်တို့မှာ အလွန်များပြားသည့်အတွက် 'လှည်းဝင်ရိုးသံ၊ တည်ညံ၊ ပုဂံဘုရားပေါင်း' ဟု သံပေါက်စပ်ဆိုထားခဲ့ခြင်းဖြစ်ပြီး ကိန်းဂဏန်းအားဖြင့် လေးသန်း လေးသိန်း လေးသောင်း ခြောက်ထောင်ခုနစ်ရာသုံးဆယ့်သုံး (၄၄၄၆၇၃၃) အရေအတွက် ဖြစ်လာသည်။ အင်းဝ မိုးညှင်းမင်းတရားလက်ထက် သက္ကရာဇ် (၈၀၀) လွန်ခဲ့သော နှစ်ပေါင်း (၅၀၀) ခန့်က ပုဂံဒေသရှိ ဘုရားပုထိုးအရေအတွက်ကို 'ဝင်းဝင်းထိတ်လျှံ ပုဂံဘုရားပေါင်း' ကိန်းဂဏန်းအားဖြင့် (၄၄၇၄) ဟု သိရှိရသည်။

ဗြိတိသျှတို့လက်ထက် ကမ္ပည်းကျောက်စာဌာန (ယခု ရှေးဟောင်းသုတေသနဌာန) မှ လွန်ခဲ့သောနှစ်ပေါင်း ခြောက်ဆယ်ကျော်က ပုဂံတစ်ဝိုက်ရှိ ရှေးဟောင်းအဆောက်အအုံများကို စာရင်းကောက်ယူခဲ့ရာ (၂၁၇၁) ဟု မှတ်တမ်းတင်ခဲ့ဖူးသည်။ ၁၉၆၈ ခုနှစ်တွင် ယခင်စာရင်းဟောင်းမှတ်စဥ်များနှင့်ညှိ၍ စာရင်းသစ်တစ်ခုကို ပြန်လည်ကောက်ယူခဲ့ရာ ပုဂံဒေသတစ်ဝိုက်ရှိ ရှေးဟောင်းအဆောက်အအုံပေါင်း (၂၂၁၇) ခုရှိကြောင်း သိရှိရသည်။ ပုဂံခေတ်ကောင်းစားစဥ်အချိန်ကာလက ရှေးသူတော်ကောင်းတို့ တည်ဆောက်ခဲ့ကြသော စေတီပုထိုးဂူကျောင်းစသည်တို့မှာ ပုဂံဒေသတစ်ဝိုက်တွင် အရေအတွက်အားဖြင့် (၅၀၀၀) ခန့်ရှိမည်ဟု ခန့်မှန်းရပေသည်။ ထို့ကြောင့် ပုဂံဒေသကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းနိုင်ရန် ရွေးချယ်ခဲ့ကြသည်။

**ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်**

၁၉၉၆ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ ထွန်းကားရာဒေသ အမွေအနှစ်ရှစ်ခုအဖြစ် ပြဒါးလင်းဂူ၊ အင်းလေးကန်၊ ပျူသုံးမြို့၊ ပုဂံဒေသ၊ မြောက်ဦးဒေသ၊ အထက်မြန်မာနိုင်ငံရှိ ရှေးမြို့ဟောင်းများ (အင်းဝ၊ အမရပူရ၊ စစ်ကိုင်း၊ မင်းကွန်း၊ မန္တလေး)၊ မွန်မြို့တော်များ (ပဲခူး၊ ဟံသာဝတီ)၊ ကုန်းဘောင်ခေတ်သစ်သားကျောင်းများကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းရန် ရွေးချယ်ခဲ့ကြသည်။ အဆိုပြုအမွေအနှစ်များအနက်မှ ပျူမြို့ဟောင်းများဖြစ်သော (ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ) မြို့များကို ပျူမြို့ဟောင်းများအဖြစ် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းရန် ရွေးချယ်ခဲ့ကြသည်။ ထို့နောက် မြန်မာနိုင်ငံရှိ ဌာနဆိုင်ရာ ပညာရှင်များနှင့် ပြည်ပပညာရှင်များ ပူးပေါင်းဆွေးနွေး၍ ကြိုးပမ်းခဲ့ကြသည်။

ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးအတွက် World Heritage Center မှ သုံးသပ်ချက်များ၊ အကြံပြုချက်များနှင့်အညီ ပြုစုထားသော Nomination Dossier (Draft) အား World Heritage Center သို့ ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင်လည်းကောင်း၊ Complete Nomination Dossier အား ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ ပြင်သစ်စံတော်ချိန် ညနေ ၆ နာရီမတိုင်မီ UNESCO ဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှတစ်ဆင့် ပေးပို့ခဲ့ပေသည်။

၂၀၁၂ ခုနှစ် ဧပြီလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် ဇွန်လ ၁၅ ရက်မှ ၂၅ ရက်အတွင်း ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပခဲ့သော (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ညီလာခံတွင် ကမ္ဘာ့အမွေအနှစ်ကော်မတီအဖွဲ့ဝင်များမှ ပျူမြို့ဟောင်းသုံးမြို့ကို အစည်းအဝေးဆုံးဖြတ်ချက်အမှတ်စဥ် (38 COM 8.B.28) ဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ပျူမြို့ဟောင်းသုံးမြို့မှာ ကမ္ဘာ့အဆင့်မီစံတန်ဖိုးများရှိသည်နှင့်အညီ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ဖြစ်ခဲ့သည်။

ပျူမြို့ဟောင်းသုံးမြို့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရောက်ရန် ကြိုးပမ်းခဲ့ကြသကဲ့သို့ ပုဂံဒေသသည်လည်း မကြာသောနှစ်အတွင်း ကမ္ဘာ့အဆင့်မီစံတန်ဖိုးများနှင့်အညီ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နိုင်ရန် ပြည်တွင်း/ပြည်ပပညာရှင်များ ပူးပေါင်းဆွေးနွေး ညှိနှိုင်းဆောင်ရွက်နေကြပြီဖြစ်သည်။

ကမ္ဘာ့အမွေအနှစ်၏ ဂုဏ်သတ္တိနှင့်တန်ဖိုးမှာ နက်နဲသိမ်မွေ့လှပေသည်။ အမွေအနှစ်တစ်ခု၏ တန်ဖိုးနှင့် ဂုဏ်သတ္တိကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေးသည် အသိပညာရှင်၊ အတတ်ပညာရှင်၊ စေတနာရှင်တို့နှင့် အတူ ပြည်သူတစ်ရပ်လုံးပါဝင်ပြီး စဥ်ဆက်မပြတ်ဝိုင်းဝန်းစောင့်ရှောက်မှသာ "Heritage of Humanity" ဆိုသည့် လူသားများအတွက် အမွေအနှစ်ကောင်းများကို ထားရှိခဲ့နိုင်မည်ဖြစ်သည်။

**ကြိုးပမ်းလျက်ရှိ**

အခြားနိုင်ငံများတွင် အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ဝင်ရောက်နိုင်ရန်အတွက် စတင်ဆောင်ရွက်ချိန်မှ စာတွဲ (Nomination Dossier) တင်သွင်းနိုင်ရန်အချိန်အထိ သုံးနှစ်မှ ၁၀ နှစ်ခန့်အထိ အချိန်ယူခဲ့ကြသော်လည်း မြန်မာနိုင်ငံတွင် အချိန်တိုနှစ်များအတွင်း စာတွဲ (Nomination Dossier) တင်သွင်းနိုင်ရန် ကြိုးပမ်းလျက်ရှိကြပေသည်။ ပုဂံဒေသအား ကမ္ဘာ့အဆင့်မီစံတန်ဖိုးများနှင့်အညီ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရန် ဆောင်ရွက်နေစဥ်တွင် ၂၀၁၆ ခုနှစ် ငလျင်လှုပ်ခတ်မှုကြောင့် စေတီပုထိုး၊ ဂူ၊ ဘုရား၊ ဥမင်အချို့ ပျက်စီးမှုနှင့် ကြုံတွေ့ခဲ့ကြရသည်။ ယခုအခါတွင် ပြည်တွင်း၊ ပြည်ပပညာရှင်များပူးပေါင်း၍ ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံလျက်ရှိသည်။ ထို့ကြောင့် မကြာမီကာလအတွင်း ပုဂံဒေသရှိ စေတီပုထိုး၊ ဂူ၊ ကျောင်း၊ ဥမင်တို့ကို ရှေးမူလက်ရာမပျက်မူလပုံစံအတိုင်း ပြန်လည်တွေ့ရှိ ဖူးမြော်နိုင်ကြရမည်ဖြစ်သည်။

ပုဂံဒေသအား ကမ္ဘာ့အဆင့်မီစံတန်ဖိုးများနှင့်အညီ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရန် စာတွဲ (Nomination Dossier) တင်သွင်းမည်ဖြစ်ရာ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုဖြစ်လာမည့် ရှေးဟောင်းမြို့တော်ပုဂံအား ဤဆောင်းပါးဖြင့် ကြိုဆိုဂုဏ်ပြုလိုက်ပါသည်။

**ကိုးကား** –

- ပုဂံသုတေသနလမ်းညွှန်- ဦးဘိုကေ (ပုဂံရှေးဟောင်းသုတေသီ)။
- သရေခေတ္တရာမြို့ဟောင်းရှိ လေ့လာစရာနေရာများ သမိုင်းနှင့်ဧည့်လမ်းညွှန်-မာန်သစ်ငြိမ်း (ရှေးဟောင်းသုတေသန)။
- ဦးကုလား(၁၉၆၀) - မဟာရာဇဝင်ကြီး၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်။

ပုဂံသည် မြန်မာလူမျိုးတို့၏
ရှေးအတိတ်အချိန်က ကြီးကျယ်ခမ်းနားခဲ့သော
မြန်မာတို့၏သမိုင်း၊ ယဉ်ကျေးမှု အနုပညာ၊
ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်
အချက်အလက်များ
တစုတဝေးတည်းတွေ့ရှိနိုင်သောနေရာ. . .



## အဖွဲ့ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း တရားဝင်ကြေညာခဲ့ပြီဖြစ်တဲ့ SISTAR

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ SISTAR ဟာ လတ်တလောမှာတော့ တေးဂီတအဖွဲ့ကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း အဖွဲ့ရဲ့ အေဂျင်စီကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့ကာ အဖွဲ့ဝင်တစ်ဦးချင်းစီကလည်း ပရိသတ်တွေအတွက် နှုတ်ဆက်စကားတွေကို သူတို့ရဲ့လူမှုကွန်ရက်မီဒီယာတွေမှ တစ်ဆင့် ရေးသားဖော်ပြခဲ့ကြကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လာမယ့် ဇွန်လအတွင်း ခုနစ်နှစ်စာချုပ်ပြည့်တော့မှာဖြစ်တဲ့အတွက် လတ်တလောမှာ စာချုပ်သစ်အတွက် ဆွေးနွေးမှုတွေပြုလုပ်ခဲ့ကြပြီး အဖွဲ့ဖျက်သိမ်းတော့မှာဖြစ်ကြောင်း သတင်းတွေ ဆက်တိုက်ပေါ်ထွက်လာချိန်မှာ အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ စတားရှစ်အန်တာတိန်းမန့်က အဖွဲ့ဖျက်သိမ်းတော့မှာဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့ခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။

အဆိုပါအေဂျင်စီရဲ့ ပြောကြားချက်အရ အဖွဲ့ဝင်လေးဦးပါဝင်တဲ့ SISTAR ရဲ့ အဖွဲ့ဝင်တွေဟာ အဖွဲ့လိုက်အနုပညာလှုပ်ရှားမှုတွေ ဆက်လက်လုပ်ဆောင်လိုခြင်းမရှိဘဲ တစ်ကိုယ်တော်လှုပ်ရှားမှုတွေနဲ့ သီးခြားစီရပ်တည်လိုတဲ့ ဆန္ဒရှိနေကြတာဖြစ်ပြီး အဖွဲ့ဝင်တွေရဲ့ သဘောထားကိုလိုက်လျောကာ အဖွဲ့ကိုဖျက်သိမ်းဖို့ သဘောတူခဲ့ခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။

အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ဟိုရင်၊ ဘိုရာ၊ ဆိုယူနဲ့ ဒါဆမ်တို့ကလည်း သူတို့ရဲ့ ခုနစ်နှစ်တာ အနုပညာသက်တမ်းတစ်လျှောက် အစဉ်အားပေးလာခဲ့တဲ့ပရိသတ်တွေအတွက် ရည်ရွယ်ရေးသားထားတဲ့စာတွေကို လူမှုကွန်ရက်မီဒီယာတွေပေါ်မှတစ်ဆင့် ရေးသားဖော်ပြခဲ့ကြကြောင်းလည်း သိရပါတယ်။

ဒီလိုအဖွဲ့ကို အပြီးတိုင်မဖျက်သိမ်းမီ SISTAR ဟာ အဖွဲ့ရဲ့နောက်ဆုံးသောတေးအယ်လ်ဘမ်ကို လာမယ့် မေ ၃၁ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အေး ပြည့် - စု စည်း ရေး သား သည်

## အရီရာနာဂရန်းရဲ့ တေးဂီတဖျော်ဖြေပွဲအတွင်း ပေါက်ကွဲမှုဖြစ်ပွား၊ ၂၀ ကျော် သေဆုံးကာ ၆၀ ခန့်ဒဏ်ရာရ



လတ်တလောမှာ အင်္ဂလန်မှာရှိတဲ့ မန်ချက်စတာမြို့မှာ ကျင်းပခဲ့တဲ့ ပေ့ါပ်ကြယ်ပွင့် အရီရာနာဂရန်းရဲ့ တေးဂီတဖျော်ဖြေပွဲအတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ကာ လူသေဆုံးမှုတွေလည်း ရှိခဲ့တာဖြစ်ကြောင်း အမ်တီဗီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၂၂ ရက် ညပိုင်းက မန်ချက်စတာကွင်းအတွင်း ကျင်းပခဲ့တဲ့ အရီရာနာဂရန်းရဲ့ ဖျော်ဖြေပွဲဟာတော့ ပေါက်ကွဲမှုကြောင့် ဝမ်းနည်းစရာတွေနဲ့ အဆုံးသတ်ခဲ့ရပါတယ်။ ယင်းဖြစ်စဉ်ကို လတ်တလောမှာ စုံစမ်းမှုတွေပြုနေကြပြီး အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုအဖြစ် သတ်မှတ်ထားပါတယ်။ ဒေသခံရဲတွေက ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရသူဦးရေဟာ လတ်တလောမှာတော့ ၂၀ ကျော်ရှိသွားပြီဖြစ်ကာ ထိခိုက်ဒဏ်ရာရခဲ့သူအရေအတွက်မှာလည်း အနည်းဆုံး ၆၀ ခန့်ရှိသွားပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

အဆိုပါပေါက်ကွဲမှုဟာ ပြီးခဲ့တဲ့ မေ ၂၂ ရက်က အင်္ဂလန်ဒေသစံတော်ချိန် ၁၀ နာရီခွဲခန့်မှာဖြစ်ပွားခဲ့တာဖြစ်ပြီး ယင်းဖြစ်စဉ်နဲ့ ပတ်သက်ပြီးဝမ်းနည်းရကြောင်းကို အရီရာနာဂရန်းက သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ကြောင်းလည်း သိရပါတယ်။ ဒါ့အပြင် အကြမ်းဖက်ခဲ့သူတွေကို ရှုတ်ချကာ ထိခိုက်ခဲ့ရသူတွေအတွက် ဆုတောင်းစကားတွေကိုလည်း နာမည်ကျော်တေးသံရှင်တွေက သူတို့ရဲ့ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြကာ ဒီလိုဆုတောင်းစကားဆိုခဲ့တဲ့ ဂီတကြယ်ပွင့်တွေထဲမှာ ပေ့ါပ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ တေလာဆွစ်နဲ့ ဟယ်ရီစတိုင်တို့လည်း ပါဝင်နေကြောင်း သိရပါတယ်။

## "Top Social Artist" ဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ B.T.S

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဟာတော့ လတ်တလောမှာ နိုင်ငံတကာ တေးဂီတထူးချွန်ဆုတစ်ဆုကို မိမိတို့ရဲ့နိုင်ငံဆီကို ယူဆောင်လာနိုင်ခဲ့ပြီဖြစ်ကာ ဒီလိုထူးချွန်ဆုကို သယ်ဆောင်ပေးနိုင်ခဲ့တာဟာလည်း တေးဂီတအဖွဲ့တစ်ဖွဲ့အနေနဲ့တော့ ပထမဆုံးအကြိမ် နိုင်ငံတကာထူးချွန်ဆုကို ရယူပေးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ယင်းတေးဂီတအဖွဲ့ကတော့ B. T. S ဖြစ်ပြီး လတ်တလောမှာ ကျင်းပခဲ့တဲ့ ဘေဘုတ် တေးဂီတဆုပေးပွဲကြီးမှာ "top social artist" ဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ မေ ၂၁ ရက်က အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်စ်မြို့မှာ ကျင်းပခဲ့တဲ့ ယခုနှစ်အတွက် Billboard Music Awards ဆုပေးပွဲကြီးမှာ B. T. S ဟာ ဆုအတွက် ဆန်ခါတင်စာရင်းဝင်ခဲ့ကြတဲ့ နိုင်ငံတကာမှ အနုပညာရှင်တွေကို ကျော်ဖြတ်ကာ မဲအရေအတွက် အများဆုံးရရှိခဲ့ပြီး "top social artist" ဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ B. T. S နဲ့အပြိုင် ယင်းဆုအတွက် ဆန်ကာတင်စာရင်းဝင်ခဲ့ကြတဲ့ တေးသံရှင်တွေကတော့ ဂျက်စတင်ဘီဘာ၊ အရီရန်နာဂရန်ဒီ၊ စွမ်မန်းဒပ်စ်နဲ့ ဆယ်လီနာဂိုမက်ဇ်တို့ဖြစ်ကြကြောင်းလည်း သိရပါတယ်။

ယခုနှစ်ရဲ့ ဘေဘုတ်တေးဂီတဆုပေးပွဲကို တက်ရောက်ပေးဖို့အတွက် ဖိတ်ကြားခံခဲ့ရတဲ့ B.T. Sဟာ ပြီးခဲ့တဲ့ မေ ၁၈ ရက်က ဆုပေးပွဲကိုတက်ရောက်သွားမှာဖြစ်ကြောင်း မီဒီယာတွေကို အသိပေးခဲ့ကာ ယခုလိုဆုအတွက် ရွေးချယ်ခံခဲ့ရတဲ့အခါမှာ ကိုယ်တိုင်တက်ရောက်လက်ခံနိုင်ခဲ့ပါတယ်။ ထူးချွန်ဆုကို တေးဂီတအဖွဲ့ဝင်အားလုံးက တက်ရောက်လက်ခံခဲ့တာဖြစ်ပြီး ဆုလက်ခံပြီးနောက် အမှတ်တရစကားကိုတော့ အဖွဲ့ရဲ့ ခေါင်းဆောင်ဖြစ်တဲ့ ရက်ပ်မွန်းစတားက အဖွဲ့ဝင်တွေကိုယ်စား ပြောကြားခဲ့ကြောင်းလည်း သိရပါတယ်။

ဒီလိုအမှတ်တရ စကားပြောကြားစဉ်မှာတော့ ရက်ပ်မွန်းစတားက ကမ္ဘာတစ်ဝန်းက ပရိသတ်တွေကို ကျေးဇူးအထူးတင်ရှိပါကြောင်းနဲ့ ဘေဘုတ် တေးဂီတဆုပေးပွဲကြီးမှာ နိုင်ငံတကာမှ လေးစားအားကျရတဲ့ တေးသံရှင်တွေအကြား တက်ရောက်ခွင့်ရတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူမိကြောင်း ထည့်သွင်းပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

B. T. S ရဲ့ အောင်မြင်မှုအပေါ် အခြားသော တေးသံရှင်တွေကလည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သူတို့ရဲ့ လူမှုကွန်ရက် မီဒီယာတွေပေါ်မှ တစ်ဆင့် ရေးသားဖော်ပြခဲ့ကြပြီး ဒီလိုဝမ်းမြောက်ကြောင်း စကားဆိုခဲ့ကြသူတွေထဲမှာ နာမည်ကျော်တွေဖြစ်ကြတဲ့ သယ်ချိန်းစမုတ်ကာစ်၊ ကမ်မီလာကပ်ဘဲလို၊ ဟေးစီတို့လည်း ပါဝင်နေကြတာကို တွေ့ရပါတယ်။

ယခုနှစ်ရဲ့ "top social artist" ဆုကို ရယူပေးနိုင်ခဲ့တဲ့အတွက် B. T. S ဟာ နိုင်ငံတကာဂီတထူးချွန်ဆုကို သယ်ဆောင်ပေးနိုင်ခဲ့တဲ့ ပထမဆုံးသော ကေပေ့ါပ်အဖွဲ့ဖြစ်လာခဲ့ပါတယ်။ တစ်ကိုယ်တော်တေးသံရှင်တွေထဲမှာတော့ Psy က ဦးဆုံးဖြစ်ခဲ့ကာ ၂၀၁၃ ခုနှစ်က တေးသီချင်း "Gangnam Style"နဲ့ ရယူပေးနိုင်ခဲ့ခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။





## တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ပထမဆုံးအကြိမ်ဖျော်ဖြေခဲ့တဲ့ ကမ်မီလာကပ်ဘဲလို

ဗြိတိန်ရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Fifth Harmony" ရဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်တဲ့ ကမ်မီလာကပ်ဘဲလိုဟာ အဖွဲ့ကနေ နုတ်ထွက်ခဲ့ပြီးနောက် တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်ခဲ့ကာ လတ်တလောမှာတော့ ဘေဘုတ်တေးဂီတဆုပေးပွဲကြီးမှာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ပထမဆုံးအကြိမ်ဖျော်ဖြေခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၂၁ ရက်မှာကျင်းပခဲ့တဲ့ ယခုနှစ်ရဲ့ ဘေဘုတ်တေးဂီတထူးချွန်ဆုပေးပွဲကြီးမှာတော့ ကမ်မီလာကပ်ဘဲလိုဟာ မကြာသေးမီက ထွက်ရှိထားတဲ့ သူ့ရဲ့တစ်ကိုယ်တော်တေးသီချင်း "Crying in the Club" နဲ့ သီဆိုဖျော်ဖြေခဲ့တာဖြစ်ပြီး ယင်းဖျော်ဖြေမှုဟာ ကမ်မီလာကပ်ဘဲလိုအတွက်တော့ အခြားသော "Fifth Harmony" အဖွဲ့ဝင်တွေမပါဝင်ဘဲ ပထမဆုံးအကြိမ် တိုက်ရိုက်ဖျော်ဖြေမှုပြုခဲ့ခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

ဒီလိုပထမဆုံးအကြိမ် ဖျော်ဖြေခဲ့ခြင်းဖြစ်ပေမယ့် ကမ်မီလာကပ်ဘဲလိုဟာ ပါဝင်အားဖြည့်သီဆိုပေးမယ့် အခြားသောတေးသံရှင်တစ်ဦးနဲ့ တွဲဖက်ခဲ့ခြင်းမရှိဘဲ အရည်အချင်းရှိတဲ့ အနုပညာရှင်တစ်ဦးဖြစ်ကြောင်းနဲ့ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်အဝရှိကြောင်းကို ထုတ်ဖော်ပြသခဲ့ပါတယ်။ ဒါ့အပြင် ကမ်မီလာကပ်ဘဲလိုရဲ့ အသံစွမ်းရည်ကိုလည်း သူ့ရဲ့ဖျော်ဖြေမှုအတွင်း ထုတ်ဖော်ပြသနိုင်ခဲ့ကြောင်းလည်း အဆိုပါမီဒီယာက ရေးသားဖော်ပြခဲ့ပါတယ်။

## တစ်ပတ်အတွင်း အားကစားသတင်းသုံးသပ်ချက်

# ဒီမက်တီယို မဟုတ်ကြောင်း သက်သေပြခဲ့တဲ့ ဇီဒန်းနဲ့ ချန်ပီယံလိဂ်သမိုင်းသစ်ရေးဖို့ အသင့်ဖြစ်နေပြီဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်

ဇီဒန်းဆိုတာ ကမ္ဘာကျော် ဘောလုံးသမားဘဝကနေ အနားယူပြီးနောက် ၁၀စုနှစ်တစ်ခုအကြာမှာ ရီးယဲလ်မက်ဒရစ်နည်းပြနေရာကို ဆက်ခံခွင့်ရခဲ့သူဖြစ်ပါတယ်။ အရှင်မွေးတော့ နေ့ချင်းကြီးဆိုသလို ဖြစ်ခဲ့ပေမယ့် နည်းပြအတွေ့အကြုံ လောက်လောက်လားလားမရှိတဲ့ ဇီဒန်းကို နည်းပြအဖြစ် ခန့်အပ်မှုအပေါ် ကြိုဆိုသူထက် ဝေဖန်ကဲ့ရဲ့မှု၊ သံသယတွေနဲ့ စောင့်ကြည့်မှုတွေ ပိုမိုများနေခဲ့တာဖြစ်ပါတယ်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက်မှာ နည်းပြ တာဝန်ကို လက်လွှဲယူပြီးနောက် လေးလကျော် ငါးလနီးပါး ကြာချိန်မှာ ချန်ပီယံလိဂ်လို အမြင့်မားဆုံးဆုဖလားဆွတ်ခူးခဲ့ပေမယ့် ဇီဒန်းအပေါ် အထင်ကြီးမှု သိပ်မရှိဘဲ "ကြက်ကန်းဆန်အိုးတိုး" လို့ သတ်မှတ်ခဲ့ကြသူများပါတယ်။ ဒီလို သတ်မှတ်ကြတာကလည်း ရီးယဲလ်မက်ဒရစ်ဟာ ဗိုလ်လုပွဲမှာ အက်သလက်တီကို အသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ယူပြီး ချန်ပီယံဖြစ်ခဲ့သလို ကစားပုံအခင်းအကျင်းကလည်း ပြောလောက်အောင် မကောင်းမွန်ခဲ့တာကြောင့်ပါ။ ဒါကြောင့်လည်း ချယ်လ်ဆီးအတွက် ချန်ပီယံလိဂ်ဖလားရယူပေးပြီး နောက်နှစ်ဘောလုံးရာသီမှာပဲ ထုတ်ပယ်ခံလိုက်ရတဲ့ ဒီမက်တီယိုလို ဇီဒန်းလည်း အလားတူအဖြစ်မျိုး ကြုံရလေဦးမလားလို့ သံသယပွားသူတွေရှိခဲ့ပါတယ်။

ဒီနှစ်တော့ ဇီဒန်းဟာ ရီးယဲလ်မက်ဒရစ်အသင်း မရယူနိုင်တာ ငါးနှစ်ကြာမြင့်နေပြီဖြစ်တဲ့ လာလီဂါအမှတ်ပေးဖလားကို ရယူပြီး သူဟာ ကော်ရိုးမီးလို ခဏတာ ထတောက်တဲ့ နည်းပြ မဟုတ်ဘူးဆိုတာ သက်သေပြနိုင်ခဲ့ပါတယ်။ မာလာဂါကို အနိုင်ယူပြီး လာလီဂါဖလားဆွတ်ခူးအပြီးမှာ ဇီဒန်းက လာလီဂါဖလားရရှိမှုဟာ သူ့ဘဝအတွက် အပျော်ရွှင်ဆုံးခံစားချက်ကို ရရှိခဲ့တယ်လို့ ဖွင့်ဟသွားခဲ့ပါတယ်။ ဇီဒန်းက ကစားသမားဘဝ ၂၀၀၃ ခုနှစ်မှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ လာလီဂါဖလားကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်တာကြောင့် နည်းပြဘဝမှာရော ကစားသမားဘဝမှာပါ လာလီဂါဖလားကိုကိုယ်တိုင်မြှောက်နိုင်တဲ့ သူအဖြစ်လည်း မှတ်တမ်းဝင်သွားပါတယ်။

ဇီဒန်းဟာ ရီးယဲလ်ကို တာဝန်ယူခဲ့တဲ့ တစ်နှစ်ခွဲကာလအတွင်း ရီးယဲလ်မက်ဒရစ်ဟာ ချန်ပီယံလိဂ်ဖလား၊ ဥရောပစူပါလိဂ်ဖလားနဲ့ ကမ္ဘာ့ကလပ်ချန်ပီယံဆုအပြင် လာလီဂါဖလားတို့ကို ရယူခဲ့ပြီးဖြစ်သလို ချန်ပီယံလိဂ်ဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့ပြီးဖြစ်ပါတယ်။ သူကိုင်တွယ်ခဲ့တဲ့ တစ်နှစ်ခွဲကာလအတွင်း လာလီဂါအမှတ်ရရှိမှုကို ပြန်ကြည့်ရင်တောင် အနီးကပ်ဆုံးပြိုင်ဘက် ဘာစီလိုနာထက် ခုနစ်မှတ်၊ အက်သလက်တီကိုအသင်းထက်ဆို ၂၁မှတ် ရယူနိုင်ခဲ့တာကိုကြည့်ရင် သူဟာ ရေရှည်မှတ်ကျောက်တင်ခံနိုင်တဲ့ အရည်အသွေးရှိသူဆိုတာ အထူးပြောစရာ လိုမယ်မထင်ပါဘူး။

ကမ္ဘာ့အကောင်းဆုံးနည်းပြဖြစ်မယ့် သူတွေဟာ ဇီဒန်းလို မှတ်တမ်းကောင်းတွေနဲ့ သူတို့အရည်အချင်းကို သက်သေထူနိုင်တွေချည်းဖြစ်ပါတယ်။ အောင်မြင်တဲ့ကစားသမားတိုင်းက နည်းပြဘဝမှာ အောင်မြင်မှုမရရှိတတ်ကြပါဘူး။ ကစားသမားဘဝမှာရော နည်းပြဘဝမှာပါ အောင်မြင်မှုရရှိခဲ့တဲ့ သူဆိုတာ ဘောလုံးလောကအတွင်းမှာလည်း များများစားစား မရှိနိုင်ပေမယ့် မန်စီးတီးနည်းပြ ဂွါဒီယိုလာနဲ့ ချယ်လ်ဆီးနည်းပြ ကွန်တီတို့ကလည်း ကစားသမားဘဝမှာရော နည်းပြဘဝမှာပါ အောင်မြင်မှုရရှိကြသူတွေဖြစ်ပါတယ်။ ဒီနှစ်ဦးဟာလည်း ဇီဒန်းနဲ့ ခေတ်ပြိုင်ကစားသမားတွေဖြစ်ခဲ့ပေမယ့် ကစားသမားဘဝမှာတော့ ဇီဒန်းရဲ့ အောင်မြင်မှုအရှိန်က ပိုကြီးမားခဲ့တာပါ။

အန်စလော့တီဆိုရင် အီတလီ၊အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီမြေတွေမှာ အောင်မြင်မှု ရရှိခဲ့ပေမယ့် အင်မတန်ပြိုင်ဆိုင်မှု ပြင်းထန်တဲ့ စပိန်မြေမှာတော့ အမှတ်ပေးဖလားရယူနိုင်ခြင်းမရှိပါဘူး။ လာလီဂါဖလားကို ဘာစီလိုနာအသင်းကသာ တောက်လျှောက်လွှမ်းမိုးနေပြီး ရီးယဲလ်မက်ဒရစ်အသင်းဟာ နည်းပြမော်ရင်ဟိုလက်ထက် ၂၀၁၂ ခုနှစ်မှာ လာလီဂါဖလားရယူနိုင်ခဲ့ပြီးနောက်ပိုင်း လာလီဂါ အောင်မြင်မှုနဲ့ ဝေးကွာနေတာ လေးရာသီကြာခဲ့ပါပြီ။ ဘာစီလိုနာပရိတ်တွေကတော့ ဒိုင်တွေကြောင့် ရီးယဲလ်မက်ဒရစ်အသင်း လာလီဂါဖလား ရတာလို့ စွပ်စွဲပေမယ့် ပြိုင်ပွဲစုံဟန်ချက်ညီအောင် ထိန်းနိုင်မှုအပိုင်းမှာ ဘာစီလိုနာက ရီးယဲလ်ကို လိုက်မမီခဲ့တာကတော့ အမှန်ပါ။

ဇီဒန်းဟာ အန်စလော့တီထွက်သွားပြီး ဘင်နီတက်ဇ်လက်အောက် ဖရိုဖရဲဖြစ်နေတဲ့ အသင်းရဲ့ အနေ





အထားအပေါ် ပြန်လည် တည့်မတ်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။ ကြယ်ပွင့်ကစားသမားတွေ အားပြိုင်နေတဲ့ ရီးယဲလ်အသင်းကို အကောင်းဆုံးဦးဆောင်မှုပေးပြီး ပြိုင်ပွဲစုံရလဒ်ပိုင်းငြိမ်အောင်ထိန်းထားနိုင်ခဲ့ပါတယ်။ ဒီနှစ်ဘောလုံးရာသီမှာတော့ လာလီဂါဖလားကို ဆွတ်ခူးနိုင်ခဲ့ဖြစ်သလို ချန်ပီယံလိဂ် လက်ရှိ ချန်ပီယံဘွဲ့ကိုလည်း ကာကွယ်နိုင်ဖို့ အခွင့်အရေးကောင်းတွေ ပိုင်ဆိုင်ထားပြီးဖြစ်သလို အပိုဆုအနေနဲ့ ဘာစီလိုနာအသင်းရဲ့ ပြိုင်ပွဲစုံ ၃၉ ပွဲရှုံးပွဲမရှိစံချိန်ကို ချိုးဖျက်ကာ ပွဲ၄၀ရှုံးပွဲမရှိ စံချိန်ကိုပါ ရယူပြနိုင်ခဲ့ပါတယ်။ ဒါကြောင့် မီဒီယာတွေကတော့ ဇီဒန်းဟာ ကစားသမားဘဝ ဂန္ထဝင်ဖြစ်ခဲ့သလို နည်းပြဘဝမှာလည်း ဂန္ထဝင်ဖြစ်တဲ့သူရယ်လို့ သတ်မှတ်ချီးကျူးရေးသားရပါတယ်။

ဒါပေမယ့် ဇီဒန်းရဲ့ နည်းပြဘဝဟာ အောင်မြင်မှုတွေနဲ့ချည်း ပြည့်နှက်နေခဲ့တာမဟုတ်ဘဲ ပြီးခဲ့တဲ့နှစ်ဘောလုံးရာသီ ဝုဖ်ဘတ်ကို ရှုံးနိမ့်ခဲ့စဉ်ကတစ်ကြိမ်၊ ယခုနှစ် ဆီဗီလာနဲ့ ဆယ်လ်တာဗီဂိုအသင်းတို့ကိုဆက်တိုက် အရေးနိမ့်ခဲ့တဲ့တုန်းက တစ်ကြိမ်၊ ဘာစီလိုနာအသင်းကို ရှုံးနိမ့်တဲ့ ပွဲစဉ်မှာ တစ်ကြိမ် အကြီးအကျယ်ဝေဖန်ထိုးနှက်ခံခဲ့ရပါသေးတယ်။ ဒါပေမယ့် ဘာစီလိုနာကို ရှုံးနိမ့်တဲ့ ပွဲစဉ်နောက်ပိုင်း ရီးယဲလ်ကို အကောင်းဆုံးပြန်လည်တည်ဆောက်ပြီး ငါးနှစ်အတွင်း ပထမဦးဆုံးအကြိမ် လာလီဂါဖလားကို ရယူပေးနိုင်ခဲ့ပါတယ်။

ဇီဒန်းရဲ့ ကစားသမားတွေအပေါ် ဩဇာသက်ရောက်မှုကို သတင်းထောက်တွေက စိတ်ဝင်တစားမေးမြန်းခဲ့ကြရာမှာ "ကျွန်တော့အနေနဲ့ကတော့ အဝတ်လဲခန်းဟာ စုစည်းညီညာတဲ့ပုံစံနဲ့ အောင်ပွဲရယူရေးဆိုတာကို ဦးတည်ပါတယ်။ ဩဇာညောင်းတယ်ဆိုတာထက် ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့ အနေအထားအပေါ် အခြေခံပြီး သူတို့ကို ဆက်ဆံပေးခဲ့တာဖြစ်ပါတယ်။ တစ်ခါတစ်လေတော့ အဝတ်လဲခန်းအတွင်း နည်းပြရဲ့ဩဇာလွှမ်းမှုဟာ နည်းဗျူဟာပိုင်းထက် အရေးပါပါတယ်" လို့ ပြန်လည်ဖြေကြားခဲ့ပါတယ်။

ဒီစကားကိုထောက်ပြီး ကောက်ချက်ဆွဲဖော်ပြရရင် ဇီဒန်းဟာ ဂွါဒီယိုလာ၊ အင်းနရစ်တို့လို နည်းဗျူဟာပိုင်းဆရာတစ်ဆူ ဖြစ်ချင်မှဖြစ်မယ်။ ဒါပေမယ့် သူရဲ့ ကစားသမားဘဝအောင်မြင်မှုအရှိန်အဝါ၊ ရီးယဲလ်ကစားသမားတွေအကြောင်း သေချာသိနေတဲ့ အားသာချက်တွေကြောင့် နည်းပြပိုင်းသိမ္မာမရှိပေမယ့် ကစားသမားအပေါ် ဩဇာသက်ရောက်မှု ကြီးမားတာဖြစ်ပါတယ်။ အတွေ့အကြုံမရှိတဲ့ နည်းပြအတော်များများက နာမည်ကျော်ကစားသမားတွေကို ရှိန်နေကြပေမယ့် ကက်စီမီရိုလို နာမည်သိပ်မရှိတဲ့ကစားသမားကို ပုံမှန်ပွဲထွက်ခွင့်ပေးတာ၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်လို ကစားသမားကိုတောင် အရန်ခုံပေါ် ထိုင်းခိုင်းတာတွေကို ကြည့်ရင် သူဟာ သူ့လမ်းကို သူယုံယုံကြည်ကြည်လျှောက်ရဲသူဆိုတာ ထင်ရှားပါတယ်။ သူမှန်တယ်ထင်ရင် ရီးယဲလ်ဥက္ကဋ္ဌကြီး ဖလော်ရန်တီနိုပီရက်ဇ် စွက်ဖက်တာကိုလည်း လျစ်လျူရှုနိုင်သူဖြစ်ပါတယ်။

ဇီဒန်းဟာ စီရိုနယ်လ်ဒို၊ တိုနီခရုစ်၊ ရာမို့စ်၊ ဘင်ဇီမာ၊ ဂါရတ်ဘေးလ်တို့လို ကစားသမားတွေအပေါ် ဩဇာလွှမ်းမိုးသူဖြစ်သလို အစ္စကို၊ အဆန်စီရိုတို့လို အရန်ခုံပေါ် ထိုင်နေရတဲ့ ကစားသမားတွေကိုလည်း ကျေနပ်အောင် စွမ်းဆောင်နိုင်သူဖြစ်ပါတယ်။ အစ္စကိုကဆိုရင် အစောပိုင်းက ရီးယဲလ်ကနေထွက်ပြီး ဘာစီလိုနာအသင်းကို ပြောင်းရွှေ့တော့မယ်လို့ သတင်းထွက်ခဲ့ပေမယ့် မာလာဂါနဲ့ ပွဲအပြီးမှာတော့ ရီးယဲလ်မှာ ဆက်ရှိမှာသေချာတယ်လို့ ကတိပြုစကားဆိုခဲ့ပါတယ်။ ဒါ့အပြင် အသင်းက ထွက်မယ်လို့ နာမည်ကြီးနေတဲ့ မိုရာတာ၊ ဂျိမ်းစ်တို့ကို ဆက်ထိန်းဖို့ ကြိုးစားမယ်လို့ စပိန်သတင်းရင်းမြစ်တွေက ဖော်ပြပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ လာမယ့် ဇွန်၃ရက်မှာ ဂျူဗင်တပ်အသင်းနဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ရပါတော့မယ်။ တကယ်လို့ ရီးယဲလ်သာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း အောင်ပွဲခံနိုင်မယ်ဆိုရင် ယနေ့မော်ဒန်ဘောလုံးလောကမှာ လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်တဲ့ပထမဦးဆုံးအသင်းဖြစ်လာတော့မှာပါ။ ဂျူဗင်တပ်အသင်းဟာ ကွာတားဖိုင်နယ်မှာ ဗိုလ်စွဲဖို့ ရေပန်းအစားဆုံး နံပါတ်(၁)နေရာမှာရှိနေတဲ့ ဘာစီလိုနာကို ဖြုတ်နိုင်ခဲ့သလို ကျစ်လျစ်လွန်းတဲ့ နောက်တန်းခံစစ်ကြောင့် အများစုကတော့ ဂျူဗင်တပ်သာလျှင် အောင်ပွဲခံနိုင်မယ်လို့ ယူဆကြတာပါ။

ဒါကြောင့်လည်း ရီးယဲလ်မက်ဒရစ်အသင်းဟာ လက်ရှိ ချန်ပီယံဆိုပေမယ့် ရေပန်းစားမှုအဆင့်မှာ ဂျူဗင်တပ်အောက် ရောက်နေတာဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိလူအင်အား၊ ကစားသမားများရဲ့ အနိုင်ရလိုစိတ်ပြင်းပြနေမှု၊နည်းပြရဲ့ ဦးဆောင်မှုကို ပြန်ကြည့်ရင် ရီးယဲလ်မက်ဒရစ်အသင်းဟာလည်း ဂျူဗင်တပ်ကို အကောင်းဆုံးယှဉ်နိုင်မှာ သံသယဝင်စရာ မရှိသလို ရီးယဲလ်ဟာ ဂျူဗီထက် မသာရင်တောင် မလျော့တဲ့အသင်းပါ။ ထင်မြင်ချက်တွေ ဘယ်လိုပင်ထွက်နေပါစေ၊ ယနေ့ခေတ်သစ်ဘောလုံးလောကမှာ မှတ်တမ်းသစ်ရေးထိုးဖို့ ဇီဒန်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းသားတွေ အဆင်သင့်ရှိတယ်ဆိုတာ ငြင်းမရတဲ့ အချက်ဖြစ်နေတာတော့ သေချာလို့နေပါတယ်။

**မေလှဲသင်း ရေးသားသည်။**

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၁၁၆ သန်းကျော်ဖြင့် သထုံခရိုင်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်

**သထုံ မေ ၂၃**
၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၁၁၆ သန်းကျော် ရရှိထားပြီး ကျေးလက်ဒေသများအတွက် အရေးကြီးလိုအပ်ချက်များဖြစ်သည့် လမ်း၊ တံတားနှင့် ရေပေးဝေရေးစီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"ဒေသလိုအပ်ချက်အရ ကျပ်သန်းပေါင်း ၁၀၀၀၀ ကျော် တင်ပြတောင်းခံထားပေမယ့် ခွင့်ပြုလာတဲ့ ရန်ပုံငွေကနည်းတယ်။ ဒါကိုပဲ အများပြည်သူအဆင်ပြေအောင် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမယ်။ လိုအပ်ချက်တွေကတော့ အများကြီးရှိပါသေးတယ်။ ပြည်သူတွေဘက်က တင်ပြတောင်းဆိုထားသမျှ အားလုံးကိုတော့ မလုပ်ပေးနိုင်သေးဘူး။ ဒါတွေအားလုံးအဆင်ပြေအောင် ဌာနအနေနဲ့ အတတ်နိုင်ဆုံးကြိုးစားသွားမှာပါ" ဟု သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးဝင်းက ပြောသည်။

သထုံခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သည့် ကျိုက်ထို၊ ဘီးလင်း၊ သထုံနှင့် ပေါင်မြို့နယ်တို့ရှိ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရေးကြီးလိုအပ်ချက်များဖြစ်သည့် လမ်း၊ တံတားနှင့် ရေပေးဝေရေးလုပ်ငန်းများကို အဆိုပါခွင့်ပြုရန်ပုံငွေဖြင့် သုံးစွဲသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် သထုံခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အသုံးပြုရန် ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၁၁၁၆ ဒသမ ၄၄၆ သန်းရရှိသည့်အနက် ကျိုက်ထိုမြို့နယ်အတွင်း ရေပေးဝေရေးလုပ်ငန်း ငါးခုနှင့် တံတားလုပ်ငန်း နှစ်ခု၊ ဘီးလင်းမြို့နယ်အတွင်း ရေပေးဝေရေးလုပ်ငန်း ခြောက်ခု၊ ကျေးလက်ကျောက်ချောလမ်းလုပ်ငန်း တစ်ခု၊ ရေပြွန်လုပ်ငန်း နှစ်ခုနှင့် တံတားလုပ်ငန်း နှစ်ခု၊ သထုံမြို့နယ်အတွင်း ရေပေးဝေရေးလုပ်ငန်း လေးခု၊ ပေါင်မြို့နယ်အတွင်း ရေပေးဝေရေးလုပ်ငန်း ကိုးခု၊ စုစုပေါင်း ကျောက်ချောလမ်း ၃/၇ ဒသမ ၁၅ မိုင်အတွက် ငွေကျပ် ၃၅၇ ဒသမ ၅၅၅ သန်း၊ တံတား လေးစင်းနှင့် ရေပြွန်ခုနစ်စင်းအတွက် ငွေကျပ် ၅၃၆ သန်း၊ ရေပေးဝေရေးလုပ်ငန်း ၂၃ ခုအတွက် ငွေကျပ် ၂၂၂ ဒသမ ၈၉၁ သန်းတို့အား အသုံးပြုသွားမည်ဖြစ်ကြောင်း သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သက်ဦး(သထုံ)**

## ခေတ်မီမြေတိုင်းကိရိယာများဖြင့် မြေပုံရရှိရေးဆောင်ရွက်

**မကွေး မေ ၂၃**
လယ်ယာကဏ္ဍ စာရင်းအင်းကိန်းဂဏန်းများ ကောက်ယူပြုစုသည့်အခါ တိကျမှန်ကန်ခိုင်မာရန်လိုအပ်သည့်အတွက် မကွေးတိုင်းဒေသကြီးအတွင်း၌ သမားရိုးကျမြေပုံများအစား ခေတ်မီမြေတိုင်းကိရိယာများအသုံးပြု၍ Digital မြေပုံများအစားထိုးအသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခေတ်မီမြေတိုင်းကိရိယာတွေနဲ့ မြေပုံတွေတိုင်းတဲ့အခါမှာ ကိန်းဂဏန်းအချက်အလက်တွေကို မြန်မြန်ဆန်ဆန်နဲ့ မှန်မှန်ကန်ကန် ထုတ်ဖော်ပြောနိုင်မှာဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုတွေ တိုးတက်လာတဲ့ အနေအထားတွေ၊ ဖြစ်ပေါ်လာတဲ့အနေအထားတွေကိုအချိန်နဲ့တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ဖို့ကိုလည်း အမြန်ဆုံးရရှိလာမှာဖြစ်ပါတယ်" ဟု လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းက ပြောသည်။

မကွေးတိုင်းဒေသကြီးတွင် တိုင်းတာရန် ကွင်းပေါင်း ၁၀၂၁၀ ကျော်၊ အကွက်မြို့ကွက်ပေါင်း ၇၈၀ ကျော်ရှိပြီး RTK ဖြင့် တစ်နှစ်လျှင် ကွင်းပေါင်း ၆၅၀ ကို စီမံချက်ချတိုင်းနေကြောင်း၊ သုံးနှစ်ခန့် တိုင်းတာခဲ့ရာ ကွင်းပေါင်း ၁၈၇၀ တိုင်းတာပြီး ဒစ်ဂျစ်တယ်မြေပုံ ဆောင်ရွက်ပြီးဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"တကယ်လို့သာ နှစ်စဉ်နှစ်ဆက် ကွင်းပေါင်း ၆၅၀ လောက်ပဲ တိုင်းတာနေမယ်ဆိုရင် အနည်းဆုံး ၁၇ နှစ်လောက်မှ ဒီတိုင်းဒေသကြီးမှာ Digital Map ဖြစ်မယ့်အနေအထားရှိတယ်။ အဲဒီတော့ ခေတ်မီမြေတိုင်းကိရိယာ Total Station တွေ၊ အသုံးပြုမွမ်းမံသင်တန်းဆင်းသွားတဲ့ ဝန်ထမ်းတွေနဲ့ မြန်မြန်ဆန်ဆန် Digital Map တွေရရှိဖို့ ရည်ရွယ်လုပ်ဆောင်နေပါတယ်" ဟု လတ်တလောအနေအထားအား တိုင်းဦးစီးမှူးမှ သုံးသပ်ပြောဆိုသည်။



တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတွင် ဒေသတွင်းမြို့နယ်များမှ မြေတိုင်းဝန်ထမ်း ၄၀ ဖြင့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို မေ ၂၁ ရက်က ပြုလုပ်ခဲ့ပြီး ခေတ်မီမြေတိုင်းကိရိယာများအသုံးပြု၍ လက်တွေ့သင်တန်းခုနစ်ရက် ပို့ချလျက်ရှိရာ ခေတ်မီမြေတိုင်းကိရိယာများနှင့် သုံးစွဲသူတို့၏ စွမ်းဆောင်ရည်ကြောင့် လုပ်ငန်းတွင်ကျယ်မှုနှင့် တိကျမှုများရှိလာမည်ဖြစ်ကြောင်း သင်တန်းဆရာ ဒု-ဦးစီးမှူး ဦးကျော်လွင်ထံမှ သိရသည်။

"စိုက်ပျိုးရေး၊မွေးမြူရေးကိုအခြေခံတဲ့ စီးပွားရေးမူဝါဒကို ချမှတ်ထားတာဖြစ်တဲ့အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုရင် ပထမဆုံးအချက်က မြေကြီးမြေပုံမှန်ကန်ရေးဟာ အဓိကကျတယ်။ ဒါဟာ သာမန်သင်တန်းတစ်ခုမဟုတ်ဘူး" ဟု မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်က သင်တန်းသားများအား ပြောကြားသည်။

တိုင်းဒေသကြီးအတွင်း၌ ခေတ်မီမြေတိုင်းကိရိယာ Hi Target ( ZTS-120-120R) ခြောက်လုံး၊ Horizon(HTS-582 M) ခုနစ်လုံး၊ Pentax (R – 1505N ) ကိုးလုံး၊ Topcon (ES-150C) လေးလုံး ဖြန့်ကြက်ထားရှိကြောင်း၊ ခွင့်ပြုဝန်ထမ်းအင်အား ၁၃၉၂ ဦးအနက် ၁၇၂ ဦး လစ်လပ်နေသည့်အတွက် ကွင်းဝန်ထမ်း ၉၀၀ ကျော်ဖြင့် ဆောင်ရွက်နေရကြောင်း မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

**ဇေယျာတု(မကွေး)**

## စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(တတိယမူကြမ်း)အပေါ် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိပြည်သူများ၏သဘောထားအမြင်နှင့် အကြံဉာဏ်ရယူရေး အလုပ်ရုံဆွေးနွေး



**လားရှိုး မေ ၂၃**
ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ မေ ၂၂ ရက် နံနက် ၉ နာရီက စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (တတိယမူကြမ်း) အပေါ် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ပြည်သူများ၏ သဘောထားအမြင်နှင့် အကြံဉာဏ်ရယူရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြင့်သန်းက အဖွင့်အမှာစကား ပြောကြားသည်။ အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်ကလည်းကောင်း၊ မြန်မာ့လယ်ယာ၊ သားငါးကဏ္ဍမူဝါဒ ၂၀၁၆ ခုနှစ်၏ အနာဂတ်လားရာအမြင်နှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူဘောင်ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဒေါ်ဆုယဉ်မြင့်ကလည်းကောင်း ရှင်းလင်းပြောကြားသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် လယ်ယာ သားငါးကျေးလက်ကဏ္ဍ၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာတို့အား ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ချက်များကို လားရှိုးမြို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးမြကျော်က ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော စိုက်ပျိုးရေးလုပ်ငန်းတောင်သူကြီးများက စိုက်ပျိုးရေးဖွံ့ဖြိုးမှု အဓိကလိုအပ်ချက်များ၊ လုပ်ငန်းဆောင်ရွက်မှုများမှ မိမိတို့၏ လိုအပ်ချက်များအား ဆွေးနွေးတင်ပြကြသည်။

စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (တတိယမူကြမ်း) အပေါ် ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိပြည်သူများ၏ သဘောထားအမြင်နှင့် အကြံဉာဏ်ရယူရေး အလုပ်ရုံဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ တောင်သူလုပ်ငန်းရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပြီး အစုအဖွဲ့ဆွေးနွေးခြင်းလုပ်ငန်းများကို တက်ရောက်လာကြသော တောင်သူလုပ်ငန်းရှင် ၁၅၀ နှင့် တာဝန်ရှိသူများက မွန်းလွဲပိုင်းတွင် ကျင်းပခဲ့ကြကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

## မြေစိုက်ကြော်ငြာဆိုင်းဘုတ်များကို တစ်ပြေးညီစီတန်းထားရှိနိုင်ရန် ဆောင်ရွက်သွားမည်

**ညောင်ဦး မေ ၂၃**
ညောင်ဦးမြို့အား မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များပူပေါင်း၍ မေ ၂၂ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့အချို့မှ ကိုယ်စားလှယ်များပါဝင်သော ပူပေါင်းအဖွဲ့သည် ညောင်ဦးနှင့် ပုဂံမြို့ရှိ လမ်းဆုံလမ်းခွများတွင် မညီမညာ ဖရိုဖရဲဖြစ်နေသော မြေစိုက်ကြော်ငြာဆိုင်းဘုတ် အကြီး၊ အလတ်၊ အသေးများကို လိုက်လံစာရင်းကောက်ယူ၍ ပြန်လည်ပြင်ဆင်နိုင်ရန် ကွင်းဆင်းညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မညီမညာ ဖရိုဖရဲဖြစ်နေသော မြေစိုက်ကြော်ငြာဆိုင်းဘုတ်များကို အရွယ်အစားအလိုက် အနိမ့်၊ အမြင့်သေသပ်လှပစွာ တစ်ပြေးညီစီတန်းထားရှိနိုင်ရန်၊ အထင်ကရ ရှေးဟောင်းအဆောက်အအုံများကို ဖုံးကွယ်မနေစေရန် သတ်မှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

## မြင်းခြံမြို့တွင် 10 MVA Transformer အစား 20 MVA Transformer ပြောင်းလဲတပ်ဆင်

**မြင်းခြံ မေ ၂၃**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့သည် အပူပိုင်းဇုန်တွင်ပါဝင်ပြီး ယခုလို နွေရာသီအခါတွင် အပူရှိန်မြင့်မားခြင်းကြောင့် လျှပ်စစ်မီးသုံးစွဲသူများအနေဖြင့် အပူဒဏ်သက်သာစေရန် Air Con များ၊ ပန်ကာများ၊ ရေတင်စက်များအပြင် ထမင်းဟင်းချက်ရာတွင်အသုံးပြုသော လျှပ်စစ်ပစ္စည်းများကို တိုးတက်လာသောခေတ်နှင့်အညီ ပိုမိုသုံးစွဲလာကြသည်။

ထိုသို့တိုးတက်လာသော ခေတ်နှင့်အညီလျှပ်စစ်ပစ္စည်းများ ပိုမိုသုံးစွဲလာခြင်းကြောင့် မြင်းခြံမြို့ရှိ ဓာတ်အားဖြန့်ဖြူးပေးဝေနေသော လက်ရှိ 10 MVA Transformer သည်သုံးစွဲသည့်ဝန်အားများလာခြင်းကြောင့် လိုအပ်သည့်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကြိုတင်တွက်ချက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ (၂၀၁၇-၂၀၁၈) ဘတ်ဂျက်မှ မြင်းခြံမြို့ အတွက် 20 MVA Transformer ကို တိုးမြှင့်တပ်ဆင်ပေးခြင်းကို မေ ၂၂ ရက် နံနက် ၆ နာရီမှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

20 MVA Transformer တပ်ဆင်ပြီးပါက မြင်းခြံမြို့ပေါ်ရှိ ရပ်ကွက်ပေါင်း ၂၀ နှင့် ကျေးရွာများပါ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ မြင်းခြံမြို့မှ စေတနာရှင်ပြည်သူများမှလည်း Transformer ပြောင်းလဲတပ်ဆင်နေသည့် လျှပ်စစ်ဝန်ထမ်းများအား စားသောက်ဖွယ်ရာများဖြင့် လာရောက်ကျွေးမွေး လှူဒါန်းလျက်ရှိကြသည်။

မြင်းခြံမြို့ ကံဦးဓာတ်အားခွဲရုံတွင် 10 MVA Transformer မှ 20 MVA Transformer အား လျှပ်စစ်ဝန်ထမ်းများမှ ပြောင်းလဲတပ်ဆင်ရာသို့ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အင်ဂျင်နီယာချုပ် ဦးစိုးမင်းထွန်း၊ အင်ဂျင်နီယာမှူး ဦးစိုးမင်းထွန်း ၊ ခရိုင်လျှပ်စစ်မန်နေဂျာ ဦးမြသောင်း၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ဇော်မြင့်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်လွင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးဝင်းတို့က အနီးကပ်ကြီးကြပ်၍ ပြည်သူများ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေးနှင့် ပြည့်ဝစွာအသုံးပြုနိုင်ရေး စေတနာရှေ့ထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ဇော်မင်းနိုင်(မြင်းခြံ)**




## ပရဟိတ ကလေးများဘဝ ရွှေရောင်တောက်ပဖို့ မြေတောင်မြှောက်ကြစို့

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ၂၀၀၁ခုနှစ်တွင် မိဝေးဖဝေး၊ မိမဲ့ဖမဲ့၊ မိဘမဲ့၊ ဆင်းရဲနွမ်းပါး ကလေးများဖြင့် နိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား/ ကျောင်းသူ ကလေးပေါင်း (၃၁၅) ဦးကို ထိန်းသိမ်းစောင့်ရှောက်ပညာသင်ကြားပေးလျက်ရှိပါသည်။ (၁၆)နှစ်တာ ခရီးတိုင်အောင် ဖြတ်သန်းလာရသော်လည်း အမာခံငွေပင်ငွေရင်း ကျောထောက်နောက်ခံမရှိခြင်း၊ ရပ်ဝေးအလှူရှင်အားနည်းခြင်း စသောအကြောင်းများကြောင့် လိုအပ်ချက်များ ရှိနေပါသည်။

အထူးသဖြင့် ကလေးများအတွက် ကျွေးမွေးရေး ဆန်၊ ဆီ၊ ပဲ၊ အာလူး၊ ကြက်သွန် စသော မီးဖိုချောင်သုံးပစ္စည်းများလိုအပ်ခြင်း၊ “ဆွမ်းစားကျောင်းဆောင်” လိုအပ်ခြင်းတို့သည် အရေးကြီးဆုံးများဖြစ်သည်။ သို့ဖြစ်၍ စေတနာရှင် မိဘပြည်သူများသည် ဤကျောင်းရှိ ကလေးများအား မိမိတို့၏ သားသမီးပမာ ကရုဏာထား၍ အနာဂတ်မှာ ရွှေရောင်တောက်ပဖို့ ဝိုင်းဝန်း၍ မြေတောင်မြှောက်ကြပါရန် အထူးမေတ္တာရပ်ခံ နှိုးဆော်အသိပေးအပ်ပါသည်။

အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါသည်။

၁။ ကျောင်းအုပ်ဆရာတော် ဖုန်း-၀၉-၇၉၆၆၂၅၇၀၀၊ ၀၉-၂၅၅၇၄၈၆၂၄၊ ၀၉-၄၉၃၁၅၃၇၀
ရွှေဂုံတိုင်ကမ္ဘောဇဘဏ်အကောင့်နံပါတ်
ဦးဇဋိလ(A/C No.007-301-00700708002)
CB Bank U ZATILA (A/C No.0092600100002526)
ကမ္ဘာ့ရတနာဘဏ် U ZATILA (A/C No.1101210001113)
ဘဏ်စာရင်းသို့ နီးစပ်ရာဘဏ်၌ ထည့်သွင်း၍ လှူဒါန်းနိုင်ပါသည်။

၂။ ဦးအောင်လွင်-ဒေါ်ချိုချိုထွေး(ငြိမ်းချမ်းရေးနှင့်ကမ္ဘာကျော်ပင်ရင်းထီဆိုင်ကြီး)
အမှတ်(၁၆၈/၁၈၈)၊ အခန်း(၄)၊ ၂၇လမ်း(အထက်)၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၄၉၂၀၈၊ ၀၁-၂၄၈၀၈၈၊ ၀၁-၂၄၉၀၁၃၊ ၀၁-၂၄၉၀၁၅

၃။ ဦးဟန်ကြည်-ဒေါ်ဝါဝါကျော် Alpine သောက်ရေသန့် ကိုယ်စားလှယ်မိသားစု၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၁၄၁၉၀၊ ၀၉-၅၁၃၀၁၉၀

၄။ အဖြူရောင်မေတ္တာအဖွဲ့၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၅၃၃၅၁၊ ၀၉-၅၄၁၄၂၉၅၊ ၀၉-၅၁၁၂၄၁၆

မှတ်ချက်
- ကျိုက်ထီးရိုးဘုရားဖူးရင်း တစ်ခေါက်တစ်ခါ အရောက်လာစေချင်ပါသည်။
- ကျိုက်ထီးရိုးဘုရားနှင့် (၁၇)မိုင်ခန့်သာ ကွာပါသည်။
- ကေလာသဘုရား၊ ကျိုက်ထီးဆောင်းဘုရားနှင့် တစ်မိုင်ခန့်သာ ကွာပါသည်။
- မည်သူ့ကိုမျှ အလှူခံစေလွှတ်ထားခြင်းမရှိပါ။


## ကိုးဘွဲ့ရ သာသနာပြု ကျောင်းတိုက်၌ သံဃာတော်များ လက်ခံမည်။

၁။ ဓမ္မာစရိယဘွဲ့(သို့မဟုတ်)သာမဏေကျော်ဘွဲ့ တစ်ဘွဲ့ဘွဲ့ရရှိပြီး
၂။ ပညာရပ် တစ်ခုခုကို ဆက်လက် သင်ယူလိုသည့်
၃။ အသက် (၂၇)နှစ်အတွင်းရှိ ရှင်ရဟန်းများ အေးချမ်းစွာ သီတင်းသုံးနေထိုင်လိုပါက
၄။ ဘွဲ့လက်မှတ်မိတ္တူနှင့် အာမခံ ပုဂ္ဂိုလ် တစ်ဦးဦး၏ ထောက်ခံစာနှင့် အတူ ယနေ့မှစ၍ ဇွန် -၉- ရက် နေ့အထိ လာရောက် လျှောက်ထားနိုင်ပါပြီဘုရား။

ကိုးဘွဲ့ရ သာသနာပြု ကျောင်းတိုက်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ မြောက်-ဒဂုံ။ ဖုန်း- ၀၉ ၄၄၄ ၇၀၀ ၁၈၅



### ဖခင်အမည်မှန်

ရန်ကုန်တက္ကသိုလ် ပထမနှစ် (ရူပဗေဒ)တန်းမှ မလွဲလွဲဝင်း၏ ဖခင်အမည်မှန်မှာ ဦးတင်ဆန်း [၁၂/ဗဟန(နိုင်)၀၃၅၀၇၂]ဖြစ်ပါသည်

### ဖခင်အမည်မှန်

အထက(ခွဲ) အလက(၁၂) အင်းစိန်မြို့နယ်၊ သတ္တမတန်းမှ မောင်ထက်အောင်ကျော်၏ ဖခင်အမည်မှန်မှာ ဦးတင်ဆန်း [၁၂/ဗဟန(နိုင်)၀၃၅၀၇၂] ဖြစ်ပါသည်။

### ဖခင်အမည်မှန်

အထက(ခွဲ) အလက(၁၂) အင်းစိန်မြို့နယ်၊ တက္ကသိုလ်ဝင်တန်း၊ ဒသမတန်းမှ မောင်ကျော်မင်းထွေး၏ ဖခင်အမည်မှန်မှာ ဦးတင်ဆန်း [၁၂/ဗဟန(နိုင်) ၀၃၅၀၇၂] ဖြစ်ပါသည်။



### မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်း ၂၀၁၇ ခုနှစ် လုပ်ငန်းဆိုင်ရာ အစည်းအဝေးဖိတ်ကြားလွှာ

မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာအသင်း၏ ၂၀၁၇ခုနှစ် လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မြို့နယ်စာရေးဆရာအသင်းဝင် ဆရာ/ဆရာမများအားလုံး မပျက်မကွက် တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် ။ ၂၀၁၇ ခုနှစ်၊ မေလ ၂၈ ရက် (တနင်္ဂနွေနေ့)
အချိန် ။ နံနက် ၁၀း၃၀ နာရီ
နေရာ ။ City Star Hotel
အမှတ်-၁၆၉/၁၇၁၊
မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်
(မြို့တော်ခန်းမအနီး)
အမှုဆောင်ကော်မတီ ဖုန်း-၀၉ ၂၆၀၄၅၃၁၇၅



ဖုန်း Sim Card ဝယ်သည်
73, 47, 49, 50, 86
ရဲမင်းထွန်း
Ph: 09-5014706

ဆေးသုတ်မယ်ဆိုရင်
ဈေးနှုန်းသက်သာခြင်း၊ အချိန်တိုတွင်းပြီးစီးအောင် မြန်လုပ်ခြင်း၊ လက်ရာသေသပ်ကောင်းမွန်ခြင်းတို့ကို အာမခံပေးနိုင်သော ကျွန်တော်များအဖွဲ့ကိုဆက်သွယ်ပါ။
Ph:09 73063683
09 795809414

Air.con ရေကျလို့လား? Servicing လုပ်လိုက်ရင် ကောင်းသွားမှာပါ။
AAS Air.con Services
Thingangyun branch 573 811,578 957
Kabaraye branch 09 505 4228
Myaynigone branch 09 86 14140
Lanmadaw branch 09 4200 33454




တောင်ကြီးမောက်မယ်က အကောင်းဆုံးသနပ်ခါးကိုထုတ်လုပ်ထားပါသည်။
မြန်မာနိုင်ငံ (FDA) ခွင့်ပြုချက်အမှတ် MN11070400
စင်ကာပူနိုင်ငံ TUV ဓါတ်ခွဲခန်းတွင်ပုံမှန်စစ်ဆေးသည်။
ISO (9001:2015) Certified
တောင်ကြီးမောက်မယ် သနပ်ခါး
TAUNG GYI - MAUK MAI THANAKHA

YANGON BUSINESS ACADEMY (YBA)
INTERNATIONAL BUSINESS EDUCATION & CORPORATE TRAINING CENTRE
သင်၏လုပ်ငန်းခွင်သည် စိတ်ဖိစီးစေသောပတ်ဝန်းကျင် ဖြစ်နေပြီလား?
သင်၏စိတ်ဖိစီးမှုများကို ဖြေရှင်းဖို့လိုနေပြီလား?
အလုပ်နှင့်ဘဝထိန်းညှိမှု (work-life balance) ကောင်းစွာလုပ်နိုင်စေမည့်
Managing Stress
(စိတ်ဖိစီးမှု စီမံခန့်ခွဲမှုသင်တန်း)
စိတ်ဖိစီးမှုကင်းဝေး သင်၏ကျန်းမာရေး
စိတ်ဖိစီးမှုကင်းဝေး သင်၏အောင်မြင်ရေး
စိတ်ဖိစီးမှုကင်းဝေး သင်၏စိတ်ချမ်းသာရေး
"Enroll Now" Early Bird (Discount 10%)
> သင်တန်း အချိန် Sat / Sun 9:00 to 1:00 > သင်တန်းကာလ (8 Hours)
> သင်တန်းစတင်မည့်ရက် 27 May 2017 > သင်တန်းကြေး 60,000 Kyat
Block C, Level 9, Room-901, Dagon Centre (1), Bargayar Road, San Chaung Township, Yangon, Myanmar.
Tel: +959 457 200 400, +959 457 200 500, +959 457 200 600

အောင် မြင် ဂုဏ် ထူး ထွက် လို သူ တိုင်း အ တွက် . . .
ဦးဇော်မျိုးအောင် B.E (Civil)
၇၊ ၁၀ တန်း စာသင်၊ စာကျက်၊ စာစစ်ဝိုင်း
၁၀ တန်း ရူပဗေဒ အနှစ်ချုပ် Card များ ဆိုင်တိုင်းတွင်ရောင်းပါ။ အိမ်ဝိုင်းများ စီစဉ်ပေးသည်။
ဝိုင်း
09 515 3319, 0977 515 3319, 09 451 555 009

Yaung Chi Thit Lin Moving Service Co.,Ltd
YCT ရောင်ခြည်သစ် (ဘတ်စ်)
အိမ်ပြောင်း၊အိမ်ရွှေ့ဝန်ဆောင်မှုကုမ္ပဏီ
(မြို့တွင်း / နယ်ဝေး)
No.194, Myayamon Water Front Villa, Lay Doung Kan Road, 26 Qtr, South Dagon.
yaungchithitmovingservice@gmail.com
09 450454771, 09 450454772, 09 450454773

Since 1996 Home
ပါကေး အစားထိုး ကြမ်းခင်း မိုးရာသီ Promotion
ကြမ်းခင်း ၃ ကျင်း ဝယ်လျှင် Shelf ၁ ပုံး လက်ဆောင်
★ Grade A,B,C,D အစ်များသာရောင်းပါသည်
★ ဈေးနှုန်း အနိမ့်ဆုံး အကြိုက်ဆုံး အထိရှိပါသည်
★ လက္ခဏာ ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း
GRADE A,B,C,D
HOTLINE: 09-79 700 70 71, 09-79 700 70 81

၂၃ မဆလာ
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာ အတွက် ဖြည့်စွက်နိုင်ပါသည်။

GLOBAL PHOENIX
အိမ်ခြံမြေ အကျိုးဆောင်
အဆင့်မြင့် လုံးချင်းအိမ်များ၊ ကွန်ဒိုခန်းများကို ငှားလိုသော နိုင်ငံခြားသား ဧည့်သည်များ ရှိနေပါသဖြင့် အိမ်ပိုင်ရှင်များ အမြန်ဆုံး ဆက်သွယ်ပေးပါ။
09-260 2600 29 / 59

စင်ကာပူနိုင်ငံ PSA ဆိပ်ကမ်း တွင်
ကွန်တိန်နာ ယာဉ်မောင်း
လုပ်လိုသူများအတွက်
"အမြန်သင်တန်းများ" ပေးမည်
Ph: (01) 377343, 377344, 385758, 386877
Fb: thukhasusan111

သီဟလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း (10',14',16',18')ကားများဖြင့် လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

San brotherhood
"ခစ်ခေသခန်းသပ်(အခမဲ့)"
Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက် များကို မြန်ဆန် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်း များကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။
(၃နှစ်အာမခံ) တပ်ဆင်ပြီးဈေးနှုန်း
1HP 290000 Ks
Compressor 3 Years Warranty
၁။ နာမည်ကြီး Brand ၂။ စိတ်ချရသည့်အာမခံ ၃။ အထူးအာမခံ (Compressor)
Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation
"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
FMI City (လှိုင်သာယာ) 709373, 09-5084831, 682445(Ext)1421
ကျောက်တံတား (အလုံ) 01-704101, 09-5002738, 09-450023810
သခိုင်းလမ်းဆုံ (မရမ်းကုန်း) 681854, 706193, 09-73116475
ကျောက်မြောင်း (တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး (ဗဟန်း) 09-43083868, 01-703241
သုနန္ဒာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383, 09-73251535
ဟံသာဝတီ CNG အနီး (ကြည့်မြင်တိုင်) 01-703684, 09-43130068
Victoria အနီး နဝဒေး (လှိုင်သာယာ) 01-704467, 09-73217035
တောင်/မြောက်လမ်းဆုံအနီး (တာ/ဒဂုံ) 01-709114, 09-5019316

GW 0973226006 0973133528 0973077569
အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

ဒဂုံမြို့သစ်
အလျှင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း များရှိ မြေကွက်များကို ရောင်းပေးသည်။
09-6809893
09-5120620

လေ့လာ၊ လေ့ကျင့်မှုများကြောင့်ထူးချွန်ကြသည်
လေ့လာ၊ လေ့ကျင့်မှုအကောင်းဆုံး
ကျောင်းသားအများဆောင်
ရွှေလက်ဆောင်
မေးခွန်းဟောင်းများနှင့်ဖြေဆိုချက်များ
၂၀၀၂ မှ ၂၀၁၇ ထိ
တက္ကသိုလ်ဝင်စာမေးပွဲ
ပြည်နယ်/တိုင်းဒေသကြီးများနှင့်ပြည်ပစာစစ်တို့တွင်မေးခဲ့သော
မေးခွန်းဟောင်းအပြည့်အစုံနှင့်အမှတ်ပေးစည်းမျဉ်းနှင့်အညီဖြေဆိုချက်များ
တစ်ဘာသာချင်း - တစ်အုပ်ချင်း - ဘာသာစုံ
ထွက်နေပါပြီ

# Auto Gate Opening System

Find us on facebook; https://www.facebook.com/mannstandard/

MANN STANDARD CO.,LTD




(Yangon Office) No(82/1), Ground Floor, Myinthar(7)Street, (14/1)Quarter, South Okkalapa Township, Yangon. Ph; 09-91017412, 09-969919344,09-969919355. Mail; mannstandard@gmail.com

(Office & Show Room) La La- 7/11 Corner of 61Street & Kanaung Mingthargyi Main Road.Ph; 09-797009005,09-797009008.

HOT LINE 09-797977301,09-797977302

SIM GLOBAL EDUCATION

A Member of the SIM Group

THE GLOBAL EDGE | ABILITY | ADAPTABILITY | EMPLOYABILITY

www.SIMGE.edu.sg

## Your Global Edge Starts Here at SIM Global Education



Singapore Institute of Management Headquarters

**SIM Seminar (Mandalay)**
Date : 26 May 2017 (Friday)
Time : 10am-12pm
Venue: Yadanar Room, Swan Hotel

**SIM Seminar (Pyay)**
Date : 28 May 2017 (Sunday)
Time : 10am-12pm
Venue: Ayeyaroo Hall

REGISTER NOW

CAREER CONNECT

Develop a competitive edge in your career, build industry networking and professional connections, and streamline your career aspirations through initiatives by SIM GE's Career Connect office

• Career Chapters • Mentorships • Career Skills • Career Talks/Workshops

SAIC STUDY ABROAD Information Centre

(09) 5151 008, (09) 73 2424 04 STUDY ABROAD Information Centre

edutrust

# အာကာမိုး

တီရှပ်၊ စပို့ရှပ်၊ Recycle Bag ဖြန့်ချိရေးနှင့် တံဆိပ်ရိုက်လုပ်ငန်း

နိုင်လွန်ကာလာစုံ 650 နိုင်လွန် 950

Single - L ⇨ 1050/-
Colour ချည် - L ⇨ 1400/-
ချည်သားအကောင်း - L ⇨ 1900/-

Arr Kar Moe Silk Screen Printing

CB Bank

09454090685, 09451655671

# မင်္ဂလာပါ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း မြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကားမျိုးစုံဖြင့် အလုပ်သမားစီစဉ်ပေးသည်။

09-450042704
09-250095116
09-420096296

# အမေးရှိက အဖြေရှိတယ် <<<<

# >>>> အမေးသိမှ အဖြေသိမယ်

၂၀၁၈ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား/သူများ အတွက်

၂၀၀၂ မှ ၂၀၁၇ ထိ

ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ ပြည်တွင်း၊ ပြည်ပတို့တွင် စစ်မေးခဲ့သော

# လက်ဆောင်သစ်

## မေးခွန်းဟောင်းများစုစည်းချက်

ဘာသာစုံ - တစ်ဘာသာချင်း - တစ်အုပ်ချင်း

အခန်းလိုက်မေးခဲ့သမျှ တစ်စုဒ်မကျန် ချိန်ညှိဖြေဆိုခြင်းမရှိ

# ထွက်နေပါပြီ

# ဦးသုရရှိန် စာရင်းကိုင် သင်တန်းများ

# AAT Level 3, 4

# LCCI Level 1,2,3

MAS EDUCATION CENTER

တန်းခွဲသစ်များကို ကျောင်းအပ် စတင်လက်ခံ နေပါပြီ။

Centre I - အမှတ် (၁၈၄-၁၈၆)၊ ဒုတိယထပ်၊ ၄၅လမ်း (အထက်)၊ ဗိုလ်တထောင်မြို့နယ်။

Centre II - အမှတ် (၁၀၆-A)၊ ပထမထပ်၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်။

09-779922385, 09-779922386, 09-8581000

# apple®

Ginseng Silky Hair Coat



FDA မှ အလုံကုန် ထုတ်လုပ်ခြင်း
ထောက်ခံချက်အမှတ် - 1309 PC 0021

အဖိုးတန်ဂျင်ဆင်းမြစ်နှင့် ဗီတာမင်အီးတို့၏အစွမ်းကြောင့် ဆံပင်နီခြင်း၊ ဆံပင်နစ်ခွဖြစ်ခြင်း၊ ဆံသားပျက်စီးခြင်းများကို ပြန်လည်ကောင်းမွန်စေပါသည်။ နေ့စဉ်ပုံမှန် လိမ်းပေးခြင်းဖြင့် ဆံပင်သားကို ဖိုးသားကဲ့သို့နက်မှောင်တောက်ပစေပါသည်။



Apple Production Co., Ltd.

ဖုန်း - (၀၉) ၈၆၁၀၀၀၁၊ ၄၉၃၁၆၄၀


| ဗလ | ငါးတန် | ဖွံ့ဖြိုးဖို့ | စာအုပ် | စာပေ | လေ့လာစို့ |
|---|---|---|---|---|---|

nurture preschool
We nurture tomorrow leaders!
Celebrating our 10th Anniversary 2007-2017
GETC building a better future
Cambridge University အသိအမှတ်ပြု
Cambridge English Exam Preparation Centre

နိုင်ငံတကာ အသိအမှတ်ပြုဖွံ့ဖြိုးမှု (၅) ရပ်ကို အခြေခံသည့် မူကြိုပညာရေး
Emotional Development (EQ) | Intellectual Development (EQ) | Moral Development | Physical Development | Social Development

အသက် ၅ နှစ်မှ ၁၄ နှစ် အရွယ် ကလေးငယ်များအတွက် တစ်မူထူးခြားသည့် စနေ၊ တနင်္ဂနွေ အင်္ဂလိပ်စာ အစီအစဉ်
Weekend English Program
- English 4 Skills
- Supplementary skills
- Life skills for children
- Cambridge ESOL Exam
3rd June - 11th February

အသက် ၁၆ နှစ်အထက် တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ ဘွဲ့ကြို ဘွဲ့ရနှင့် လုပ်ငန်းခွင်ဝင်နေသူများအတွက်
- Communicative English
- General English
- Business English
- IELTS
လစဉ်ကျောင်းအပ် လက်ခံနေပါပြီ။






မြေနီကုန်း 01537895, 09263337702 | စမ်းချောင်း 09262963774/ 5 | လှိုင် 01-530097, 09254148005 | တာမွေ 01-549590, 09254148006 | အင်းစိန် 09259822226/ 7 | မြောက်ဒဂုံ 09259822220, 09420633337 | ၃၄ ရပ်ကွက်

ဝ 380164
မျိုး 09 5017088
၂ 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လစျေးပ် ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

ရှိုင်ရယ် ပဏ္ဍာမြား
ပုဂံ-စွယ်တော်လေးဆူ-ပုပ္ပါး ၉၅၀၀၀/- Hotel (စား/ငြိမ်း)
အပတ်စဉ်-သောကြာ
Ph:09-252055609

ODYSSEY
ပြည်တွင်းပြည်ပ လေယာဉ်လက်မှတ် ဘိုဖ်အရောက်ပို့ဝန်ဆောင်မှု
09 73187799, 09 73070193
အရောင်းခွဲကိုယ်စားလှယ်ယူနိုင်သည်

(၈/၉/၁၀) တန်း--အသင်္ချာ/ (၁)အာသချင်း
Int'l School - MATHS Special
Text book/မေးခွန်းဟောင်း/G.C.E O/A Level မေးခွန်းများလေ့ကျင့်ပေးသည်။
8 yrs exp Tr.(B.Pharm, D.B.L)
09 454 126 219 (မြို့သစ်/တာမွေအနီးတဝိုက်)

ဆရာ၊ မိဘ၊ ကျောင်းသားများ လက်စွဲ အားထားရမည့်
သင်ရိုးကုန် ၄ တန်းစတုတ္ထတန်း
ပညာချွန်
မြန်မာ | အင်္ဂလိပ်စာ | သင်္ချာ | အခြေခံသိပ္ပံ | သမိုင်း | ပထဝီဝင် | စာရိတ္တနှင့်ပြည်သူ့နီတိ | ဘဝတွက်တာ
ပညာမိတ်(ပညာချွန်) စာအုပ်တိုက်
အမှတ် (၂၂၈)၊ မြေညီ၊ (၃၉) လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
အမြို့မြို့အနယ်နယ်မှစာအုပ်ဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။ Ph: 01 253 143, 09 730 29336

STI MYANMAR UNIVERSITY
in partnership with University of Bedfordshire

STI MYANMAR UNIVERSITY
Public Forum on Education

STI Myanmar University မှ ကြီးမှူးကျင်းပမည့် ပြည်သူ့ကျန်းမာရေး ပြုပြင်ပြောင်းလဲရေး၊ မြို့ပြတည်ဆောက်ရေး၊ ယနေ့ခေတ်ပညာရေးကဏ္ဍ သင်ကြားမှု၏နည်းစနစ်များ၊ တိုးတက်ပြောင်းလဲလာသော နည်းပညာနှင့် ၂၁ရာစု ဈေးကွက်ထိုးဖောက်မှု၏အခန်းကဏ္ဍတို့အား ပြည်တွင်းပြည်ပ ပညာရှင်များမှ ဦးဆောင်ဆွေးနွေးမည် ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ စာရင်းပေးသွင်း၍ တက်ရောက်နိုင်ပါသည်။

27th May 2017 ( Saturday ) | 9 AM ~ 12:30 PM | Block(10), STIMU MICT Park, Yangon

PANELISTS & TOPICS
"Role of Sustainable Construction Engineering in Urbanization"
Dr David Jazani (Senior Lecturer in Building Technologies & Construction, University of Bedfordshire, U.K.)
"Rise Of The Machines: The emerging side of technology & the role of marketing in the 21st century"
Mr. Neel Chaurasia (Visiting Lecturer, STI MU)
"Role of Health Sector Reform – Decentralization: Global Context"
Dr .Krishna Regmi (Principal Lecturer in Public Health; Public Health Portfolio Lead, University of Bedfordshire, U.K.)
"Role and Improtance of English as an International Language"
Mrs. Aileen Prendergast (Lecturer, Faculty of Education & Linguistics, STIMU)

Keynote Speakers :
Dr Thein Dan, Rector (Rtd), Mandalay Technological University, Dean, Faculty of Engineering, STI MU
Dr Daw Hla Myint, Emeritas Professor, Consultant, Faculty of Business, STI MU
Daw Khin Aye Win, Managing Director, STI Myanmar University

Please RSVP to stiedu@gmail.com (or) 01-507151, 507152
Block - 10, MICT Park, Hlaing University Campus, Yangon.

သက် ရှိ လော က တည် မြဲ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

ရန်ကုန်းပြည့် တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ



ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး

တစ်ပေပတ်လည်လျှင်
၉၀၀၀၀ိ /-နှုန်း
မှစတင်၍..
ရောင်းချပေးနေပါပြီ

# စွယ်တော်စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်



■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဝိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေး ကားဂိတ်၊သီရိရတနာလက်လီ လက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေဧက (၃၀) ပေါ်တွင် တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိုးကျ မြေပိုင်ဆိုင်မှု ရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ Thai နိုင်ငံ G4 Architects မှ ရေးဆွဲသောဗိသုကာဒီဇိုင်း၊ Pile-Foundation ၊ ခေတ်မီ Post-Tensioned စံနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၈) ထပ်အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့် အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄) စီး ၊Security System,CCTV, Fire Protection & Fire Alarm System, Back up Generator System များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များ ကိုသာ အသုံးပြုထားပါသည်။





■ ရေကူးကန်၊ စားသောက်ဆိုင်၊ Fitness Center, SPA, Convenience Store, လူဦးရေ (၃၀၀) ခန့် စုဝေးနိုင်သည့် မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော Clubhouse တစ်ခု ထည့်သွင်း တည်ဆောက် ထားပါသည်။



■ (၃) ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင်သာယာလှပသောပန်းခြံ ဥယျာဉ်၊ ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

အထူးအစီအစဉ်အနေဖြင့် AYA BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။

DEVELOPER-

GRAND STYLE CO.,LTD.
အမှတ် (၂၄၅)၊ ဗားကရာလမ်း (ဂမုန်းပွင့် မြေနီကုန်း)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 09 797-332211, 09 797-221133
09 799-332211, 09 799-221133

THANLWIN PRIVATE SCHOOL

သံလွင်ပုဂ္ဂလိက အလယ်တန်းကျောင်း

# ကျောင်းအပ်လက်ခံနေပါပြီ

MENTAL DEVELOPMENT

PHYSICAL DEVELOPMENT

သံလွင်ပုဂ္ဂလိက အလယ်တန်းကျောင်းအနေဖြင့် ကျောင်းသူ/ သားများ၏ ကာယနှင့် ဉာဏဘက်စုံ ဖွံ့ဖြိုးစေရန်အတွက် ပညာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော နိုင်ငံတော်သင်ရိုးကို သင်ကြားမည်ဖြစ်ပြီး STEM ၊ English 4 Skills ၊ Life Skills ၊ မြန်မာမှုရေးရာပညာ၊ ပန်းချီ၊ ဂီတ၊ သဘင်၊ စိုက်ပျိုးရေးနှင့် အားကစားဘာသာရပ်များကို (ဖြည့်စွက်) ထည့်သွင်းသင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

ကျောင်းအပ်နှံမှုဆိုင်ရာ အချက်အလက်များအား အသေးစိတ်သိရှိလိုပါက
နေ့စဉ်(ပိတ်ရက်မရှိ) နံနက် ၉ း ၀၀ နာရီမှ ည ၇ း ၀၀ နာရီ အထိ အောက်ဖော်ပြပါ လိပ်စာများသို့ ဆက်သွယ်စုံစမ်း၍ ကျောင်းအပ်နှံနိုင်ပါသည်။

**Thanlwin Private School**

အမှတ်(၂၀၃)၊ (၅)လမ်း၊ ကံ့ကော်အိမ်ရာ(၂)၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၁ ၆၃၉၃ ၉၇၊ ၀၁ ၆၃၉၃ ၉၉၊ ၀၉-၇၇၈ ၇၇၉ ၇၃၉၊ ၀၉ ၂၄ ၂၄ ၂၂၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကလေးငယ်များအား လောကတွင် အမြင့်ဆုံးရှင်သန်ခွင့်ရရှိနိုင်ရန် လေ့ကျင့်ပေးသည်။

THANLWIN EDUCATION SERVICES

သံလွင်ပညာရေးဝန်ဆောင်မှုကုမ္ပဏီလီမိတက်

## သံလွင်ပုဂ္ဂလိကအလယ်တန်းကျောင်း

THANLWIN PRIVATE SCHOOL

၁။ သံလွင်ပုဂ္ဂလိကအလယ်တန်းကျောင်းအား (၂၀၁၇-၂၀၁၈) ပညာသင်နှစ်တွင် သူငယ်တန်းမှ အဋ္ဌမတန်းအထိ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အစိုးရဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများ၏ သားသမီးများကို သံလွင်ပုဂ္ဂလိကအလယ်တန်းကျောင်းတွင် ကျောင်းအပ်နှံပါက ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် အတန်းအလိုက်ကျောင်းလခနှုန်းထားများကို အောက်ဖော်ပြပါအတိုင်း လျှော့ပေါ့ကောက်ခံသွားမည်ဖြစ်ပါသည်။

| စဉ် | အကြောင်းအရာ | လျှော့ပေါ့နှုန်းထား |
|---|---|---|
| (က) | အစိုးရဝန်ထမ်း (ညွှန်ကြားရေးမှူးနှင့်အထက်) | ၅% |
| (ခ) | အစိုးရဝန်ထမ်း (ဒုတိယညွှန်ကြားရေးမှူးနှင့်အောက်) (မိဘနှစ်ဦးစလုံးဝန်ထမ်းဖြစ်ပါက) | ၁၀% |
| (ဂ) | စစ်မှုထမ်း၊ ပညာရေးဝန်ထမ်း | ၁၅% |
| (ဃ) | အတူတကွကျောင်းတက်ရောက်ကြမည့် မောင်နှမအရင်းအခြာများအတွက် သီးခြားသတ်မှတ်ထားသော လျှော့ပေါ့နှုန်းထားများ | ၁၅% |

၃။ သံလွင်ပုဂ္ဂလိကကျောင်းအနေဖြင့် ကျောင်းသူ/သားများ၏ ကာယနှင့်ဉာဏဘက်စုံဖွံ့ဖြိုးစေရန်အတွက် ပညာရေးဝန်ကြီးဌာနမှချမှတ်ထားသော နိုင်ငံတော်သင်ရိုးကို သင်ကြားမည်ဖြစ်ပြီး STEM၊ English 4 Skills၊ Life Skills ၊ မြန်မာမှုရေးရာပညာ၊ ပန်းချီ၊ ဂီတ၊ သဘင်၊ စိုက်ပျိုးရေးနှင့် အားကစားဘာသာရပ်များကို (ဖြည့်စွက်) ထည့်သွင်းသင်ကြား လေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက -

**Thanlwin Private School**

အမှတ်(၂၀၃)၊ (၅)လမ်း၊ ကံ့ကော်အိမ်ရာ(၂)၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၁ ၆၃၉၃ ၉၇၊ ၀၁ ၆၃၉၃ ၉၉၊ ၀၉-၇၇၈ ၇၇၉ ၇၃၉၊ ၀၉ ၂၄ ၂၄ ၂၂၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကြော်ငြာ

### ဗုဒ္ဓဂယာမှ ဆုတောင်းပြည့် (အေးချမ်းအောင်မြင်) အုတ်ခွက်ဘုရားဖူးမော်ကြည်ညိုပူဇော်ပွဲနှင့် ဖခင်ကျေးဇူးဆပ် အလှူဒါနဖိတ်ကြားခြင်း

**ဦးမောင်မောင်ဦး (ခ) ဦးမြင့်ဇော်** - ရေဦးမြို့

အထက(၂)မရမ်းကုန်း၊ အထက(၃)မြောက်ဥက္ကလာ ကန်တော့ခံဆရာကြီး ဖေဖေလို့မခေါ်ရတာ တစ်နှစ်ပြည့်ခဲ့ပါပြီ။ လွမ်းလိုက်တာ။ ဖေဖေကို အမြဲ သတိရနေပါတယ်။ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဖေဖေကိုရည်စူး၍ သားနှင့်သမီးများ အလှူ

နေပြည်တော် ဉာဏဂုဏ်ရည်စာသင်တိုက်တွင် ပေ ၄၀ × ၅၆ ပေရှိ သံဃာဆောင်ကို သမီးကြီး - **မနီနီခင်** လှူဒါန်းပါသည်။

မုဒုံမြို့ အောင်ဓမ္မရိပ်သာတွင်ရှိ မြေ ပေ ၂၀ × ပေ ၄၀ ရှိ သံဃာဆောင် ကျောင်းအဆောင်ကို သား - **ဒေါက်တာဘိုဘို** က ဆောက်လုပ်လှူဒါန်းခြင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း) ဆိပ်ကမ်း၊ သာကေတ မှန်ကင်း(၂) စွန့်ပစ်ခံရသောကလေးများ နားခိုရာအတွက် ပေ ၃၀ × ပေ ၄၀ သမီး - **မလတ်လတ်စိုး** က တစ်ထပ်တိုက်လှူပါသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ သာကေတ ဆရာတော်ကျောင်းတွင်း မြေ ပေ ၃၀ × ပေ ၄၀ ရှိ အကြောင်းအမျိုးမျိုးကြောင့် စွန့်ပစ်ခံရသော ကလေးများနားခိုရန်အတွက် RC တစ်ထပ်တိုက် အဆောင်ကို သမီးငယ် - **မမြတ်ဆုထွေး** လှူဒါန်းပါသည်။

သန်လျင် သဘာဝတရားရိပ်သာတွင် သိန်း(၂၀)၊ အင်းစိန်(စိန်ရတနာ) နာရေးကူညီမှုအသင်းအား သိန်း(၂၀) လှူဒါန်းခြင်းနှင့်အတူ လစဉ်မပြတ် ကုသိုလ်ကောင်းမှုများကို လှူပေးခဲ့ပါသည်။

ယနေ့ (၂၄-၅-၂၀၁၇) ရက် ဗုဒ္ဓဟူးနေ့မှာ ဆရာတော် သံဃာတော်များအား ဆွမ်း၊ သင်္ကန်း၊ ဝတ္ထု ဆက်ကပ်ပြီး ဆွေမျိုးမိတ်ဆွေများနှင့်အတူ လှူဒါန်းခဲ့သော ဒါနကုသိုလ်အစုစုတို့ကို စေရက်ချအမျှ ပေးဝေပါသည်။ ဖေဖေရောက်ရှိနေတဲ့ အေးချမ်းသောဘုံဘဝမှ ဖေဖေ သာဓုခေါ်ပါ။

မိခင် - **ဒေါ်ထွေးထွေး**

**ထွေးမိသားစု အလှူမင်္ဂလာပစ္စည်းအငှားဆိုင်**

၂၄-၅-၂၀၁၇ ရက်နေ့ နံနက် ၆ နာရီမှ မွန်းတည့်၁၂နာရီထိ ရပ်နီးရပ်ဝေးမှ မိတ်ဆွေများ ဘုရားဖူးကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

---

### MYANMAR ACADEMIC EMPEROR COLLEGE

မိမိကလေးငယ်အားငယ်စဉ်မှစ၍ အင်္ဂလိပ်စာအား မကြောက်ရွံ့စေရန်၊ ပိုင်နိုင်စွာပြောဆို တတ်စေလိုသူများအတွက် Young Learners Classes ကို (၇) နှစ်အထက်မှစ၍ကျောင်း အပ်လက်ခံနေပါပြီ။

Cambridge course, Oxford course များဖြင့် နိုင်ငံတကာသင်ရိုးများနှင့် အတွေ့ကြုံရှိ ဝါရင့် ဆရာ/မ ကြီးများ/ Native Speaker များမှထိရောက်စွာသင်ကြားပေးနေပါသည်။

ကလေးငယ်များအားပျင်းရိမှုမရှိစေရန် Game, Activities, Presentation များဖြင့် ဆရာ/မ များမှ ဂရုတစိုက်သင်ကြားပေးနေပါသည်။ အသံထွက်မှန်ကန်စွာပြောဆိုတတ်စေရန် အခြေခံ မှစ၍ သင်ကြားပေးပါသည်။

တနင်္ဂနွေတစ်ရက်သာတက်ရမည်ဖြစ်သောကြောင့် ကျောင်းစာအားထိခိုက်မှုမရှိစေပါ။

Level တစ်ခုကို (၆) လတက်ရောက်ရပါမည်။ ယူနီဖောင်းဝတ်ဆင်၍ တက်ရောက်ရပါမည်။

သင်တန်းကြေးကို လစဉ်ကြေးဖြင့်အရစ်ကျပေးသွင်းနိုင်ပါသည်။

**Early Birds 10% off**

အသေးစိတ်စုံစမ်းလိုပါက-

**MYANMAR ACADEMIC EMPEROR COLLEGE(MAEC)**

အမှတ်-၁၁၃၆(က)၊ ဝေဇယန္တာလမ်း၊၁၆/၄ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း- 09 444436001, 09 444436002, 09 444436003, 09 5002947

---

### ASIA DRAGON (အာရှနဂါး)

နိုးရာသီ Promotion (15-5-2017) မှစ၍ ---

ချောင်းသာ 12000 ကျိုက်ထီးရိုး 10000

ငွေဆောင် 15000 မြဝတီခရီးစဉ်(သော်ကြာ)

09-30030030, 09-799100100, 09-797100100

---

### ရွှေကြေးစည်

▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ

ပိန်းပရဲတောင်၊ ပြဿပိတ်ရေပြာအိုင်၊ လွိုင်ကော်-ထီးဆဲခါး

▲ ပုဂံ၊ ပုပ္ပါး၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင် ဘုရားစုံ

▲ ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်၊ မျှော်ရစ်၊ ကျိုက္ခမီ၊ စက်ခဲ

▲ (မော်လမြိုင်၊ ကျိုက္ခမီ၊ စက်ခဲ)(ဘားအံ-ဂူဘုရားများ)

ကျိုက်ထီးရိုး / ချောင်းသာ

ဘားအံ၊ မြဝတီ၊ မဲဆောက်

အပတ်စဉ်-သော်ကြာ

01-240860/01-372290 ဖုန်း 09-49282825, 09-43202968, 09-262784651

---

### Ever Clean

အဆင့်မြင့်ဘုရားဖူးနှင့် အပန်းဖြေခရီးသွားဝန်ဆောင်မှုလုပ်ငန်း

| | | |
|---|---|---|
| မြဝတီ-မဲဆောက် (မဲဆောက်အိပ်) | (၃ည ၄ရက်) | May-26 |
| ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး | (၃ည ၄ရက်) | May-26 |
| ဘားအံ-တောင်ပိုင်း-ကျွဲတော်ရေတံခွန် | (နေ့ချင်းပြန်) | May-13,20 |
| ဘားအံ-ဆဒ္ဒန်ဂူ-ကျွဲတော်ရေတံခွန် | (နေ့ချင်းပြန်) | May-13,20 |
| တောင်ငူ-သံတောင်ကြီး | (နေ့ချင်းပြန်) | May-13,20 |

(ကားစီးလုံးငှားဝန်ဆောင်မှုပေးပါသည်။)

09-33886666, 09-795185522

---

### ဦးအောင်ဝင်း

(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)

LCCI Level I+II & III စာရင်းကိုင် သင်တန်းများ ခုံနံပါတ်ယူထားနိုင်ပြီ။ June - 17 (Sat) စမည်။

LCCI
☑ (၂၅)နှစ်ကျော်အတွေ့အကြုံကြောင့်
☑ သင်ကြားမှုပြီးပြည့်စုံစေသည်။

အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။

☎- 09 -776349905, 978578325, 01-371741, 240824

---

အားကြသည်ပါ ခေတ်နာမကို သိပါလိမ့်မယ်

### ကျောက်ဆူး

ကမ္ဘာ့အကောင်းဆုံး

ရွှေဘိုပေါ်ဆန်းမွှေး

အမှတ်(၃၀/၁၀၇)၊ မြို့ပတ်လမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

✆ ၀၁-၆၁၁၀၇၃ ၀၉-၇၆၂၀၁၇၇၊ ၀၉-၇၃၀၄၀၀၁၂၊ ၀၉-၃၃၄၅၂၂၄၀

---









# မြန်မာ့ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကော်ဖီဖိုရမ် အခမ်းအနားကျင်းပ



**နေပြည်တော် မေ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ ကော်ဖီဖိုရမ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒေါက်တာသန်းမြင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စိုက်ပျိုးရေးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စီးပွားရေးပညာရှင်များ၊ မြန်မာကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူလုပ်ငန်းရှင်များ၊ ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့ ကမ္ဘာ့ကုန်စည်ဈေးကွက်တွင် ရေနံရောင်းဝယ်မှုပြီးလျှင် ကော်ဖီသည် ဒုတိယအဆင့်အရေးပါဆုံးသော ကုန်စည်တစ်ခုဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏လယ်ယာကဏ္ဍမှထွက်ရှိသည့် ပြည်ပပို့ကုန်များအနက် ဆန်စပါး၊ ပဲမျိုးစုံတို့သည် အဓိကနိုင်ငံခြားငွေ ရှာပေးသောသီးနှံဖြစ်သကဲ့သို့ ကော်ဖီသီးနှံသည်လည်း တစ်ဖက်တစ်လမ်းမှ နိုင်ငံခြားဝင်ငွေရရှိသည့် တန်ဖိုးမြင့် သီးနှံတစ်မျိုးဖြစ်ပါကြောင်း၊ ပြင်ဦးလွင်ဒေသနှင့် ရှမ်းပြည်နယ် ရွာငံဒေသမှ ထွက်ရှိသည့် မြန်မာ့အာရေးဗီးကားကော်ဖီသည် ကမ္ဘာ့အဆင့်မီ (Special Coffee) အဆင့်တွင် ရရှိခဲ့ပြီး ယခုအခါ ကော်ဖီဈေးနှုန်းသည်လည်း သင့်တင့်သည့်ဈေးနှုန်းများ ရရှိလာသည့်အတွက် မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာပြီး မြန်မာ့ကော်ဖီစိုက်တောင်သူများ၊ လုပ်ငန်းရှင်များလည်း အကျိုးစီးပွားဖြစ်ထွန်းလာမည် ဖြစ်ပါကြောင်း။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

**ကော်ဖီဖိုရမ်အခမ်းအနားတွင် ခင်းကျင်းပြသထားသော ကော်ဖီစေ့၊ ကော်ဖီမှုန့်များအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုလေ့လာစဉ်။**

## ရှားပါးကြယ်လိပ်များ ယခုနှစ်ကုန်တွင် ကောင်ရေ ၃၀၀၀ ခန့် ထပ်မံပေါက်ဖွားလာမည်ဖြစ်၍ မျိုးသုဉ်းအန္တရာယ်မှ သက်သာတော့မည်

**ရန်ကုန် မေ ၂၃**

မြန်မာတစ်နိုင်ငံတည်းတွင်သာရှိသော ရှားပါးကြယ်လိပ်များမှာ ယခုနှစ်ကုန်ပိုင်းတွင် အကောင်ရေ ၃၀၀၀ ခန့် ထပ်မံပေါက်ဖွားလာမည်ဖြစ်သော်လည်း မျိုးသုဉ်းပျောက်ကွယ်တော့မည့် ဘေးအန္တရာယ်မှ အနည်းငယ်သက်သာစပြုလာကြောင်း လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့ ဒါရိုက်တာ ဒေါက်တာကလျာက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် နာနတ်တောလမ်းရှိ သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစိုးရ)ရုံးချုပ်၌ မေ ၂၃ ရက်က ကျင်းပသော ကမ္ဘာ့လိပ်ထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့ (TSA) ဒါရိုက်တာ ဒေါက်တာကလျာက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

"ကြယ်လိပ်က အခုအကောင်ရေတစ်သောင်းလောက်ရှိပြီး ဘေးမဲ့တောတွေမှာ မွေးမြူထားတာပါ။ မြန်မာ့ကြယ်လိပ်က အခုနှစ်ထဲမှာကိုပဲ အကောင်ရေ ၃၀၀၀ လောက် ထပ်ပေါက်မယ်လို့ မျှော်မှန်းထားတယ်။ ဒီအရေအတွက်က မျိုးသုဉ်းမယ့်အန္တရာယ်က သက်သာစပြုလာပြီလို့ ပြောလို့ရပါတယ်။ ကျွန်မတို့ကလာမယ့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့**





# 1 ကျပ် ရင်းလျှင် 3 ကျပ် ရနိုင်မည့်အခွင့်အရေး

LaVilla NGWE SAUNG PHASE-II

## WEEKEND HOME @ ငွေဆောင်

ငွေပိုသူများ ရင်းနှီးမြှုပ်နှံရန်

လုပ်ငန်းရှင်များ အနားယူရန်

ချစ်သူများ အပန်းဖြေရန်

SEA VIEW လုံးချင်းအိမ်ယာမြေ

(၃၀၀) သိန်းခန့် ပေးရုံဖြင့်

APRIL - 2018 နေထိုင်ခွင့်ရမည်။

27,28- May- 2017
9:00 am to 9:00pm
Meliá Yangon Hotel
iGREEN မှရောင်းမည်။



